www.burmeseclassic.com

ဉာဏ်ဝင်းစာပေ

# ဆုလေးနွယ်



BURMESE CLASSIC

# အနီရောင်ရင်ခွင်

(အချစ်လုံးချင်းဝတ္ထုရှည်)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် ...... ၅၀၀၇၆ ၂၀၇၁၀

မျက်နှာဖုံးခွင့်ပြုချက် ... ၅၀၁၃၄၄၁ ၂၁၀

ထုတ်ဝေခြင်း - ပထမအကြိမ်

၂၀၁၁ ဖေဖဝါရီလ

အုပ်ရေ - ၁၀၀၀-အုပ်

တန်ဖိုး - သုံးဆယ်ကျပ်တိတိ

မျက်နှာဖုံးပန်းချီ - ယုဝ

**စီစဉ်သူ** -ဒေါ်ဌွေးဌွေးမော်

၇၉၅ · ၇၃

ဆုလေးနွယ်

အနီရောင်ရင်ခွင် / ဆုလေးနွယ် ။ - ရန်ကုန်

ဉာဏ်ဝင်း စာပေ ၂၀၁၁။

၂၂၄ - စာ ၊ ၁၂· ၅ X ၁၇· ၅ စင်တီ။

(၁) အနီရောင်ရင်ခွင်

ဒေါ်ဌွေးဌွေးမော်၊ ဉာဏ်ဝင်းစာပေတိုက် (၆၉၂)

အမှတ်၇(က)၊ သုခဝတီလမ်း

ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဦးအောင်ထက် (၀၈၀၀၃)

အောင်ပါရမီ ပုံနှိပ်တိုက်

အမှတ်(၁၂၇)၊ ၅၂ လမ်း၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးရိုက်**

ဦးမြသိန်း၊ သိန်းမြင့်ဝင်းပုံနှိပ်တိုက်

အမှတ်(၉၆)၊ ၁၁လမ်း၊ ရန်ကုန်မြို့။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှိခိုးဂါထာတို့ စိတ်ထဲက ရွတ်ဆိုရင်း လက်မှာ ဝတ်ထားတဲ့ ရွှေရောင်နာရီ အဝိုင်းလေးကိုလည်း မြှောက်ကြည့်၊ အင်ဖက်က ပတ်စ်ပို့ပြဖို့ ကုတ်အင်္ကျီအိတ်ထဲ လက်နှိုက်စမ်းရင်း ပျာယီးပျာယာ လျှောက်လာသော ယွန်းအုပ်နီဟာ သူ့လိုပဲ ခပ်လောလော ခပ်ပျာပျာ လူတစ်ယောက်နဲ့ ရှုတ်တရက် ဝင်တိုက်မိသည်။

"အို ..."

"ဟိုက် ... ဆောရီး"

နေလှိုင်းရုံခက အားတုံ့အားနာနှင့် ဆောရီးဟု ကမန်း ကတန်း တောင်းပန်လိုက်သည်။

ညာဏ်ဝင်းစာပေ

www.burmeseclassic.com



နူးညံ့နွေးထွေးသောအထိအတွေ့လေးကြောင့် သူပစ်ဝင်တွန်းတိုက်မိသူဟာ မိန်းကလေးပဲဆိုတာ သိလိုက်မိတာနှင့် တစ်ပြိုင်နက် ပခုံးကလေးကို ယောင်၍ ဆုပ်ကိုင်ဖေးမ ထိန်းလိုက်မိပြီးမှ ထိုလက်ဝါးကို ကမန်းကတန်းပြန်ဖြန့်၍ အားနာပြုံးနှင့် ဆိုလိုက်သည်။

ယွန်းအုပ်နီသည် သူမရှေ့က လူကို မော့ကြည့်မိသည်။ ပထမဦးဆုံး သတိပြုမိတာကတော့ အရပ်အတော် မြင့်တဲ့ လူတစ်ယောက်ဖြစ်တယ် ဆိုတာပဲ။

ယွန်းအုပ်ထက် ခေါင်းတစ်လုံးစာလောက် ပိုမြင့်နေသည်။

သိုးမွေးဦးထုပ်နက်ပြာကို နဖူးပေါ်ထိ ဆွဲချအုပ်ထားပြီး ရေဘင်မျက်မှန်အပြာကို တပ်ဆင်ထားသဖြင့် သူ့မျက်နှာက အတော်လေးဆွဲဆောင်မှုရှိသည်။

ဝတ်ထားတာက အတွင်းမှ တီရှပ်အဖြူ၊ အပေါ်က ဂျင်းဂျက်ကက်နက်ပြာ၊ စတိုင်ဘောင်းဘီက ဆင်စွယ်ရောင် အိုးပွပွ၊ ဘွတ်ရှူးက အဖြူ ...။

စတိုင်လ်ကတော့ မိုက်သည်။ လူကလည်း သန့်သည်။ ဒီဇိုင်းကလည်း လန်းသည်။

သို့သော် ... သူမကို ဘလိုင်းကြီး ဝင်တိုက်ပစ်တာတော့ လွန်သည်။





ပြီးတော့ သူမပခုံးကို ဖျတ်ခနဲ ဆုပ်ကိုင်ပစ်လိုက်တာ တလည်း တဆိတ်ရဲတင်းလွန်းသည်။

"နာသွားလား မသိဘူး"

ဘုကြည့် ကြည့်နေတဲ့ မိန်းကလေးကို ရခဲက ထပ်မေးလိုက်သည်။

လေဆိပ်အဆောက်အအုံထဲမှာ လူတွေလည်း ရှုပ်ယှက်ခတ်နေတာမို့ တောင်းပန်စရာရှိတာ မြန်မြန်တောင်းပန်ပြီး ... ပတ်စ်ပို့ ပြစရာရှိသေးသည်မဟုတ်လား။

ပြီးလျှင် လေယာဉ်ပေါ် တက်ဖို့ တန်းစီရဦးမှာ။

အချိန်က ကြာကြာမရ။

ယွန်းအုပ်နီက မျက်စောင်းလေးရွယ်ပြီးမှ ...

"မနာပါဘူး"

"ဆိုးဆောရီး"

"ဟွန်း ..."

စိတ်မရှည်သလိုလေး အသံပြုပြီးမှ သူမက ဘောက်ဆတ်ဘောက်ဆတ် ဆက်လျှောက်သွားသည်။

ပန်းနုရောင် စတိုင်လ်ပင်န်အကျပ်နှင့် ပန်းနုရောင်အကျႌလက်ရှည်လေးနှင့် အချိုးတကျ လှပလွန်းသော သူမရဲ့ နောက်ပိုင်းလေးကို ရခဲ အမှတ်တမဲ့ သမင်လည်ပြန်ကြည့်လိုက်မိသေးသည်။

www.burmeseclassic.com



အင်း ... မာနကြီးမယ့်ပုံလေးပဲ ... ။

သူ တိတ်တဆိတ် မှတ်ချက်ချမိသည်။

နှုတ်ခမ်းဖောင်းဖောင်းလေးကို စူထော်ကာ သူ့ကို စူးစူး စိုက်စိုက် ကြည့်သွားပုံလေးက မခိုးမခန့်ပုံစံလေး မဟုတ်လား။

သို့သော် သိပ်ကြာကြာ မတွေးအား ... လုပ်စရာရှိတာ ဆက်လုပ်ရဦးမည်။

Custom မှာ အစစ်ခံရတဲ့အချိန်မှာ သူမနှင့် နီးနီးတပ်ကပ် ဆုံပြန်သည်။

သူမကြည့်ရတာလည်း တစ်ယောက်တည်း လေယာဉ် စီးမယ့်ပုံပဲ။ ရဲခလည်း ဒီမှာ နှစ်ပတ်လောက်ကြာသွားတာနှင့်ပင် ရန်ကုန်ပြန်ချင်လှပြီ။

သူမရော ဒီကို ဘာကိစ္စနှင့်လာပါလိမ့် ... ။

ကျောင်းလာတက်တာလား ... ။

ရှော်ပင်ထွက်ဖို့ အလည်သက်သက်ပဲလား။

သူမတစ်ယောက်တည်း ချိန်တွယ်လိုက်တဲ့ သေတ္တာတွေက မနည်းမနောပင် ... ။

မိန်းကလေးဆိုတော့လည်း ဝယ်ချင်၊ သယ်ချင်တာတွေ များမှာပေါ့လေ ... ။

ယွန်းအုပ် ဆတ်ခနဲ လှည့်ကြည့်လျှင် နေလှိုင်းရဲခက သူ့ မကြည့်သလိုလို ဖျတ်ခနဲ အကြည့်လွှဲလိုက်သည်။





သူ့အမူအရာကြောင့် ယွန်းအုပ်မှာ အသည်းယားမိသည်။

ဘာဖြစ်လဲ ... ကြည့်ချင်လည်း ကြည့်ပေါ့။

ဟွန်း ... ပုံစံကိုက ခိုးကြောင်ခိုးဝှက်နဲ့ ... ဟန်ဆောင် ဝန်ဆောင် ပဲများချင်တဲ့ရုပ်ကြီး ... ။

ခိုးဝှက် ငေးမောအငိုက်မိသွားတဲ့မျက်လုံးတွေကို မြင်လိုက် ရတဲ့ ယွန်းအုပ်နီက ရင်ထဲ တစ်နည်းတစ်ဖုံ ကျေနပ်မိသည်။

တွေ့လား ... ယွန်းအုပ်နီကိုမြင်တဲ့ ယောကျ်ားလေးတိုင်း တငေးတမော အံ့သြငြိမ်သက်ကုန်တာချည်းပဲ ... ။

ယွန်းအုပ် ယောကျ်ားမယူသေးတာဟာ စိတ်ဝင်စားမယ့်သူ မရှိလို့ မဟုတ်ဘူး ... ။

မြင်လိုက်ရင် စိတ်ဝင်စားလွန်းလို့တောင် ခက်နေတာ ...။

ရဲခက သူမဘက် ထပ်မကြည့်မိအောင် သတိထားသည်။

တော်ကြာ ကောင်မလေး တစ်မျိုးတစ်မည် ထင်မှာလည်း စိုးလို့ပါ ... ။

သူဟာ သူ့ဘာသာ ယောကျ်ားသိက္ခာအပြည့်နဲ့ ခပ်တည် တည် နေချင်တဲ့သူ ... ။ မိန်းကလေးမြင်တိုင်း အငမ်းထူတဲ့သူ မဟုတ်။ ထို့ကြောင့် အထင်သေးလည်း မခံချင်ပေ ... ။

ဒါပေမဲ့ သူ့အလုပ်ကိုက မိန်းကလေးတစ်ယောက်ရဲ့ အလှအပ အချိုးအဆစ် ပုံသဏ္ဍာန်ကို စူးစူးရှရှအမြင် ရှိမှ ဖြစ်တာလေ ... ။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တာနှင့် ဘယ်အဝတ်အစားကို ဘယ်လိုပုံ ဖက်ရှင်ထုတ်ပေးလိုက်ရင် ဘယ်လောက်အထိ ရှုပါပွင့်သွားမယ် ဆိုတာ တန်းမြင်နေသည်။

ဒါကြောင့်လည်း ဆံပင်ပုံစံရော ... မျက်နှာပေါက်ကျ လေးရော ဘော်ဒီအချိုးအစားလေးပါ ပြေပြစ်လှပလွန်းတဲ့ သူမကို ရဲခ သတိထားကြည့်မိတာပါ။

ဒီလောက် ပြည့်စုံအောင် ပင်ကိုရှိနေဖို့ဆိုတာ မိန်းကလေး တစ်သိန်းမှာပင် တစ်ယောက်မရှိနိုင်။

နဂိုနေ ဟန်ပန်လေးကိုတ အကျိုးပေး ကောင်းလှတဲ့ သူကလေးမို့ ရဲခ ငေးမိတာ ဝန်ခံပါသည်။

ကြော့ကြော့ရှင်းရှင်း ဝင်းဝင်းပပနှင့် အရောင်လင်း အဆင်းရှိသူလေး ... ပြီးတော့ မျက်ဝန်းကလေးမှာ သူ့ကိုယ် ယုံကြည်မှုလေး ရှိနေသေးသည်။

ရဲခ နှစ်သက်တာ ဒီလိုပုံစံလေးပါပဲ ... ။

သတ္တိရှိရှိ၊ ဝံ့ဝံ့စားစား ရုပ်ကလေး ... ။

သူမ ဟိုဘက်လှည့်သွားလျှင် ရဲခမျက်လုံးက အလို သူမဆီ ရောက်သွားမိပြန်သည်။

သူမက ဖျတ်ခနဲလှည့်၍ အကြည့်သူခိုးဖမ်းသည်။

ရဲခက မိသွားတာကို မဖြုံပါ ...၊ ဘယ်လိုမှလည်း မရှော





ဒါပေမဲ့ သူမရဲ့ မိပြီဆိုသောပုံစံလေးကို ရယ်ချင်မိကာ နှုတ်ခမ်းတွေက ပြုံးလာရသည်။

သူတို့နှစ်ယောက်မှာ အသံတိတ်တိုက်ပွဲတစ်ခု ဖြစ်နေပြီ။ ကြည့်မိတော့ရော ဘာဖြစ်သေးလဲ ... ။

ချောတာ လှတာလေးမြင်ရင် ကြည့်ချင်မိတာ သဘာဝ ပဲကွ ... ။

မင်း ... ဒါကို အပြစ်မတင်နဲ့လေ ... ။

သူမက အမျိုးသမီးဝဝကြီးတစ်ယောက်နဲ့ အကာအကွယ် ယူကာ ရပ်လိုက်သည်။

ဒီလို ပုန်းရင် ပိုကြည့်ချင်တဲ့ ရဲခက ဒီဘက် နည်းနည်း ထပ်ရွှေ့တိုးပြီး မြင်အောင်ကြည့်သည်။

ယွန်းအုပ်နီက သူ့ဆီကနေ မမြင်ရလောက်ပါဘူး၊ ဟို မိန်းမ ကြီးနဲ့ မြင်ကွင်းကွယ်နေပြီဟု ယူဆကာ ခပ်အေးအေး ... ၊

ဆံပင်လေးတွေ သပ်တင် ... အင်္ကျီအနားလေးဆွဲချရင်း မသိမသာ ပြုပြင်မိသည်။ ပြီးမှ စိတ်ထဲမလုံခြုံသလို ခံစားမိတာမို့ သူ့ဘက်ကို အသာပြန်ကြည့်ရာ သူမ အံ့သြ၍ မျက်ခုံးလေး ပင့်သွားရသည်။

ဒီဘက်နားဆီလာရပ်ပြီး မိန့်မိန့်ကြီး လက်ပိုက်ပြုံးကြည့် နေပုံကြောင့် ယွန်းအုပ်နီ ရှက်သွေး ဖျန်းခနဲကြွ မှင်ဖိုသွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း ... သူဟာ လူလည် ... ။

မျက်နှာက ပြုံးစစနဲ့ ... သူမကိုပင် ကျီစယ်လိုတဲ့ဟန်မူယာ ဖြစ်နေသည်။

ယွန်းအုပ်က နှုတ်ခမ်းလေး စူထော်ကာ ... မျက်စောင်း ရွယ်ပစ်လိုက်သည်။

ယွန်းအုပ် မသိမသာပုန်းကွယ်နေတာကို သူက ရအောင် ဒီဘက်တိုးပြီး ပြန်ကြည့်တယ်ပေါ့လေ ... ။

ရှင်တော့ သိမယ် ... ။

ကြိမ်းသာကြိမ်းဝါးမိသော်လည်း သူ့ကို ဘယ်လိုအပြစ်လေး တုံ့ပြန်ရမလဲ မသိသေးပါ။

သူမတို့ဟာ မျှားမကြာမီ လေယာဉ်ကြီး စီးနင်း၍ မြန်မာ ပြည်သို့ ထွက်ခွာရတော့မှာ မဟုတ်လား။

ရဲခက သူမရဲ့ မျက်စောင်းရွယ်ပုံလေးကို သဘောကျနေ မိသည်။

ကိုယ့်အာသာ တည်ငြိမ်နေပြီဟု ယူဆထားသော်လည်း တစ်ခါတစ်ရံတော့ ရင်ထဲ လှုပ်ရှားစရာလေး ပေါ်ပေါက်မိသေး တာပဲကိုး ... ။

သူ့ဘဝကို အလုပ်ထဲမှာပဲ စိတ်နှစ်မြှုပ်နှံထားခဲ့တာကြာပြီ ဟု ဆိုရမည် ... ။





နှလုံးသားမှာ ဒီလိုကြည်နူးမှုမျိုး မရိုက်ခတ်တာလည်း ကြာပါပြီ ... ။

သူမဟာ ရဲခကို အမှတ်တမဲ့မှာ ကြည်နူးလန်းဆန်းမှုတွေ ပေးနိုင်သည်။

ဘာရယ်ဟု အမည်မတပ်နိုင်သော ရင်ထဲက လှုပ်ခတ်မှုကို သူကိုယ်တိုင်လည်း အံ့ဩမိသည်။

ခရီးသွားဟန်လွှဲ ကြုံတုန်း ဆုံခိုက်လေးမှာ အမှတ်မထင် ဖြစ်ပေါ်တဲ့ သာယာမှုလေးတစ်ခုဟု သဘောထား မေ့ပစ်လိုက်ရ မှာပင် နှမြောမိသေးသည်။

နောက်ဆို ဒီလေဆိပ်ကိုရောက်တိုင်း သူမကိုများ သတိ ရမိမှာလား ... ။

ရဲခ သူ့ကိုယ်သူပင် ပြုံးမိသည်။

ကိုယ်ဟာ စိတ်ကူးယဉ်တတ်သူတစ်ယောက်တော့ မဟုတ် ပါဘူး။

ဒါပေမဲ့ ... မင်းက ထူးခြားတာတော့ အမှန်ပါပဲ ... ။

ရဲခနှင့် သူမဟာ လေယာဉ်တစ်စီးတည်း အတူစီးရရုံ မကဘဲ ထိုင်ခုံချင်းပါ ကပ်လျက်သား ကြုံရသေးသည်။

သို့သော် သူမက ဟန်ပန်တစ်ခွဲသားနှင့် သူ့ကိုစကားမဆို၊ မိတ်လည်းမဖွဲ့ ... ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ရံခကလည်း သူမကို အနှောင့်အယှက်မပေးဘဲ ငြိမ်ငြိမ်လေးသာ စာစောင်ဖတ်ရင်း လိုက်ပါလာခဲ့သည်။

သူမကို မသိမသာ စောင်းငဲ့ကြည့်တော့ မျက်စိမှိတ်ကာ သမ္မုဒ္ဒေ ရွတ်နေပုံရ၏။

တကယ်တော့ ယွန်းအုပ်နီဟာ လေယာဉ်ဘယ်နှကြိမ်ပဲ စီးစီး၊ စီးတဲ့အခါတိုင်း ကြောက်နေတတ်သူ ဖြစ်သည်။

❧⓪❧



"ဒီမှာကြည့်စမ်း ... မင်းလ၊ နင်ကြိုက်တဲ့ [OAKIEY] မျက်မှန် ... တွေ့လား ..."

"ဟာ ... မိုက်တာယ်"

မင်းလရောင်က ဝမ်းသာအားရ ပြေးလာကာ လက်ထဲက မျက်မှန်ကို ဖျတ်ခနဲ ဆွဲယူပြီး တပ်ကြည့်သည်။ အလူမီနီယံ မှန်ချပ်ရှေ့မှာ ပြေးရပ်ကာ စတိုင်လ်လုပ်ကြည့်ရင်း ကျေနပ်သဘောကျသွားတဲ့ အမူအရာကို မဖုံးဖိနိုင် ... ။

"ငါ့မမက ဒါတွေတော်တာပဲကွာ၊ ဟား ... ဟား ..."

ယွန်းအုပ်နီသည် အန်တီဇင်ကြိုက်တာ၊ မင်းလရောင် ကြိုက်တတ်တာတွေ အရမ်းသိတတ်သည်။

လှတာလေးတွေ ဝယ်လည်း ဝယ်တတ်သည်။

ယွန်းအုပ်ဝယ်လာတဲ့ ခါးပတ်တွေ၊ ဘောင်းဘီတွေ၊ ဘွတ်ဖိနပ်ရှူးတွေ အားလုံး မင်းလ သဘောမကျတာမရှိ။ လက်ဆောင်တွေက များမှများ ... ။



www.burmeseclassic.com

www.burmeseclassic.com



"နင့်မေစုးကတော့ ဘာကြိုက်မှန်း ငါမသိလို့ ရေမွှေးနဲ့ အလှပြင်ပစ္စည်းဆက်တွေပဲ ဝယ်လာခဲ့တယ် ..."

"သင့်ခ်ယူပါဗျာ ..."

"အောင်မယ် ... ရည်းစားအတွက် မျက်နှာလုပ်လို့ရတော့ လာပြီး ကျေးဇူးတင်နေတယ် ..."

"ရည်းစားအဆင့်ကနေ တက်တော့မှာ၊ ကျွန်တော်တို့ အင်ဂေ့ချ်လုပ်လိုက်ပြီလေဗျာ ... မမယွန်းကလဲ"

"ငါပြန်လာတာတောင်မှ မစောင့်ဘူး ..."

ယွန်းအုပ်က အလိုမကျစွာ ရေရွတ်မိသည်။

ပြီးခဲ့တဲ့ ဆယ်ရက်ကျော်က စေ့စပ်ပွဲလုပ်မယ် ဆိုတာ ကြိုတင်ပြီး အီးမေးလ်ပို့ပေမယ့် သူမက အချိန်မီမှ ပြန်မရောက်နိုင်ခဲ့တာပဲလေ ...။

အမေတစ်ခုသားတစ်ခုဖြစ်တဲ့ မင်းလရောင်ဟာ သူ့အမေ အန်တီဇင်နဲ့ ဟိုဘက်က မိဘနှစ်ပါး၊ မိသားစုတွေ လူကြီးတွေ ရှေ့မှောက်မှာ အသိအမှတ်ပြုခံယူတဲ့သဘောလောက် ကျင်းပ လိုက်ရတဲ့ပွဲမှာ ယွန်းအုပ်နီမပါ၍ စိတ်ကောက် အပြစ်တင်ချင် သေးတာ ...။

သူက ဒီအစ်မဝမ်းကွဲကို အရင်းအချာလို သဘောထား ချစ်ပါသည်။ သို့သော် ရည်းစားရတော့လည်း အစ်မအပေါ် အချစ်ပေါ့သွားသည်ဟု ယွန်းအုပ်ထင်သည်။





"အင်းလေ ... နင့်မင်္ဂလာဆောင်မီအောင် ရောက်လာနိုင်တာကိုပဲ ကျေနပ်ရမှာပေါ့ ..."

"မမယွန်းလည်း လှလှလေးချုပ်ထား၊ ကြိုတင်ပြင်ဆင်ထားနော်၊ ဒါမှ ကျွန်တော့်ပွဲပြီးတာနဲ့ မမပွဲ ဝင်လို့ရမှာ ...၊ ဒီတစ်ခါတော့ အစ်မကို အစွံထုတ်မှဖြစ်တော့မယ် ... ဟား ဟား ..."

"ဟင် ... ကောင်လေးနော် ... ငါ ခေါက်လိုက်ရ ..."

ယွန်းအုပ်က မင်းလခေါင်းကိုခေါက်ဖို့ လက်ရွယ်လိုက်ရာ ဟိုက အသာရှောင်ပြေး၏။

"နင့်အစ်မကို မစွံဘူးများ ထင်နေလို့လား ..."

"တွမ်တီဖိုက်ကျော်ရင် အပျိုကြီးစာရင်းဝင်ပြီလေဗျာ ..."

"အဲဒါ ဘာဖြစ်လဲ"

"ကျွန်တော်ဆို နှစ်ဆယ့်သုံးတောင် မပြည့်သေးဘူး။ ဟဲ ... ဟဲ ..."

သူနဲ့ မေစုးက ရွယ်တူ ...။

ကျောင်းတက်ကတည်းက တွဲခဲ့ ချစ်ခဲ့ကြပြီး၊ အခုတော့ လက်ထပ်ဖို့ပင် စီစဉ်ထားခဲ့ပြီ မဟုတ်လား ...။

မင်းလ ကြွားမယ်ဆိုလည်း ကြွားစရာပဲ ...။

မေစုးဟာလည်း သူ့လိုပဲ တစ်ဦးတည်းသောသမီး ဖြစ်တဲ့ အပြင် ရုပ်ကလေးက မှုန်နေအောင် ချောသည်။ မိဘတွေ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ပြည့်စုံချမ်းသာသည်။ လိုက်ဖက်ညီတဲ့သူ ရွေးနိုင်တယ် ဆိုပြီး မင်းလက အိမ်မှာခပ်ကြွားကြွား လက်မ,ထောင်နိုင်သလို သူ့သူငယ်ချင်းတွေကြားထဲမှာလည်း မျက်နှာပွင့် အားကျခံရသူ။

သို့သော် သူ့အစ်မ ယွန်းအုပ်နီက ခုထိ ချစ်သူမရှိသေးတာက သူ အောက်တဲ့အချက်ပဲပေါ့ ...။

"နှစ်ဆယ့်သုံး မပြည့်သေးရင် ပြည့်အောင် စောင့်ပေါ့ ကောင်စုတ်လေးရဲ့ ...၊ မိန်းမယူတာ ဒီလောက် အဆောတလျင် ယူစရာလား ...၊ နင့်မားသားကို လုပ်ကျွေးပြုစုပါဦးလား။ တကုတ် ..."

"မာမီတောင် ဒီလိုမပြောပါဘူး ..."

"အေး ... ငါကတော့ ပြောတယ် ...၊ ဘာဖြစ်လဲ၊ နင်က အငယ်ဖြစ်ပြီး ငါ့ကိုကျော်တက်တော့ အလကားနေရင်း ငါ သိက္ခာကျတယ်၊ မသကာ သုံးဆယ်လောက်မှယူလဲ နောက်မကျပါဘူးဟယ် ... မဟုတ်ဘူးလား ..."

"ငါ့အစ်မတော့ နေရင်းထိုင်ရင်း ဂျေကိုက်နေပြီ ..."

"ဘာပြောတယ်"

"အင်းလေ ... မနာလိုဖြစ်မယ်ဆိုလဲ ဖြစ်စရာပေါ့ ...။ မမမှာက ခုထက်ထိ မူးလို့ရှူစရာမှမရှိဘဲ ..."

မင်းလက ယွန်းအုပ် မခံချင်အောင် စ,လိုက်သည်။





အမြဲတမ်း ခလုတ်တိုက်နေ ... အစခံ နေရတာတောင် အဲဒီ မမယွန်းက မတုန်မလှုပ် ခပ်တည်တည်ပါပဲ ...။

"နင်တို့ယောက်ျားလေးတွေက တော်တော်ရှုချင်စရာကောင်းတာကိုး ... ဟွန်း ..."

"အဲဒါ မမရှုမကြည့်သေးလို့ပါ ..."

"ဟင် ... ဒါ အစ်မကို နောက်ရပြောင်ရမယ့် စကားလား။ ကြည့်စမ်း ..."

ယွန်းအုပ်က မင်းလလက်မောင်းကို တဖတ်ဖတ်မြည်အောင် ပြေးရိုက်လိုက်သည်။

သူတို့မောင်နှမသည် တွေ့တဲ့အခါ ... စကားနိုင်လုရငြင်းခုန်ရ။ တစ်ယောက်ကို တစ်ယောက် ချိုးဖဲ့ကတ်သတ်ပြောရနှင့် တစ်ခါမှ တည့်အောင်ပေါင်းတယ်လို့မရှိ။

အဲ ... တစ်နေရာစီ ဝေးနေကြပြီဆိုရင်တော့ တစ်ယောက်ကို တစ်ယောက် သတိရကြ၊ အိီးမေးလ် ပို့ကြနှင့် အလွမ်းသယ်တတ်ကြသည်။

မျက်နှာချင်းဆိုင်ရပြီ ဆိုရင်တော့ ... ဒီလိုပဲ ဆယ်ခွန်းမပြည့်ခင် တဖုန်းဖုန်းတဖတ်ဖတ် ရိုက်ကြ၊ လုံးထွေးရှုပ်ယှက်ခတ်ကြနှင့် ဆူညံပြောင်းဆန်ကုန်တာပါပဲ ...။

"ဟဲ့ ... ဟဲ့ ... ဒါက ဘယ်လိုဖြစ်နေကြတာတုံး ..."



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်လှေကားမှ ဆင်းလာသော အန်တီဇင်က ဧည့်ခန်းမှာ လှည့်ပတ်ပြေးနေကြသော မောင်နှမကို မြင်လျှင် လှမ်းဟန့်လိုက်သည်။

"ငြိမ်ငြိမ်နေကြစမ်းပါဟဲ့၊ ကလေးတွေလည်း မဟုတ်ဘူး၊ မျက်စိကို နောက်နေတာပဲ ..."

"သူက သားကို တကယ်ထုတာ မာမီရ ..."

"နင် ဘာလို့ ငါ့ကိုပြောလဲ ..."

"ဘာပြောလို့လဲ ... မစွံဘူးလို့ပဲ ..."

"ကဲ ... တော်ကြစမ်းပါဆိုတာ ..."

မာမီက မမယွန်းလက်ကိုဆွဲခေါ်ကာ လယ်သာဆက်တီမှာ ထိုင်စေသည်။

ခုထိ ကလေးဆန်ဆန် ပျော်ပျော်ပါးပါးနေတတ်ဆဲ ဒီတူမလေးကို၊ ဒီတစ်ခေါက်တော့ ဖြစ်တဲ့နည်းနဲ့ နားချဖျောင်းဖျဖို့ ကြိုတင်စဉ်းစားထားပြီးသား ...။

အသိမိတ်ဆွေထဲက တောင်းရမ်းထားတာ ...၊ စကားကမ်းလှမ်းထားတာတွေလည်း အများကြီးပါ။ စပ်ကြ၊ မြန်းကြပေါ့ ... ။

မျက်စိထဲ တွေ့ထားတာလေးတွေလည်း ရှိသည်။

ဒေါ်ဇင်မိုးနွယ်သည် ယွန်းအုပ်နီကို သမီးလေးလိုပဲ ချစ်ခဲ့သည်။ ယွန်းအုပ်နီဟာ သူ့လက်ပေါ်ပဲ ကြီးပြင်းလာခဲ့တာပါ။





မိခင်ဖြစ်သူ ဆုံးပါးသွားခဲ့ပြီးနောက်ပိုင်း ယွန်းအုပ်ဒက်ဒီဟာ နောက်အိမ်ထောင်သစ်နှင့် ဩစတြေးလျမှာပဲ အခြေချနေထိုင်ကာ ဒီကို တစ်ခါတစ်ခေါက်ပင် ပြန်မလာတော့ပါ ...။

ယွန်းအုပ်နီနှင့်ပတ်သက်၍ အစစအရာရာ ဇင့်ဇင့်ဆီပဲ အပ်နှံထားတာ ...။

ဒီတော့ ... ယွန်းအုပ်လေးနဲ့ပတ်သက်ပြီး သူမမှာ မိခင်တစ်ယောက်လို တာဝန်ရှိသည်။

သမီးကညာ အခါမလွန်စေဖို့ရာ သူ့ခေါင်းထဲ တချက်ချက် အသံပေးနေခဲ့ပြီ ...။

"ယွန်းအုပ် ... သမီး ဘယ်နေရာတွေ သွားလည်စရာ ရှိသေးလဲ၊ အန်တီဇင် တစ်ပတ်ပဲ အချိန်ပေးနိုင်မယ် နော် ...၊ သူငယ်ချင်းတွေနဲ့ ဂဲသားရင်းကိစ္စတွေ မြန်မြန်ဖြတ် ...၊ ပြီးရင် သမီးဘဝရှေ့ရေးအတွက် အရေးကြီးတဲ့ ဆုံးဖြတ်ချက်ကို ချရတော့မယ် ..."

"အဟင်း ... ဟင်း ... ဟင်း ..."

"ဟဲ့ ... ငါ ရယ်စရာ ပြောတာမဟုတ်ဘူးနော် ..."

ယွန်းအုပ်က အန်တီဇင်ပခုံးဖက် မှီချကာ ခါးကို ခပ်တင်းတင်း သိမ်းကျုံးဖက်ရင်း ထိုစကားစ,တာနှင့် ရယ်မော နောက်ပြောင်ပစ်တာချည်းပါ ...။



www.burmeseclassic.com

www.burmeseclassic.com



အခုလဲ လူတစ်ကိုယ်လုံး ပစ်ခွေလဲမှီပြီး ချဲလိုက်တာ။

"တီဇင်လေးကကွာ ... သမီးရောက်တာနဲ့ ဒါပဲ ..."

"ဩော် ... ပြောစရာရှိတာ ပြောရမှာပေါ့ ..."

"ယွန်းသိပြီးသားတွေ ဥစ္စာ ..."

"အဲလိုအသိလွန်ပြီး အသက်အစိတ်ထဲ ရောက်လာပြီလေ"

"ဘဝရဲ့အဓိပ္ပာယ်ဆိုတာ အိမ်ထောင်ပြုမှပဲ ရှိမှာလား။ အိမ်ထောင်ပြုမိမှ ဘဝပျက်ပြီး စိတ်ဆင်းရဲသွားရတဲ့သူတွေလဲ အများကြီးရှိတာပဲ ..."

"ငါ့ကို ဆင်ခြေတွေမပေးနဲ့တော့ ယွန်းအုပ်နီ ...၊ ဒီတစ်ခါ မရတော့ဘူး ..."

"ဟုတ်တယ် မာမီ ...၊ သားလဲ သူ့ကို ဒါပဲပြောနေတာ"

"မင်းလ ... နင် အငယ်ဖြစ်ပြီး ငါ့ကိစ္စတွေ ဝင်မပါစမ်းနဲ့"

မင်းလက မှားပါတယ်ဆိုသော ပုံစံနှင့် ပြောင်စပ်စပ် လုပ်ကာ ဆလွတ်ဖော်ချက်ရိုက်ပြုပြီးလျှင် သူ့အတွက်ပေးထားတဲ့ လက်ဆောင်ပစ္စည်းတွေ မ,ကာ အခန်းတွင်းသို့ ဝင်သွားလေသည်။

"ယွန်းအုပ် ... မင်းလလေးတောင် ဒီနှစ်အကုန် ဒီဇင်ဘာထဲ မင်္ဂလာဆောင်တော့မှာနော်၊ သမီး သိပ်နောက်ကျနေပြီ ... ဒါကို သတိထားမိရဲ့လား ..."

"အို ... ဒါက သူ့ဖူးစာနဲ့သူ အချိန်ကျလာလို့ပါနော်"





"သမီးဖူးစာလဲ အချိန်ကျလာမှ ဖြစ်မှာပေါ့ ..."

"ဟင့်အင်း ... အဲဒါတွေ ယွန်းအုပ်ခေါင်းထဲမထည့်ဘူး"

"အဲလိုမလုပ်ပါနဲ့ သမီးရယ်၊ "ထိမ်းမြားခြင်းလျှင်" ဆိုတဲ့ မီဘဝတ္တရားက အခု အန်တီဇင့်ခေါင်းပေါ်မှာ သိပ်လေးလံနေတယ် ...။"

"ကျွတ် ... တီဇင်က သိပ်အပူရှာတာကိုး ..."

"အခု အန်တီဇင့်ဆီ ကမ်းလှမ်းထားတဲ့ သားရှင်တွေမှ အများကြီးပဲ။ ညည်း ခေါင်းခေါက်ရွေးပစ်စမ်းပါ ယွန်းအုပ်ရယ်၊ ဒီတစ်ခါတော့ ... ငါ စိတ်အေးပါရစေတော့ ..."

"အဲဒါကြောင့် ရန်ကုန်ကို မပြန်ချင်တာ၊ ပြန်လာတာနဲ့ ဒါပဲ၊ ယောက်ျားမယူချင်ပါဘူးဆိုမှ တီဇင်တို့က အရမ်းပရက်ရှာပေးတယ် ..."

"ဒီတစ်ခါ ပရက်ရှာပေးရုံမကဘူးဟေ့ ... ဖြစ်အောင်ကို စီစဉ်မှာ ...၊ ညည်းသာ လက်ခံခေါင်းညိတ်ရင် ဝမ်းတူးသရီးပဲ"

ယွန်းအုပ်က မျက်နှာလေး ရှုံ့လိုက်သည်။

"မင်းလထက်အရင် မင်္ဂလာဆောင်ပေးပစ်လိုက်မယ်"

"အမယ်လေးနော် ..."

ယွန်းအုပ်က ပခုံးကလေး တွန့်ပြလိုက်သည်။

အန်တီဇင့် ဝမ်း တူး သရီးကို ကြောက်လွန်းလို့ ...။



www.burmeseclassic.com

www.burmeseclassic.com



သူက တစ်ခုခုဆို ... တစ်နှစ်သုံးဆိုပြီး အမြန်ဆုံးရိုက်ပ
တတ်တာ၊ လုပ်ချင်ပြီဆို ဘာမှအချိန်မဆွဲ ...။

ဒီအကျင့်ကို သိနေလို့လည်း တတ်နိုင်သမျှ လှည့်ပ
ရှောင်ထွက်ခဲ့တာပဲလေ ...။

စီးပွားရေးနဲ့ဘွဲ့ရပြီးကတည်းက ဒါကိုပဲ တကျိကျိ နား
လာခဲ့တာ ဘယ်လောက်ကြာပြီလဲ ...။

အန့်တီဇင်ဟာ ကိုယ်ပိုင်ကုမ္ပဏီထူထောင်ထားသူဖြစ်သ
ခေတ်အမြင်၊ ခေတ်မျက်စိရှိသူ၊ လက်လှမ်းကျယ်သူ၊ အသို
အဝန်း ကျယ်ပြန့်သူ၊ ထက်ထက်မြက်မြက်နှင့် ဝင်ဆံ့သူလည်
ဖြစ်တာကြောင့် သူ့အနီးဝန်းကျင်မှာ သင့်တော်ရာ ရှာဖွေ
ခဲ့ဦးမယ်ဦးပေါ့။

အန့်တီဇင်ရဲ့အဆက်အစပ် အပတ်အဆက်နှင့် ယွန်းအုပ်
ကို စကားကမ်းလှမ်းတောင်းရမ်းသူ၊ တီးခေါက်သူတို့ မရှားလှ

"ဒီတစ်ခါ အရင်စာရင်းဟောင်းထဲက အဖော်တွေ သွား
လေးယောက်နုတ်ရမှာ ...၊ ကျန်တာ လူလွတ်ရှိသေးတယ
နောက်ထပ်စာရင်းအသစ်မှာကိုပဲ လောလောဆယ် ဆယ့်ခုနှ
ယောက် လျာထားတယ် ...၊ များများထဲကရွေးတော့ အခွ
အရေး ပိုရှိတာပေါ့ ... မဟုတ်ဘူးလား ..."

"လုပ်ပြီ ... အန့်တီဇင်တို့ကတော့ ပရော့ဂျက်ကြီးနဲ့
ကိုင်ထားတာ"





"ညည်းက ချေးထူတဲ့သူလေ ... ငါ ဒီလောက် ရှာထား
မှပဲ တော်ရုံကျမှာပေါ့ ..."

"မမောဘူးလား ... တီတီဇင်ရာ ..."

"မမောပါဘူးအေ ... ကိုယ့်တူမလေး လင်ကောင်း
သားကောင်းရဖို့အရေးပဲ၊ ဒီလောက်တော့ စီရိယစိုက်ထုတ်
ရမှာပေါ့ ..."

"ဒါပဲနော် ... ယွန်းအုပ် အခုမှ ပြန်ရောက်တာ ...၊
ဘယ်သူနဲ့မှ မတွေ့သေးဘူးနော် ... အေးအေးဆေးဆေး
အပန်းဖြေဦးမှာ ..."

"အေးပါတော် ... ညည်းလေး အပန်းတော်ဖြေတာ
တစ်ပတ် ဆယ်ရက် တော်ပြီပေါ့ ..."

"ဟင့်အင်း ... တစ်လ နှစ်လ သုံးလေးလလောက် ..."

"အံမယ် ... မယ် ... မရပါဘူး ..."

"တီဇင်ကလဲကွာ ... လိမ္မာပါတယ်"

"အံမယ်လေးတော် ... သူက ငါ့ကို ပြန်ချော့နေတယ်၊
တဲ ... သွား ... သွား ... သူငယ်ချင်းတွေ ဖုန်းဆက်စရာ
ရှိတာဆက် ... ညည်းရောက်လာတာသိရင် အိမ်မှာ ဝုန်းဒိုင်း
လာကြကြဦးမှာ မဟုတ်လား ..."

"တီဇင် ... ယွန်းအုပ်မွေးနေ့ကျရင် ခြံထဲမှာပဲ ပါတီလေး
တစ်ခု လုပ်မှာနော် ..."



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ... လုပ် ... လုပ်။ အပျိုကြီးဘဝနဲ့ တစ်ယောက်
တည်း ကျင်းပတာ ဒီတစ်နှစ် နောက်ဆုံးပေါ့အေ ...၊ နောက်
တစ်နှစ် မွေးနေ့ကျရင်တော့ ညည်းဘေးမှာ ယောက်ျားဝါ
ပါရမယ် ... ဒါပဲ ..."

"အန်တီဇင်ရယ် ... စိတ်နည်းနည်း လျှော့မှပေါ့ ...
ဟီး ... ဟီး"

ယွန်းအုပ်က အန်တီဇင့်ပါးကို ရွှတ်ခနဲ နမ်းမွှေးကာ
ပြောင်စပ်စပ်လေး နှစ်သိမ့်လိုက်ပါသည်။

~ ၀ ~



နေလှိုင်းရုံခက သူငယ်ချင်းဖြစ်တဲ့ မျိုးကျော်နှင့်အတူ မြို့ထဲက ကော်ဖီဆိုင်လေးတစ်ခုထဲသို့ လှမ်းဝင်လာသည်။

မှန်ချပ်ညိုညိုကြီးများနှင့် မျက်နှာစာလှလှလေး ဖန်တီးထားသလို အေးမြပြီး သားနားနေသော ကော်ဖီဘားနှင့် စနက်ဆိုင်လေးမှာ လူသိပ်မများ ...။

စားပွဲဝိုင်းတချို့မှာ စားသောက်နေသူတွေတော့ ရှိသည်။

ရုံခက စားပွဲဝိုင်းတစ်ခုမှာထိုင်ကာ စာဖတ်ဝါသနာပါသော မျိုးကျော်က ဘောလုံးဂျာနယ်တစ်စောင် လှမ်းဆွဲလိုက်သေးသည်။

ပြီးလျှင် ကော်ဖီနှင့်ဘာဂါမှာပြီး မျိုးကျော်က စာစောင်ကို ဖြန့်ဖတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အခုလာမယ့် စနေနေ့ဆိုရင် ပရိုးမီးယားလိဂ် ဘောလုံးပွဲတွေ ပြန်ခုန်ပေါက်ဝင်လာတော့မှာ ...။ သုံးနှစ်ဆက်တိုက် ဗိုလ်စွဲလာတဲ့ မန်ယူအသင်းကို မျိုးကျော်က ခုကတည်းက အားပေးချင်နေတဲ့ပုံဖြင့် စာစောင်ကို သဲကြီး မဲကြီး ငုံ့ဖတ်နေသည်။

ဒီတော့လည်း ရံခက ကော်ဖီသောက်ရင်း ဟိုငေးဒီငေးပေါ့ ...။

ဟောဗျာ ...။

ငေးမိရင်းနဲ့ သူ တွေ့လိုက်တာက လေဆိပ်မှာ ဝင်တိုက်မိတဲ့ မိန်းကလေးကိုပဲ ဖြစ်သည်။

သူ့နှုတ်ခမ်းတွေ ဖွင့်ဟသွားမိ၏ ...။

ဟိုးဖက် ညာအစွန်ထောင့်ကဝိုင်းမှာ တခြားကောင်မလေးသုံးယောက်နှင့်အတူထိုင်နေတာမို့ သူတို့စားပွဲကနေ မျက်စောင်းထိုး အနေအထားလောက် ကျသည်။ အနည်းငယ်လည်း လှမ်းသည်။

သို့သော် သူမပုံစံကို ရံခ အလွယ်တကူ မှတ်မိပါသည်။

လေးယောက်ထဲမှာ သူမက ထင်းနေအောင် လှသည်။ တီရှပ်အနက်ရောင် လက်တိုလေးက နှစ်ထပ်ပုံစံ ခပ်ဆန်းဆန်း။ ဘောင်းဘီရှည်က အစိမ်းနုနု ...။





သူ ကြည့်နေတုန်းမှာ သူမက လက်ဟန်ခပ်များများနှင့် ဘာတွေပြောပြီး ရယ်နေသလဲမသိပါ။

စကားပြောနေပုံ အမူအရာလေးကပင် အံ့တော်ကြည့်ကောင်းနေသည်။

နားက နားကွင်းဝိုင်းစိုင်းကြီးက လက်ခနဲ လက်ခနဲ။

သူမက စကားပြောရင်း သူမရှေ့က တစ်ဝက်မကျိုးသေးသော ဖန်ခွက်ရှည်ရှည်မျောမျောလေးထဲက ဖျော်ရည်အေးကို ပိုက်တံမှတစ်ဆင့် တစ်ငုံလောက် စုပ်ယူသောက်လိုက်သေးသည်။

ကောင်မလေးဟာ သူ့ဝိုင်းကမိန်းကလေးတွေဆီမှာသာ အာရုံထားပြီး ဘေးဘီဝန်းကျင်ကို ကြည့်လည်းမကြည့်။ မျက်လုံးလည်း မကစားသဖြင့် ရံခ အသည်းယားနေမိသည်။

မျိုးကျော်ကလည်း စာစောင်သာငုံ့ဖတ်နေသဖြင့် ရံခက ကော်ဖီကို ဖိမ်ဆွဲသောက်ရင်း သူမကိုလည်း ဘာရယ် ညာရယ်မဟုတ်ဘဲ စိမ်ပြေနပြေ စူးစိုက်ကြည့်နေမိသည်။

သူမပုံစံလေးက ဆွဲဆောင်မှုရှိတာလည်း အမှန်ပင်။

ကြည့်မိတဲ့သူ တော်တော်နှင့် မျက်လုံးမလွှဲချင်။

လေယာဉ်ပေါ်မှာတုန်းက သူနှင့်ဘေးချင်းကပ် အတူတူစီးနင်းလာခဲ့ပြီး သုံးရက်မြောက်သော ဒီနေ့လယ်ခင်းမှာ အခုလိုလာပြန်ဆုံရတာ ရေစက်တစ်ခုခုတော့ ရှိနိုင်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ဘယ်လိုရေစက်လဲ ...။

သူ့စိတ်ထဲမှာ ထိုကောင်မလေးအပေါ် နှစ်လိုနွေးထွေးခြင်း တစ်မျိုးက အလိုလို ရိုက်ခတ်နေသည်။

သူမရဲ့ပုံစံက မာနကြီးမည်ဟု သူယူဆသော်လည်း အခုလို ပွင့်ပွင့်လင်းလင်း ရယ်မောစကားပြောနေဟန်ကို ကြည့်ရပြန်တော့ အပြစ်ကင်းစင် နူးညံ့နေသလိုပင် ...။

ကြည့်ရတာ ရင်ထဲမှာ ညွှတ်နူးပျော်ဝင်စေသည်။

ရံခါသည် သူမ ကိုယ့်ကို မှတ်မိမလား သိချင်သည်။ ဖြစ်နိုင်လျှင် ခေါ်ပြောနှုတ်ဆက်ချင်မိသည်။

သို့သော် သူဟာ မိန်းကလေးတစ်ဦးအပေါ် စိတ်ဝင်တစား ချဉ်းကပ်မိတ်ဖွဲ့ဖို့လည်း စိတ်ကူးမရှိ ...။

သူ့အပေါ် တစ်မျိုးထင်မှာကိုလည်း မလိုလားချေ ...။

သို့သော် ကြည့်လို့ကောင်းကောင်းနှင့် မျက်စိကိုလည်း မလွှဲနိုင် ...။

ပတ်ဝန်းကျင်ကို မေ့မေ့လျော့လျော့နှင့် အားပါးတရ ရယ်မောနေမိသော ယွန်းအုပ်နီသည် အမှတ်တမဲ့ တစ်နေရာသို့ ဖျတ်ခနဲအကြည့်ရောက်လျှင် ဟိုးခပ်လှမ်းလှမ်းစားပွဲတစ်နေရာ ကနေ သူမဆီ တန်းတန်းမတ်မတ် စူးစိုက်ကြည့်နေသော တစ်စုံ တစ်ယောက်ကို ဖြုန်းခနဲ တွေ့သွားရလေသည်။





ဟင် ...။

ရင်ထဲမှာ လှုပ်ခနဲ နွေးကာ လှုပ်ရှားသွားမိ၏။

ဟိုလူ ... လေဆိပ်မှာ ဆုံခဲ့တဲ့သူ ...။

သူမနှင့် မျက်လုံးချင်းဆုံလျှင် သူက ရှောင်လွှဲမသွားဘဲ နှုတ်ခမ်းစေ့ကာ ပြုံးပြခေါင်းဆတ်သည်။

ယွန်းအုပ်ကလည်း ရယ်လက်စနှင့် နှုတ်ခမ်းလေးဖွင့်ကာ ရယ်ပြလိုက်ပါသည်။

သူက ရှပ်အင်္ကျီ မရမ်းရောင်ဖျော့ဖျော့နှင့် ဂျင်းဘောင်းဘီ ကို ဝတ်ကာ ဒူးချိတ်လျက် ခပ်မတ်မတ် ထိုင်နေသည်။

ဆံပင်ကိုလည်း နောက်ဘက်မှာ စည်းထားပုံ ရသဖြင့် ရှင်းသန့်သော သူ့ပုံစံက ပိုမိုက်နေသည်။

သူ့မျက်ဝန်းတွေက နူးညံ့နွေးထွေးသက်ဝင်နေတာ အဝေး မှပင် ခံစားရသည်။

ယောကျ်ားပီသ ခံ့ညားသော သူ့သဏ္ဍာန်က သူမအာရုံထဲ ကပ်ငြိပါလာသည်။

"ယွန်း ... နင် ခိုးရယ်ပြနေတာ ဘယ်သူလဲ"

ဝတ်ရည်မေးခွန်းကြောင့် ယွန်းအုပ်မျက်နှာလေး တစ်မျိုး ဖြစ်သွားရကာ နီမြန်းချင်သည်။

"သိပါဘူးဟယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရည်စကားကြောင့် စန္ဒာနှင့် ငြိမ်းမွန်က တစ်ပြိုင်နက် လို နောက်ဘက်သို့ လှည့်ကြည့်ကြသည်။

"ခိုးမရယ်ပြပါဘူး၊ လေဆိပ်မှာတုန်းက ဆုံဖူးလို့ပါ ..."

"ရိုးရောရိုးရဲ့လား ..."

"နင်တို့ အဲလိုပေါ်တင်ကြီး သွားမကြည့်နဲ့လေ ..."

ယွန်းအုပ်နီပြောတော့ သူတို့က ပြုံးစိစိနှင့် ...။

"အကြို မရမ်းရောင်နဲ့မို့လား ..."

"ဟုတ်ပါ့ ..."

ဝတ်ရည်က ဖြေတာ ...။

"နင့်ကို ကြည့်နေတယ် ယွန်းအုပ်ရဲ့ ..."

"ရုပ်ကတော့ တော်တော်ဖြောင့်တာပဲ"

သူမရဲ့ အဖော်ကောင်မလေးတွေ သူ့ထံ လှမ်းကြည့်ကြ သဖြင့် ရဲခမျက်နှာက ပြုံးရမလို တည်ရမလို တစ်မျိုးကြီး မနေ တတ် ဖြစ်နေမိတာကြောင့် ခေါင်းမော့လာတဲ့ မျိုးကျော်က ...

"ဟေ့ကောင် ... မင်း ဘယ်တွေ ရှိုးနေတာလဲ ...၊ ငါ့ကိုလည်း ပြဦးလေကွာ ..."

အရေးထဲ သူ့ကို အထင်ကြီးပြန်၏ ...။

လူပျိုကြီးလုပ်ကာ အေးအေးဆေးဆေး နေတတ်သော မျိုးကျော်ဟာ ရဲခကို ကောင်မလေးတွေ ငေးတာမြင်ရင်တော့ ခုလိုပဲ လှုပ်လှုပ်ရွရွ ဖြစ်လာတတ်ပါသည်။





မတုန်မလှုပ်နဲ့ တစ်ချက်လောက်ကြည့်ရုံလေးကြည့်တဲ့ ရဲခကိုဆိုလျှင် မိန်းကလေးတွေက သမင်လည်ပြန် ငေးသလား မမေးနှင့် ...။

ရဲခနှင့်အတူသွားတဲ့နေရာတိုင်းမှာ ကောင်မလေးတွေရဲ့ သတိပြုမှုကို ခံရတာမို့ တစ်ခါတစ်ခါ မျိုးကျော် ဒီကောင့်ကို မနာလို ...။

"မရှိုးပါဘူးကွာ ... မင်းကလဲ၊ ဖတ်စရာရှိတာ ဖတ်စမ်း ပါ ..."

"ငါနဲ့ မိတ်ဆက်ပေး ..."

"အား ... ပြဿနာပဲ ...၊ မင်းဘိုးအေ၊ ငါနဲ့တောင် မသိတဲ့ဟာ ..."

"ဘာမသိတာလဲ၊ မင်းကို ဒီလောက်ကွက်ကြည့်ကွက်ကြည့် လုပ်နေတာ ... လုပ်စမ်းပါ ... အနက်ကလေးက အရမ်း လန်းတယ် ..."

သူမကို အားပါးတရလေသံနှင့် လန်းတယ်ဟု ဆိုတာမို့ ရဲခမှာ မျက်မှောင်ကုတ်ကာ စိတ်အိုက်သွားရသည်။

"အေးအေးနေစမ်းပါ မျိုးကျော်ရာ ... မင်း အခုလို အေးအေးဆေးဆေး ... တစ်ကိုယ်ရေ တစ်ကာယနေတာ ဘယ်လောက် ငြိမ်းချမ်းသလဲ မင်းမသိလို့ ..."

"တစ်ခါတလေတော့လဲ မငြိမ်းချမ်းချင်ဘူးကွ ..."



www.burmeseclassic.com

www.burmeseclassic.com



မျိုးကျော်ကလည်း ဇွတ်ပင် ...။

"ပြောစမ်းပါ ... သူလေးက ဘယ်သူလဲ၊ မင်းနဲ့ ဘယ်လို သိတာလဲ"

"လေယာဉ်ပေါ်မှာတုန်းက မျက်မှန်းတန်းမိလို့ ပြုံးပြ နှုတ်ဆက်ရုံလေးပါကွာ ... တကယ် လုံးဝမသိပါဘူး ..."

"ဒါဆိုလဲ အခု သွားစကားပြောလိုက်ပေါ့ ..."

"အာ ... မလုပ်ပါနဲ့ ... ငါ့ကို လာကြောင်တယ်ထင်မှာ ပေါ့ ..."

"ထင်ပစေလေ ... ဘာဖြစ်လဲ"

"ထင်ပစေဆို ... မင်းဘာသာ အထင်ခံ၊ မင်း သွားပြော"

"ရုံခရာ ... မင်း သိပ်အိုက်တင်မခံစမ်းပါနဲ့ ..."

ဘေးက မျိုးကျော် မြှောက်ပေး ကျပ်ပေးနေတာမို့ ရုံခ မျက်နှာက ပိုတည်နေမိကာ သူမထံ ထပ်ပြီးကြည့်ဖို့ပင် ခက်သွား ရသည်။

"ယွန်းအုပ် ..."

"ဘာလဲ"

"နင့်လူကြီး အထာက တစ်မျိုးပါလား ..."

"အေးလေ၊ သူ့ဘော်ဒါနဲ့ ဘာတွေငြင်းနေသလဲ မသိဘူး"

"ကဲပါ ... ထားလိုက်စမ်းပါ၊ သွားကြည့်မနေပါနဲ့ ...၊ ကိုယ့်ဘာသာ ဣန္ဒြေရရလေး နေစမ်းပါဟာ"





"နင့်ကို သူ စိတ်ဝင်စားတာ သေချာပါတယ် ..."

ငြိမ်းမွန်လို ယွန်းအုပ် မယုံကြည်ရပါ ...။ သူ့ပုံစံက ခန့်မှန်းရခက်သည်။

"လျှောက်မပြောစမ်းပါနဲ့ ..."

"သူ့မျက်လုံး၊ သူ့အကြည့်တွေက နင့်အပေါ် တလေး တနက် ရှိတယ်"

"မဖြစ်နိုင်ပါဘူး ..."

ယွန်းအုပ်နှုတ်က အကျောက်အကန်လေး ငြင်းမိသည်။ အဲဒီနေ့က ဟိုဘက်ဒီဘက် လှမ်းကြည့်ရင်း ခပ်တိုးတိုး အတင်းအုပ်နေကြရုံကလွဲလို့ ဘာမှပိုမတွေးခဲ့ပါ ...။

သူတို့က ကော်ဖီသောက်ပြီးလျှင် ဆိုင်ထဲက ထွက်ခွါ သွား၏။

သွားခါနီးလည်း သူက ခေါင်းဆတ်ပြုံးပြရုံလေး နှုတ်ဆက် သွားရုံထက် မပိုခဲ့ပါ။

ကျောခိုင်းထွက်ခွါသွားသော သူ့ကျောပြင်ကို လှမ်းကြည့် နေမိကာ ယွန်းအုပ်ရင်ထဲ ဖော်ပြရခက်သော ခံစားမှုလေးတစ်ခု ဖြစ်ပေါ်နေခဲ့တာ ဝန်ခံပါသည်။

❧ ၀ ❧



www.burmeseclassic.com

www.burmeseclassic.com

တတိယအကြိမ်မှာတော့ ရည်မွန်နွေးထွေးသော အကြည့်များ ပိုင်ရှင် ထိုပုဂ္ဂိုလ်လေးဟာ ယွန်းအုပ်နီရဲ့ ရှေ့မှောက်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးပင် ရောက်ရှိလာလေသည်။

ထိုနေ့က ယွန်းအုပ်နီရဲ့ မွေးနေ့ဖြစ်သည်။

မနက်ပိုင်းမှာ ကုသိုလ်ရေးတွေ ဦးစားပေးပြုလုပ်ပြီးပြီမို့ ညနေပိုင်းမှာတော့ ခင်မင်နီးစပ်ရာ သူငယ်ချင်းတွေစုပြီး ခြံထဲမှာပဲ ဘာဘီကျူးပွဲလေး ကျင်းပဖို့ စီစဉ်ထားသည်။

သူငယ်ချင်းတွေ အစောကြီးကတည်းက ရောက်နေပြီဖြစ်တာမို့ ယွန်းအုပ်က ပျော်ရွှင်နေသည်။

ပျော်ပျော်ပါးပါး အသားကင်ကိုယ်တိုင်ပြုလုပ်နိုင်ဖို့လည်း စီစဉ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြနှင့် အိမ်က ကောင်မလေး ထွေးထွေးတို့ရော အန်တီဇင်ရဲ့ဆိုင်က ကောင်မလေးတွေရော ... လိုတာတွေ ဝိုင်းကူညီ လုပ်ပေးကြသည်။

ခြံထဲမှာ ထိုင်ခုံတွေခင်း၊ စားပွဲတွေပြင်၊ မတ်တတ်မီး လေးတွေ၊ သံဇကာပြားတွေ၊ တုတ်ထိုးဖို့ အသားကင်ဖို့ လိုအ တာတွေ သစ်သီးဖျော်တဲ့စက်နှင့် သစ်သီးဆန်ခါခုံးလေးတွေ ပန်းကန်ခွက်ယောက်တွေ စသဖြင့် အကုန်ဝိုင်းဝန်းပြင်ဆင်တာ ညနေစောင်းမှာ အားလုံးအသင့်ဖြစ်သွားပါပြီ။

ဝိုင်ကြိုက်တတ်သူတွေအတွက် ... ဝိုင်အပျော့စားလေး တစ်မျိုးလည်း ပါသည်။

တစ်အောင့်အကြာမှာ ဖိတ်ထားတဲ့ ယောကျ်ားလေး သူငယ်ချင်းတွေလည်း ဂျစ်ကားတစ်စီး၊ ဆလွန်းကားတစ်စီးနှင့် အတူတူစုပြီး ရောက်လာကြသည်။

"ဟတ်ပီးဘတ်ဒေး ယွန်းအုပ် ..."

ကားပေါ်က ဆင်းလာတာနှင့် ယွန်းအုပ်ကို နှုတ်ဆက်ကြ ဝေ့ရှိလုပ်ကြ ... လက်ဆောင်ပေးကြနှင့် ဆူညံသွားပါသည်။

"ဟဲ့ ... သူ့ရဲ့ လက်ဆောင်က နောက်မှပေး ... ရတယ် နင့်ကို DJ ဆက်တင်လာခိုင်းတာပါရဲ့လား ..."

ဝတ်ရည်က အကဝါသနာပါတဲ့သူမို့ သူ့အတွက် အရေး ကြီးတာ သူ အတင်းလုမေးလိုက်သည်။





"ဂစ်တာပဲ ပါတယ်၊ ဟိုကောင်တွေက ဂစ်တာပဲတီးမယ် တဲ့ ... မေးကြည့် ..."

"မရှာဘူး၊ ပါမလာရင် သွားပြန်တင်လာခဲ့၊ လုပ်မနေနဲ့ ..."

ဝတ်ရည်တို့က သူ့ရှုနှင့် ပိုလည်းခင် ပိုလည်းနိုင်နေကျ။ ကျောင်းတက်ကတည်းက ခိုင်းချင်ရာ ခိုင်းနေကျလည်း ဖြစ်သည်။

"ကျွတ် ... ငါ့ကို လာဂျီကျပြန်ပြီ ... မွေးနေ့ရှင်က ဘာမှတောင် မတောင်းဆိုရဘူး၊ သူပဲ ..."

"ညကျရင် ... ငါတို့က ဒစ္စကိုလိုက်နဲ့ ကကြမှာ ..."

"မျက်စိတွေ နောက်ဦးမှာပဲ ..."

သူငယ်ချင်းတွေက ယွန်းအုပ်မွေးနေ့ပါတီမှာကဲဖို့ ပြင်ထား ကြပြီ ...။

"ကဲ ... သီချင်းဖွင့်တော့လေ ... စ,မယ်"

"ငါတို့ဖို့ ဘယ်သူ အသားကင်ပေးမှာလဲ ..."

"ကိုယ်စားချင်တာ ကိုယ့်ဟာကိုယ် ယူကင်ပါလား"

"စန္ဒာ ... နင် ဒီဘက်လာ ..."

"အောင်မယ် ... ဘာလုပ်ဖို့လဲ"

စန္ဒာ့ကို သဘောကျနေသော မင်းစိုးက အလစ်မှာ သူ့နား ခေါ်ထုတ်ဖို့ ပြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယွန်းအုပ်နီကတော့ ပြုံးပြုံးလေးနှင့်သာ အားလုံး
ဖော်ဖော်ရွေရွေ လက်ဆွဲနှုတ်ဆက်နေ၏။

မွေးနေ့ပွဲလေးမှာ သူ့အုပ်စုနှင့်သူ စကားတွေဖောင်ဖော
ဖွဲ့ရင်း ... ဘာဘီကျူးစားကြသည်။

ခုံမှာ ထိုင်သူတွေရှိသလို ဟိုမတ်တတ်၊ ဒီမတ်တတ်
ရှုပ်ယှက်ခတ်နေသူတွေလည်း ရှိသည်။

လူကတော့ ... သိပ်များများစားစားကြီးလည်း မဟုတ်

ထိုအချိန်မှာပင် သူမတို့ရဲ့ခြံထဲသို့ ကော်ရိုလာဝင်ကား
အဖြူရောင်သန့်သန့်လေးတစ်စီးက ဝင်လာသည်။

ဒီကားကို မမြင်ဖူးသဖြင့် ဘယ်သူများလဲဟု ယွန်းအုပ်
စိတ်ဝင်တစား လှမ်းကြည့်သည်။

ကားက ခြံတံခါးဝနားလောက်မှာမရပ်ဘဲ ကားဝင်လမ်း
ကွန်ကရစ်ခင်းလေးအတိုင်း ပေါ်တီကိုအောက်ထိ မောင်းသွား
သည်။

အန်တီဇင့် ဧည့်သည်ပဲလား ...။

လည်ပင်းလေး လိမ်အောင်ပင် လိုက်ကြည့်နေမိသော
ယွန်းအုပ်ဟာ ကားတံခါး ဖျတ်ခနဲဖွင့်၍ ဆင်းလိုက်သူ
မြင်လျှင် ရင်ထဲ ဒုတ်ခနဲ မြည်သွားရသည်။

အစိမ်းနုနု အနောက်တိုင်းဝတ်စုံနှင့် ခံ့ညား ရှင်းသ
ချောမောနေသော ပုဂ္ဂိုလ်လေး ...။





သူမ မျက်စိရှေ့မှောက်သို့ ရုတ်တရက်ရောက်လာခဲ့ပြန်ပြီ။
တိုက်ထဲကနေ အန်တီဇင် ထွက်လာ၏။

"ဟော ... မောင်ခ၊ နောက်ကျနေပါလားဟေ့ ... ငါ့တူမ
ဟာ ဟိုးမှာ၊ ယွန်းအုပ်ရေ ... သမီး ခဏလာပါဦး ..."

အန်တီဇင်က လှမ်းခေါ်သဖြင့် သူ့ထံကြည့်နေမိသော
ယွန်းအုပ်က အိမ်ဘက်သို့ လျှောက်လာပါသည်။

ရဲခက သူမကို စူးစေးစွာ စိုက်ကြည့်လိုက်မိသည်။

ဟိုကောင်မလေးပဲ ... သူမက အန်တီဇင့် တူမလေး
ဆိုတာပေါ့ ...။

ကြည့်စမ်းပါဦးကွာ ... ချစ်စရာကောင်းလိုက်တာ။

ဆံပင်ခွေခွေလိပ်လိပ်လေးတွေက ထုံးထားတာတစ်ဝက်၊
မျက်နှာပေါ်၊ ပခုံးလေးပေါ် ကျနေတာက တချို့ တစ်ဝက်။

ဝတ်ထားတာက ကော်ဖီနှင့် အနက် ရောစပ်ထားတဲ့
အကွက်ကို အင်္ကျီနှင့်ဘောင်းဘီ ဆင်တူယောင် ဖက်ရှင်ထွင်
ချုပ်လုပ်ထားပြီး အပေါ်က ခဲရောင်ပါးပါးပျော့ပျော့လွင့်လွင့်
လေးကို ထပ်ဝတ်ထားသည်။

လေဒီရှူးက အဖြူဆွတ်ဆွတ်ပေါ် ကျောက်စီ၊ ပုလဲစီ၊
ဒီဇိုင်းဖော်ထားတဲ့ ဖိနပ် ...။

ဘယ်လိုပဲကြည့်ကြည့် ... ပုံစံလေးက ဆန်းပြားသည်။
ကလေးဆန်ဆန်နှင့် ဆွဲဆောင်ညှို့ငင် ဖမ်းစားနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ယွန်းအုပ်နဲ့ မင်းနဲ့ တစ်ခါမှကို မဆုံဖူးသေးဘူးနော် ... ဟုတ်ပါရဲ့၊ ယွန်းအုပ် ... ဒါ တီဇင့်ကုမ္ပဏီမှာ အစစအရာရာ အားကိုးရတဲ့သူပဲ ... နေလှိုင်းရဲခ တဲ့။ ယွန်းအုပ်မွေးနေ့ပွဲရှိလို့ တီဇင် ဖိတ်ထားတာ ..."

"ဟက်ပီးဘတ်ဒေးပါ မယွန်းအုပ် ..."

"ယွန်းအုပ်ပဲ ခေါ်ပါနော် ... ရပါတယ်"

"ဟုတ်ကဲ့"

ရဲခက ပြောပြောဆိုဆို ... သူမလက်ထဲသို့ မွေးနေ့ လက်ဆောင် ပန်းစည်းလှလှ အနီရဲရဲလေးကို လှမ်းပေးသည်။

ယွန်းအုပ်ရင်ထဲ ဘယ်လိုဖြစ်သွားမှန်းပင်မသိ ...။

သူ့ရဲ့အကြည့်နွေးနွေးနှင့် ပန်းစည်းလေး တယုတယပေးလိုက် ပုံဟာ ယွန်းအုပ်နှလုံးသားကို ကြည်နူးလှိုက်ဖိုစေသည်။

"သင့်ခ်ယူနော် ..."

"ယွန်းအုပ် ... မောင်ခကို ခေါ်သွား၊ မင်းလကယ် သူ့ကောင်မလေးကို အကြိုတော်လုပ်ရသေးတယ်လေ၊ ခုထိ ပြန်မရောက်သေးဘူး။ ယွန်းအုပ်နဲ့က အခုမှ သိကြတာဆိုတော့ မောင်ခ ပျင်းနေပါဦးမယ် ..."

"ရပါတယ် အန်တီဇင်ရဲ့ ... ယွန်းအုပ်သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးမှာပေါ့၊ ခင်သွားမှာပါ။ လာပါ ကိုနေလှိုင်းရဲခ



အား ... နာမည်က ရှည်လိုက်တာ၊ ကိုရဲခပဲ လွယ်လွယ်ခေါ် တော့မယ်နော် ..."

"ကြိုက်သလိုခေါ်ပါဗျာ ... ဒီတစ်ခါတော့ ကျွန်တော်တို့ မိတ်ဆွေဖြစ်ခွင့် ကြုံပြီပေါ့ ..."

မြက်ခင်းပြင်ဘက် စားပွဲတွေရှိရာလျှောက်လာရင်း ရဲခက သူမမျက်နှာလေးကို ငုံကြည့်ကာ မချိုမချဉ် ဆိုမိသည်။

"တီဇင့်ကုမ္ပဏီကမှန်းမှ မသိတာ"

"ယွန်းအုပ်က မာနကြီးတစ်ခွဲသားနဲ့ပါဗျာ ..."

"အံမယ် ... မဟုတ်ပါဘူး။ (--------) ကော်ဖီဆိုင်မှာ တွေ့တော့ ရှင်က နှုတ်မဆက်တာပါနော် ..."

"ယွန်းအုပ်သူငယ်ချင်းတွေက ကျွန်တော့်ကို ဝိုင်းရှိုးနေ တာကိုး ..."

"ဟုတ်ပါ ... မင်းသားဆိုတော့လဲ ငေးကြတာပေါ့၊ အခုလဲ သူတို့ရှိတယ် ... တွေ့လား၊ ရှင့်ကို ဝိုင်းကြည့်နေပြီ။ မိတ်ဆက် ပေးမယ် နော် ..."

ရဲခမျက်နှာ ရှက်ကိုးရှက်ကန်း အပြုံးတစ်ခုနှင့် ...။

ယွန်းအုပ်က ဝတ်ရည်၊ စန္ဒီ၊ ငြိမ်းမွန်၊ သူသူ တို့နှင့် မိတ်ဆက်ပေးလိုက်သည်။

"နေလှိုင်းရဲခတဲ့ ... အန်တီဇင့်ကုမ္ပဏီကပဲ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း … ဒါများ၊ သူနဲ့မသိပါဘူးလေး ဘာလေးလုပ်ပြီး ငါတို့ကိုညာတယ် …"

"ဩော် … ငါလဲ တကယ်မသိတာပါဆို …"

"ယုံစရာပဲ … ယုံပါတယ် …"

သူတို့က အငေါ်တူးကြ၊ မဲ့ရွဲ့ကြပါသည်။

ယွန်းအုပ်ကဖြင့် ညာတာမဟုတ်၊ ညံ့တာပဲ ဖြစ်ချင်ဖြစ်မှာ။ သူနှင့် ယွန်းအုပ်ဟာ ဒီလောက်နီးစပ်နေပါလျက် တစ်ဦးနှင့်တစ်ဦး သိကျွမ်းခွင့်မကြုံ။

"မယုံလဲ မတတ်နိုင်ဘူးဟေ့ … ငါ ဒီကို ပြန်ရောက်တာ ဘယ်နှရက်များ ရှိသေးလို့လဲ။ သူနဲ့ ငါ့ကိုတောင် အန်တီဇင် ကိုယ်တိုင် ခုပဲမိတ်ဆက်ပေးတာ … နင်တို့မတွေ့ဘူးလား …"

သူငယ်ချင်းတွေကြား ဖြေရှင်းနေသော ယွန်းအုပ်နီကို ရုံခက ပြုံးလျက်သာ ကြည့်နေမိသည်။

မင်းလုလည်းမရှိတော့ … ယွန်းအုပ်ဘော်ဒါတွေ အုပ်စုကြားထဲ သူ ကြောင်တက်တက်တော့ နည်းနည်းဖြစ်သည်။

ဒါပေမဲ့လဲ ပျော်စရာတော့ ကောင်းသည်။

ယွန်းအုပ်က သူ ထင်သလို မဟုတ်ဘဲ ဖော်ရွေသဘော ကောင်းသူလေးတစ်ယောက်ဖြစ်သည်။

ဝတ်ရည်တို့ကိုထားပြီး သူနှင့်အတူ အသားလာကင်ပေး သည်။



"ကိုရုံခ … ကြိုက်တာစားနော် … အားမနာနဲ့"

မီးဖိုလေးနားရပ်ကာ အတူတူအကင်လုပ်ရင်း တစ်ခဏာနှင့် ရင်းနှီးလာသလို ခံစားမိသည်။

"ယွန်းအုပ်အကြောင်းကို ကျွန်တော် ကြားတော့ ကြားဖူးပါတယ်။ ဟိုမှာသွားနေတာ နှစ်နှစ်လောက်ကြာပြီဆို …"

"ဟုတ်တယ် … ကိုရုံခကရော … ဘန်ကောက်ကို ဘယ်လိုရောက်နေခဲ့တာလဲ"

"ကျွန်တော်က ဝယ်စရာလေးတွေ ထွက်ဝယ်တာပါ"

"ဇင် (Zin) ကုမ္ပဏီမှာ ရှင်က ဘာရာထူးလဲ … ယွန်းအုပ် ထွက်သွားတုန်းက ရှင် အလုပ်မဝင်သေးပါဘူး …"

"ကျွန်တော် ဇင်ထရေးဒင်းရောက်တာ တစ်နှစ်လောက်ပဲ ရှိသေးတယ် … ဘာရာထူးလဲဆိုတာ အန်တီဇင်ကို မေးကြည့်ပေါ့ဗျာ … တောက်တိုမယ်ရပါပဲ …"

"ဟုတ်လို့လား …"

ယွန်းအုပ်က ပုစွန်လုံးတုတ်ထိုးကင်ကလေးကို လှည့်ပေးကာ မွှေးကြိုင်လာလျှင် ဘဲဥပုံ ကြွေပန်းကန်ပြားလေးထဲ အသာချလိုက်သည်။

အကင်တွေ စုံအောင်ကင်ပြီးလျှင် ဗန်းတွေချယ်လျက် စားပွဲတစ်လုံးမှာ သွားထိုင်စားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ပျင်းနေမှာစိုး၍ ယွန်းအုပ်က သူငယ်ချင်းတွေနားပင် မသွားတော့ဘဲသူ့ကိုသာဧည့်ခံရင်း စကားလက်ဆုံကျနေမိသည်။

သူ စကားပြောရင် နှုတ်ခမ်းကိုပြုံးထားလျက် ပြောဆိုတတ်ပုံမှာ တစ်မျိုးဆွဲဆောင်မှုရှိတာကြောင့် ယွန်းအုပ်ငေးနေမိသည်။

သူ့မျက်နှာသွင်ပြင်ဟာ ပါးမြိုင်းမွေးရေးရေးနှင့် တကယ့်ကိုယောကျ်ားပီသ ခန့်ချောနေတာ ...။

အန်တီဇင့်ကုမ္ပဏီမှာ အားကိုးရတဲ့သူ ဆိုသဖြင့် အံ့ဩရသည်။

တကယ်တော့ ဇင်ကုမ္ပဏီလုပ်ငန်းစုဟာ အထည်ချုပ်စက်ရုံရှိသလို Zin အမည်နှင့် (Own Brand) လည်း ထူထောင်ထားသည်။

အမျိုးသမီးတွေအတွက် ဖက်ရှင် ဆန်းဆန်းလေးတွေ တီထွင်ချုပ်လုပ်ထားသော (Cotton Wear Brand) မှာ နာမည်ကျော်ကြားသည်။

အန်တီဇင်ဟာ သူကိုယ်တိုင်လည်း ဖက်ရှင်ဒီဇိုင်နာတစ်ဦးဖြစ်သည်။

အန်တီဇင့်ဆီမှာ ဝန်ထမ်းမိန်းကလေးတွေသာ အများစုဖြစ်သည်။ တစ်ခါတစ်ရံ ရှိုးပွဲတွေ ဘာတွေလည်း လုပ်သည်။

ယွန်းအုပ်သည် အန်တီဇင့်ရဲ့ ကုမ္ပဏီလုပ်ငန်းတွေကို စိတ်မဝင်စားခဲ့။



သူမ စိတ်ဝင်စားတာ ကွန်ပျူတာပရိုဂရမ်ပဲ ဖြစ်သည်။

ဟိုမှာကျောင်းဆက်တက်ခဲ့တာလည်း ကွန်ပျူတာပညာရှင်ဖြစ်ချင်လို့ပင် ...။

"ကိုရဲခက Zin မှာ ဒီဇိုင်နာလား ... ဘာလုပ်ရတာလဲ"

"ကျွန်တော်က အဝတ်အထည်တွေ ဒီဇိုင်းထုတ်တာ ဝါသနာပါတယ် ... ဘန်ကောက်မှာ ကျောင်းသွားတက်ထားတယ် ... Dressmaking နဲ့ Design သင်တန်းတွေ၊ ပန်းချီသင်တန်းတွေ ဆိုပါတော့ ..."

"ရှင် ... အဲဒါတွေ ဝါသနာပါတယ် ..."

"ဟုတ်တယ်လေ ... ဘာဖြစ်လို့လဲ"

"မထင်ရဘူး ..."

"ယောကျ်ားလေးဖြစ်လို့ အဲဒါတွေ ဝါသနာမပါရဘူးလား"

"အဲလိုတော့ မဟုတ်ပါဘူး ..."

"ကျွန်တော်က မိဘတွေနဲ့ နေရတာမဟုတ်ဘူး၊ ငယ်ငယ်ကတည်းက အဘွားနဲ့နေရတာ၊ အဘွားက လက်မှုအနုပညာတွေ၊ အချုပ်အလုပ်တွေ တကုပ်ကုပ်လုပ်တယ်၊ မင်္ဂလာဝတ်စုံတွေလည်း ချုပ်ပေးနိုင်တယ်၊ ကျွန်တော်က အဘွားလက်ပေါ်မှာပဲ ကြီးပြင်းလာတော့ ကလေးဘဝကတည်းက အမြင်ရှိခဲ့တယ်၊ စိတ်ဝင်စားခဲ့တယ်၊ ဆယ်နှစ်သားလောက်ကတည်းက

www.burmeseclassic.com



အဘွားကို ဝိုင်းကူနိုင်ပြီလေ ... အဘွားကလည်း သင်ပေးတယ်၊ ပညာတစ်ခုအနေနဲ့ ဒီပညာအပေါ် လေးလေးစားစား သင်ယူခဲ့လို့ အခုအချိန်မှာ ဒါနဲ့ပဲ အသက်မွေးဝမ်းကျောင်းဖြစ်ခဲ့တာ၊ မိန်းကလေးတွေပဲ တတ်ကောင်းတဲ့ပညာလို့ ကျွန်တော် မယူဆပါဘူး ..."

"ဟုတ်ပါတယ်၊ ယွန်းအုပ်လဲ အဲလိုပြောတာမဟုတ်ပါဘူးနော် ... အဟီး ... ယွန်းအုပ်ကသာ မိန်းကလေးဖြစ်ပြီး အချုပ်အလုပ် စိတ်မဝင်စားတာလေ ..."

ရယ်သံလေးနှင့် ကုပ်ကလေးပုကာ ပြောဆိုပုံကပင် ချစ်ခင်ခွင့်လွှတ်ချင်စရာ ဖြစ်နေသည်။

"အန်တီဇင်က ယွန်းအုပ်ကို ဒါပဲ အမြဲဆူနေတာ၊ ဒီမှာလဲ မနေချင်ဘူး၊ သူ့အလုပ်ကိုလဲ စိတ်မဝင်စားချင်ဘူး ဆိုပြီး ..."

"ဒါပေမဲ့ ယွန်းအုပ်က ဖက်ရှင်ကျကျ ဝတ်တတ်ပါတယ်"

"ဝတ်ဖို့ပဲ စိတ်ဝင်စားတာလေ ... ဟင်း ... ဟင်း ..."

သူမ ရယ်ပုံလေးက အပြစ်ကင်းစင်ကာ ချစ်စဖွယ် ကောင်းနေသည်။ ရဲခသည် သူမကို ချစ်စနိုးနှင့် ကြည့်နေမိရင်း ခေါင်းထဲမှာလည်း စဉ်းစားသည်။

ဟိုတလောက အန်တီဇင်က သူ့ကို ကောင်းထိုက် ဆိုသောလူတစ်ယောက်အကြောင်းကို အသေးစိတ်စုံစမ်းခိုင်းသည်။





သူ့ကို ယုံကြည်လို့လည်း ဖွင့်ဟတိုင်ပင်ခဲ့တာရှိသည်။

"ကောင်းထိုက် ဆိုတဲ့ သူငယ်လေးက ဦးမင်းလွင်ထိုက်ရဲ့သားအငယ်လေ ... မောင်ခ သိတယ်မဟုတ်လား ..."

ဦးမင်းလွင်ထိုက်မှာ အန်တီဇင်တို့နှင့် စီးပွားဖက် လုပ်ဖော်ကိုင်ဖက်တွေပါ ...၊ ပိုက်ဆံလည်း အတော်ချမ်းသာသည်။

"ခင်တော့ နည်းနည်းခင်ပါတယ် အန်တီ ...။ ဘာအကြောင်းများ ရှိလို့လဲ ..."

"အဲဒီ မောင်ကောင်းထိုက်နဲ့ ငါ့တူမလေးကို စပ်ဟပ်နေလို့ပေါ့ ... တူမလေး ပြန်လာရင် စီစဉ်ချင်တယ်၊ သူ့သားကိုလည်း လေ့လာအကဲခတ်ပါ ဆိုလို့ မင်းကို စုံစမ်းပေးစေချင်တာ ... ငါကလည်း မင်းကိုပဲ စိတ်ချတာ ... အဲဒီ သူငယ်လေး အကျင့်သိက္ခာ ဘယ်လိုရှိလဲ၊ ဘာညာပေါ့၊ လူကိုကြည့်ရတာတော့ ခပ်ပိန်ပိန်ပဲ၊ အရက်သေးဝါးတွေများ ကင်းမှကင်းရဲ့လားလို့ ..."

ဒေါ်ဇင်မိုးနွယ်က အဲသလိုပင် ပွင့်ပွင့်လင်းလင်း ပြောပြခဲ့တာ၊ ထိုအချိန်တုန်းက သူ့တူမဆိုတာကလည်း ပြန်မရောက်သေး။ သူကသာ ဒီမှာ ကြိုတင်ပြင်ဆင် စိတ်ကူးနေတာ ...။

ရဲခထင်တာက အန်တီဇင့် တူမ ဆိုတာ သုံးဆယ်ကျော် အပျိုကြီး၊ လက်ပေါက်ကပ်ကပ်နှင့် အိမ်ထောင်မပြုချင်သူဖြစ်လိမ့်မယ် တွက်တာ ...။



www.burmeseclassic.com

www.burmeseclassic.com



ကြားဖူးနားဝရှိသော်လည်း သူ သိပ်အာရုံမထားမိခဲ့ …။

စုံစမ်းပေးဆိုတော့လည်း စုံစမ်းကြည့်တာပေါ့ ဟုသာ ခေါင်းညိတ်ထားခဲ့သည်။

အခုတော့ ယွန်းအုပ်နီ ဆိုတာဟာ သူ ထင်သလို ဇီဇာကြောင်သော အပျိုဟိုင်းကြီးပုံစံလည်းမဟုတ်တာမို့ သူ့ကိုယ်သူပင် ပြုံးမိသည်။

"ကိုရဲခနော် … ဘာတွေပြုံးနေတာလဲ"

"ယွန်းအုပ်ကို သဘောကျလို့ပါ …"

သူ့အဖြေကြောင့် ရင်ထဲမှာ တစ်မျိုးလေး လှုပ်ခတ်သွားသည်။

"ဘာများ သဘောကျစရာရှိလို့လဲ"

"ခင်ဗျားက ကလေးဆန်တယ်"

"ဟုတ်လို့လား"

"ကျွန်တော်ကြားဖူးတာနဲ့ တခြားစီ ဖြစ်နေတယ်"

"ကိုရဲခက ယွန်းအုပ်အကြောင်း ဘာတွေ ကြားဖူးထားလို့လဲ …"

"ဂျစ်ကျကျ ခပ်စွာစွာ အပျိုကြီးပေါ့ …"

"ဟင် … ဘယ်သူပြောတာလဲ"

"ရည်းစားလည်း မထားဘူး … လူကြီးတွေက ယောက်ျားယူဖို့ စပ်ဟပ်ရင်လည်း စိတ်ဆိုးတယ်တဲ့ …"





ယွန်းအုပ်မျက်နှာလေး နီမြန်းသွားရသည်။

သူ့ကို ဘယ်သူ လျှောက်ပြောတာလဲ။

အန်တီဇင်က သူမ အိမ်ထောင်ပြုဖို့ စကားစ, တိုင်းပင်းပယ်ခဲ့၊ စိတ်ဆိုးခဲ့ဖူးတာတော့ အမှန်ပါ …။

အဲလို တိုက်တွန်းစကားဆိုတာကို ယွန်းအုပ် မကြိုက်။

အိမ်ထောင်ရေးတစ်ခုကို ဝတ္တုရားဆန်ဆန် စဉ်းစားဆုံးဖြတ်ရမှာ သူမ ဝန်အလေးဆုံးပဲ ဖြစ်သည်။

အန်တီဇင်ကလည်း လက်မလျှော့ချေ …။

ကျောင်းပြီးကတည်းက တကျီကျီတစာစာနားပူနေခဲ့သည်။

နားချ ဖျောင်းဖျနေခဲ့သည်။

ဒါကြောင့်လည်း သြစတြေးလျမှာ သွားနေခဲ့တာ။

"ခင်ဗျားကို မြင်လိုက်တော့ မယုံချင်အောင် ဖြစ်ရတယ်"

ရဲခက သူမမျက်နှာ ရှက်အမ်းအမ်းလေးကို မမှိတ်မသုန် ကြည့်ရင်း စ,ချင်လာသည်။

"ရည်းစားများမယ့်ရုပ်ပါ … အန်တီဇင်က သူ့တူမကို နှီးရိုးလေးလို့ ထင်နေရှာတာ …"

ယွန်းအုပ်နီက သူ့ကို မျက်စောင်းလှဲ့လှဲ့ရှယ်ကာ …

"ထားချင်ရင်တော့ အများကြီးပေါ့ … ခါချနေရတာ သိရဲ့လား …"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှာပါ ... ခင်ဗျားက သိပ်ချစ်စရာ ကောင်းတဲ့ မိန်းကလေးတစ်ယောက်ပဲဟာ .... ဒီမှာရှိနေတဲ့ မိန်းကလေး အားလုံးထဲမှာ ယွန်းအုပ်နီ အလှဆုံးပဲ ..."

သူ့မျက်နှာထားက မြှောက်ပင့်ပြောနေပုံလည်း မရပါဘူး၊ ဒါဆို တကယ်ချီးမွမ်းတာပေါ့ ... ယွန်းအုပ် မယုံမရဲ ရင်လှိုက်ဖို လာသည်။ သူ့အပြောလေးက ဘဝင်ခိုက်ချင်စရာပဲလေ ...။

"ရည်းစားမရှိဘူးဆိုတာ ... အံ့သြစရာ ဖြစ်နေတယ်၊ ခင်ဗျားကိုမြင်ရင် ဘယ်ကောင်လေးမဆို ကြိုက်ချင့်မှာပဲလေ"

"ယွန်းအုပ်အပေါ် တကယ်ကောင်းပြီး အလိုလိုက်မယ့်သူ ရှားတယ် ကိုရံခရဲ့ ... ယောကျ်ားတွေက အတ္တကြီးပြီး တကိုယ်ကောင်းဆန်တဲ့ သူတွေချည်းပဲ ..."

"ဒီလိုတော့လည်း မှတ်ချက်မချပါနဲ့ဦး ..."

"ပတ်ဝန်းကျင်မှာ မြင်နေ၊ တွေ့နေ၊ ကြားနေရတာတွေက ဒီအတိုင်းပဲလေ၊ သူတို့ကို လက်ထပ်ထားမိရင် အရာရာမှာ ကိုယ့်ဘက်က အရှုံးချည်းပဲ"

"ယွန်းအုပ်က အဆိုးမြင်နေတယ်"

"အဲလိုပဲ ပြောရမလား မသိဘူး၊ ကောင်းကွက်ကတော့ ရှာလို့ကို မတွေ့ဘူး ..."





"ကျွန်တော့် လျှောက်ပြောနေတာနဲ့ မွေးနေ့မှာ စိတ်အနှောင့်အယှက် ဖြစ်နေပါဦးမယ်ဗျာ ... ဟိုမှာ ယွန်းအုပ် သူငယ်ချင်းတွေလည်း လှမ်းခေါ်နေကြပြီ ..."

"အင်း ... ခဏသွားဦးမယ်။ ကိုရံခ အေးအေးဆေးဆေး နေဦးနော် ...၊ တော်ကြာပျင်းနေမှာစိုးလို့ ...၊ ဝါသနာပါရင် ယွန်းအုပ်အတွက် သီချင်းတစ်ပုဒ်လောက် ဆိုပေးဦးနော်"

နေလှိုင်းရံခက ရယ်သည်။

သူ သီချင်းဆိုကောင်းတဲ့သူ မဟုတ်ဘူးလေ ...။

ထိုအချိန်မှာပင် မင်းလရောင်က မေစုံကိုခေါ်ကာ အိမ်က ...ဝါစလွန်းကားလေးနှင့် ရောက်လာပါသည်။

"ဟော ... အတော်ပဲ၊ မင်းလ ရောက်လာပြီ ကိုရံခ"

ယွန်းအုပ်က ကိုရံခ အဖော်ရသွားတာကို ပျော်သွားမိသည်။ သူက မင်းလနှင့်တော့ ရင်းနှီးပုံ ပေါ်လေသည်။

စားပွဲကနေ ချက်ချင်း ထ,လျှောက်သွားသည်။

ဝတ်ရည်တို့အနား ပြန်ရောက်လာသော ယွန်းအုပ်မျက်နှာလေးမှာ ပြုံးမြမြ ဖြစ်နေပါသည်။

ကိုရံခ ရှိနေသဖြင့် သူမရဲ့မွေးနေ့ပွဲလေးက ပိုမိုပြီး ပြည့်စုံသွားသလို ခံစားရသည်။

ယွန်းအုပ်မျက်လုံး ရွှန်းရီရီလေးဟာ မသိမသာရံခဘက်သို့ ရောက်ရောက်သွားတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဝေးကနေပြုံးပြရတာလည်း တမျိုးတဖုံရင်ခုန် ကြည်နူးစရာလေး ဖြစ်နေပါသည်။

ခဏာနေလို့ ပြန်ကြည့်လိုက်လျှင် သူက စီးကရက်တစ်လိပ်ကို ရှိုက်ဖွာပြီး နှုတ်ခမ်းဖျားမှာ အသာအယာတေ့ထားသည်။

အဲဒီပုံစံ သူ့စတိုင်လ်လေးက ယွန်းအုပ်ကို မကြည့်ဘဲ မနေနိုင်အောင် ဆွဲဆောင်နေလေသည်။

သူ့အကြောင်းတွေ ... မင်းလကို မေးကြည့်ရင် ကောင်းမလား။

အို ... မဖြစ်သေးပါဘူး ... မင်းလ ဟားမှာပေါ့ ...။

ယွန်းအုပ်စိတ်တွေက ဘာကိုမှန်းမသိ ... မလုံမလဲလေး တုန်ယင်လှုပ်ရှားလို့ နေပါသည်။

၁၀



ဆန်းဒေးမနက်ခင်းဖြစ်သဖြင့် ယွန်းအုပ်နီက အိပ်ကောင်းကောင်းဖြင့် ရှစ်နာရီလောက်မှပဲ အိပ်ရာနိုးလေသည်။

ကိုယ်ပေါ် လွှမ်းခြုံထားတဲ့စောင်ကိုခွါပြီး အသာအယာ ထ,ထိုင်၊ အပျင်းတစ်ချက် ဆန့်လိုက်သည်။

အခန်းတွင်းမှာ လေအေးပေးစက်ရဲ့ အအေးဓာတ်ကြောင့် တစ်ခန်းလုံး အေးစက်စိမ့်ပျံ့နေလေသည်။ ယွန်းအုပ်က အဲကွန်းခလုတ်ကို ဖိပိတ်လိုက်သည်။

မျက်နှာသစ် အဝတ်လဲပြီးရင် အခန်းထဲက ထွက်တော့မှာပဲလေ ...။

သီချင်းဖွင့်ကာ အေးအေးလူလူ ရေချိုးခန်း ဝင်သည်။ ပြီးလျှင် ညဝတ်ဂါဝန်လေးကို ချွတ်လဲကာ ... တီရှပ်နှင့် ရှားစေးရောင် ဘောင်းဘီခပ်ပွပွလေးကို ဝတ်ဆင်လိုက်သည်။

www.burmeseclassic.com



မှန်ရှေ့သွားကာ ခေါင်းနည်းနည်း ဖြီးပြီးတာနှင့် ဒီအတိုင်း အလှမပြင်ဘဲ အောက်ထပ်သို့ ဆင်းဖို့ပြင်သည်။

အောက်ထပ် ထမင်းစားခန်းစားပွဲမှာတော့ အန်တီဇင်နှင့် စကားပြောရင်း ... ရဲခက ဘရိတ်ဖတ်စ် စားလက်စနှင့် လှေကားရင်းဆီ မကြာမကြာ လှမ်းကြည့်နေမိသည်။

မြီးရှေ့ပန်းကန်ထဲ တူတစ်စုံနှင့်မွှေရင်း အန်တီဇင်မေးသမျှ တို့ကိုလည်း စဉ်းစဉ်းစားစား ဖြေနေရသည်။

ယွန်းအုပ်နီ ရောက်လာပြီဆိုတော့ သူ့ကိုစုံစမ်းခိုင်းထားတဲ့ ကိစ္စ ပြန်အစဖော်မေးပြီလေ ...။

"ကဲ ... ပြောပါဦး ... မောင်ကောင်းထိုက်ကိစ္စက ဘာထူးလဲ ..."

"အန်တီဇင်ထင်သလောက်တော့ အခြေအနေမဆိုးပါဘူး ဒါပေမဲ့ ..."

"ဘာ ဒါပေမဲ့လဲ၊ ဒီကောင်လေး အရက်သေစာ သောက် တယ်မို့လား ..."

"ဘီယာဆိုင်မှာတော့ တွေ့တယ် ..."

"ဘယ်လိုတွေ့တာလဲ၊ မင်း သွားထိုင်ရင်း တွေ့တာလား"

"မဟုတ်ဘူး၊ ကျွန်တော် သူနဲ့တစ်ဝိုင်းစာအတူတူထိုင်ပြီး သောက်တာ ..."





"ဪ ... မင်းပါ သောက်တယ်ပေါ့ ..."

"အဟဲ ... ပိုရင်းနှီးသွားအောင်ပါ ..."

"အေးပါ ... ထားပါတော့ ... သူက ယွန်းအုပ်အကြောင်း ဘာပြောလဲ ..."

"သူ့ဒက်ဒီပေးစားတဲ့ မိန်းမ ... ယူမယ် တဲ့"

"ငါထင်သားပဲ၊ ယွန်းအုပ်လေးကို သဘောကျမှာပါ ..."

"အန်တီ ... သဘောတူနိုင်ပါ့မလား၊ သူက အသောက် အစားလေးတော့ မကင်းဘူး ..."

"သောက်တယ် ဆိုတာ ... ဘယ်လိုသောက်တာလဲ၊ တစ်ခါတစ်ရံ မဟုတ်ဘူးလား ..."

"တစ်ခါတစ်ရံတော့ မကဘူး ထင်တယ်ဗျ"

ရဲခလည်း ... အမှန်အတိုင်းပြောပြမှဖြစ်မည် ထင်သည်။ ဒါဟာ ယွန်းအုပ်ရဲ့ အိမ်ထောင်ဖက်ရွေးနေတဲ့ကိစ္စမို့ အရေးကြီး သည်။

သူမရဲ့ တစ်ဘဝစာ အရေးကိစ္စ မဟုတ်ပါလား။

သူဟာ ကောင်းထိုက်အကြောင်းကို ဂယနဏ သိချင်လို့ တစ်ဝိုင်းတည်းထိုင်အတူသောက်ရင်း စကားတွေ အကြာကြီး ပြောဖြစ်ခဲ့တာပါ ...။



www.burmeseclassic.com

www.burmeseclassic.com



ယွန်းအုပ်နီနှင့် ပတ်သက်ရမည့်သူမို့ စေတနာပါပါ စုံစမ်း အကဲခတ်ချင်တာလည်း ပါသည်။

ယောကျ်ားလေးချင်းဆိုတော့ ... တရင်းတနှီး ပွင့် လင်းလင်း ပြောဆိုခဲ့ရသည်။

"ဒါဖြင့် ဘယ်လိုလဲ ... နေ့တိုင်းသောက်၊ အမြဲသောက် ဘီယာစွဲနေတာလား ..."

ဟိုတစ်ညက သူတို့နှစ်ယောက်တည်း မှာလိုက်ကြ တိုက်ဂါးငါးလုံး။ အဲဒီမှာ သူသောက်တာက တစ်လုံးမ ကျန်တဲ့လေးလုံးက ကောင်းထိုက်ဗိုက်ထဲ ဝင်တာ ...။

တစ်ယောက်တည်း ... ဆယ်လုံးအထိ ကုန်တယ်လို့ ကောင်းထိုက်က ကြွားလုံးထုတ်ခဲ့ပါသေးသည်။

ရုံခဟာ ဇင်ကုမ္ပဏီက ( G. M ) ဆိုတာ သိပေမယ့် ... ဒေါ်ဇင်မိုးနွယ်က သူ့တူမရဲ့ ကိုယ်ရေးကိုယ်တာတော့ ရုံခ မဆွေးနွေးလောက်ဘူး ထင်လို့ပဲလားတော့ မသိ ...။

သူ့ကို မခြွင်းမချန် အားလုံးရင်ဖွင့်သည်။

သို့သော် ဒါတွေအားလုံးကို ပြန်ပြောဖို့ သင့်မသင့်ဆို သူချင့်ချိန်ရဦးမည်။



လိုအပ်သလောက်ပဲ အသိပေးတာ ... ပိုကောင်းမည် ထင်သည်။

"မောင်ခ ... မင်း ဘာစဉ်းစားနေလဲ"

"သူပြောတာကတော့ ... ဆိုင်မလာဖြစ်လဲ အိမ်မှာ သောက်တယ်တဲ့ ..."

"ဟဲ့ ... ဒါဆို နေ့တိုင်း မသောက်ရ မနေနိုင်တဲ့ သဘော ပေါ့ ... ဟုတ်လား ..."

"ယောကျ်ားလေးဆိုတော့ ... ဘီယာလောက်၊ စီးကရက် လောက် မကင်းကြဘူးပေါ့ အန်တီရာ ..."

"ငါ သိတယ်၊ ဘီယာသောက်တာ ပြဿနာမဟုတ်ဘူး၊ ဒါပေမဲ့ ... ဘယ်လောက်သောက်လဲ၊ ဘယ်လိုသောက်လဲ ဆိုတာက အရေးကြီးတယ်"

"မိန်းမကိစ္စ ဘာဘာ ညာညာတော့ သတင်းမကြားဘူး အန်တီ ..."

"အရက်ချိုး၊ ဘီယာချိုးဆိုတော့လည်း မဖြစ်ပါဘူးလေ ...၊ မောင်ကောင်းထိုက်ကို ပယ်လိုက်တာပဲ ရှင်းမယ်"

အန်တီဇင်က ခေါင်းယမ်းပြီး ဆုံးဖြတ်လိုက်သလို ဆို၏။ သက်ပြင်းတစ်ချက်လည်း ရှိုက်သည်။

www.burmeseclassic.com



ယွန်းအုပ်အတွက် ကြင်ဖော်ရှာရတာ သူလည်း ခေါင်းရှုပ်နေပုံရသည်။

"ဒါဆိုရင် ဝေယံထွဋ်ကိုရော အန်တီ ... ဆက်ပြီး လေ့လာရမလား ..."

"အေး ... ဟုတ်သားပဲ၊ သူ မဆိုးဘူးနော်၊ ကောင်လေးက အင်ဂျင်နီယာလေး၊ ရိုးသားပုံလည်း ပေါ်တယ် ..."

"ယွန်းအုပ်နဲ့ယှဉ်ရင် ... သူ အရပ်နည်းနည်း ပိုနိမ့်နေမလားပဲ ..."

"မနိမ့်ပါဘူး၊ အတူတူလောက်ပါပဲ ..."

စပြောကတည်းက ... သူတူမက ယောကျ်ားလေးဆို အရပ်ပုရင် မကြိုက်ဘူးဆိုတဲ့ အချက်က ပါထားပြီးသားဆိုတော့ ရုံခက ဒါကို သတိတရ ထည့်ပြောလိုက်တာပါ။

ဝေယံထွဋ်က အသားဖြူပေမယ့် အရပ်နည်းနည်းပုတဲ့ဘက် ရောက်ချင်သည်။ ပြီးတော့ မျက်မှန်တပ်ဆင်ရသူလည်း ဖြစ်သေးသည်။

"ယွန်းအုပ် သဘောကျပါ့မလား ..."

"နေသြော် ... ကောင်းတဲ့လူဆိုရင် သဘောကျရမှာပေါ့၊ ငါကရော မသင့်တော်ရင် စီစဉ်ပါ့မလား ... အရေးထဲ မင်းကပါ သူ့ဘက်ကပါပြီး ဝင်ချေးထူဖို့ မစဉ်းစားနဲ့ ..."





အန်တီဇင် ပြောပုံကြောင့် သူ ရယ်ချင်သွားရသည်။ သူ့နှုတ်ခမ်းတွေ ပြုံးလာမိသည်။

အန်တီဇင်ဟာ ယွန်းအုပ်အကြောင်းကို ကျကျနန သိပုံမရပါ။

"ဇကာတင်ထဲထိ ပါလာဖို့ ဆိုတာတောင် ... လွယ်တာမဟုတ်ဘူး၊ ဒီဝေယံလေးက ကံကောင်းလို့ ... ယွန်းအုပ်နဲ့ တွေ့ပေးရမယ်"

"ဟုတ်ကဲ့ ... ကောင်းပါတယ်"

"အင်း ... မင်းညီမပဲ ခေါင်းညိတ်ပါစေဦး ... သူက မိုးပေါ်က နတ်သားဆင်းလာရင်တောင် ပြစ်ချက်ရှာဦးမယ့် မိန်းမမျိုးလေ ... ငါ ဘယ်လောက်ပဲ ကောင်းရာညွှန်ညွှန်၊ သူက လက်ခံဦးမှ။ အကြောင်းမသိဘဲ မရင်းနှီးဘဲ ဘယ်လိုလုပ် စဉ်းစားရမလဲ တဲ့၊ သူနဲ့ ရင်းနှီးအောင် ... အပြင်ကို လွှတ်ရမယ် ဆိုတော့လဲ ငါက စိတ်မချဘူး။ အဲဒါကြောင့် မင်းကို အကူအညီ တောင်းရတာ"

"ဟုတ်ကဲ့ ... ကျွန်တော် သဘောပေါက်ပါတယ်"

"မင်းသဘောပေါက်ရုံနဲ့ မပြီးသေးဘူးနော် ... ယွန်းအုပ်ကိုလည်း နားလည်လာအောင် ပြောပေးစမ်းပါဦး ..."

"အဟား ... ကျွန်တော့်ကို သူက ဆရာလုပ်တယ်ထင်မှာပေါ့ ..."

www.burmeseclassic.com

www.burmeseclassic.com



"ထင်ထင်ပေါ့ မောင်ခရယ် ... မင်းက ဘယ်လိုပဲပြောပြော ရင့်ကျက်တည်ငြိမ်တယ်၊ ပါးပါးနပ်နပ်နဲ့ အရည်အချင်းလည်း ရှိတယ် ..."

အန်တီဇင်ကတော့ သူ့ကို ပို့နေလေပြီ။

ယွန်းအုပ်က သူ့အပေါ် အမြင်စောင်းရင် မြဲသနား ဝင်စွက်တယ် ထင်မလားလည်း စိုးရိမ်ရသေးသည်။

"အဲဒါဆို ဝေယံထွဋ်နဲ့ပဲ စီစဉ်မှာလား ..."

"မပြောတတ်သေးဘူး၊ မင်းညီမနဲ့ စကားပြောကြည့်ပါ ဦးလေ ...၊ မင်းလည်း သူ့အကြောင်းသိရင် ချန်မထားနဲ့ဦး"

"မချန်ပါဘူး ...၊ ကျွန်တော်သိသမျှ အန်တီဇင်ကို သတင်း ပို့နေတာပဲ၊ ယွန်းအုပ်ကို ကျွန်တော်လည်း စေတနာရှိပါတယ်၊ သူက ဖျူစင်တော့ အမှားတွေ့မှာ စိုးတယ်လေ ...။

ယွန်းအုပ်နီသည် လှေကားထစ်တစ်ဆစ်ချိုးလေးမှာရပ်၍ ပြောသံတွေကို နားစွင့်ရင်း မျက်မှောင်လေး ကုပ်လျက် သုန်မှုန် နေမိသည်။

သူမရင်ထဲ ရှက်လည်းရှက်သည်။

ကိုရံခမျက်နှာကို ဘယ်လိုကြည့်ရမလဲပင် မသိ ...။

အန်တီဇင်ဟာ သူမအတွက် ဖူးစာရှင်ရှာဖွေရေးမှာ ကိုရံခ ကိုပါ အတင်းဆွဲထည့် လေ့လာစုံစမ်းခိုင်းနေတာ မလွန်လွန်း ဘူးလား ...။





သူစိမ်းယောက်ျားတစ်ဦးကို ဒါတွေ ... ပွင့်ပွင့်လင်းလင်း ပြောဆို တိုင်ပင်နေလိမ့်မည်ဟု ယွန်းအုပ် မမျှော်လင့်မိတာ အမှန် ...။

အန်တီဇင်ဟာ ... သူ့အပေါ် ဤမျှ ယုံကြည်အားကိုး သလား။

အတွင်းရေးတွေ ဖွင့်ဟတိုင်ပင်တဲ့အထိ သူဟာ တရင်း သနီး အရေးပါ အရာရောက်တဲ့သူလား ...။

ယွန်းအုပ် မခံချင်စွာ အောင့်သက်သက်ကြီး ဖြစ်မိသည်။

သူ ... ယွန်းအုပ်ကို ဘယ်လိုထင်တော့မလဲ ...၊

စိတ်ညစ်စရာ ...။

စိတ်တိုတိုနှင့် လှေကားမှ ဆင်းလာသည်။

ယွန်းကိုတွေ့လျှင် ... ရံခမျက်နှာက ခပ်အမ်းအမ်းနှင့် ပြောလက်စ,စကားတို့ ရပ်သွားသည်။

"ဟော ... ယွန်းအုပ်နိုးလာပြီ၊ လာ ... သမီး၊ နန်းကြီးသုပ် စားမလား၊ မြီးရှေ စားမလား ..."

ယွန်းအုပ်က မပြုံးမရယ် ... စူပုတ်ပုတ်လေးနှင့် ထမင်း စားပွဲမှာ ထိုင်လိုက်ရင်း ...

"ယွန်းအုပ်အကြောင်း ဘာတွေလျှောက်ပြောနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ရံခါက မသိမသာ ကိုယ်ကြီးမတ်သွားသည်။

အန်တီဇင်က ပြုံးကာ ...

"ဘာပြောရမလဲဟယ် ... ထုံးစံအတိုင်းပေါ့ ..."

"တီဇင်နော် ... ယွန်းအုပ် သိက္ခာကျအောင်၊ မျက်နှာပူစရာ ဖြစ်အောင် လိုက်လုပ်မနေနဲ့ ..."

"ဟဲ့ ... ဘာမျက်နှာပူရမှာလဲ၊ မောင်ခက ငါ့တူ၊ ငါ့သားလို ဖြစ်နေတာ ...၊ ညည်းကို ကမ်းလှမ်းတဲ့သူတွေ အကြောင်း လေ့လာစုံစမ်းခိုင်းတော့ ဘာဖြစ်လဲ ...၊ တော်ကြာ တစ်ခုခု ဆိုလည်း ငါပဲ အပြစ်မကင်းဖြစ်မယ်၊ ညည်းပဲ ... အကြောင်း သိမှ၊ စကားပြောကြည့်မှ ဖြစ်မယ်ဆို ...၊ အမြင်တွေလည်း တစ်ယောက်တည်းလွတ်လို့ တင့်တယ်မလား၊ မင်းလကျတော့ သူ့ဟာနဲ့သူ မအားဘူး ... အစ်မနောက်ကို တကောက်ကောက်နဲ့ လိုက်ပေးနိုင်မှာလဲ မဟုတ်ဘူး ... ဝေယံထွန်းနဲ့တွေ့ကြည့်၊ စကားပြောကြည့်မယ်ဆိုရင် ရုံးပိတ်ရက် မောင်ခ အားတဲ့နေ့ ချိန်း ...၊ သူ မလှမ်းမကမ်းကနေလိုက်ပြီး စောင့်ရှောက်တော့ ပိုကောင်းတာပေါ့ ...၊ တွဲသွားတွဲလာလုပ်တဲ့သဘောလည်း မဟုတ်တော့ဘူး ...၊ လူကြီးတွေက စေတနာနဲ့ စီစဉ်တာကို ကဖျက်ယဖျက် မလုပ်စမ်းပါနဲ့ ယွန်းအုပ်ရယ်။ ဒီတစ်ခါတော့





အဆင်ပြေအောင် ကြိုးစားကြည့်စမ်းပါ ...၊ ညည်းနေရာကျရင် ငါလည်း စိတ်အေးပြီ ..."

ယွန်းအုပ်သည် နှုတ်ခမ်းစူထော်ကာ ငြိမ်သက်နေမိသည်။ ငြင်းဆန်ကန့်ကွက်နေတာလည်း အပ်ကြောင်းထပ်နေပြီ။ အခုတစ်ဖန် နည်းစနစ်အသစ်မှာ ကိုရံခပင် ပါလာချေပြီ။ သူမ နံဘေးမှာ လိုက်လံစောင့်ရှောက်ဖို့ ထည့်လွှတ်မလို့ တဲ့ ...။

ယွန်းအုပ်သည် သူ့ဘက်တစ်ချက်လှည့်ကာ မျက်စောင်း နွှဲ့သည်။

သူက ဘာကြောင့် စိတ်ပါလက်ပါ ကူညီချင်နေရတာလဲ။ သူ့စကားထဲ ဘီယာဆိုင်လိုက်ထိုင်ပြီး အနီးကပ်ချောင်းကြည့် မယ် ဆိုတာပင် ကြားလိုက်မိသေး ...။

အန်တီဇင် စီစဉ်သမျှ နာခံဆောင်ရွက်ပေးမည့်ပုံ ...။

"ယွန်းအုပ် ... ကျွန်တော့်အပေါ် တစ်မျိုးမမြင်နဲ့နော်၊ ယွန်းအုပ် မလာခင်ကတည်းက ... အန်တီ ကျွန်တော့်ကို ဒီအကြောင်း ပြောပြထားပြီးသားပါ ...၊ အဆင်ပြေတဲ့သူ တွေ့စေချင်တာပဲရှိတယ်၊ ကျွန်တော့်ကို မိတ်ဆွေတစ်ယောက် လို အတိုင်ပင်ခံတစ်ယောက်လိုပဲ သဘောထားပါ ... ရှက်စရာ၊ အားနာစရာ မလိုဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ … ကူညီပေးရတဲ့သူကိုပဲ သူက မျက်စောင်းထိုးချင်သေးတယ် … ကဲ … စားစရာရှိတာ စား … အရင်လိုကိုမကျနဲ့ ယွန်းအုပ်ရေ . . . ၊ နောက်တစ်ပတ် ဆန်းဒေးမှာ ဝေယံထွန်းနဲ့ တွေ့ဖို့ စီစဉ်ပေးမယ် … ညည်းခေါင်းထဲမှာ ပြေပြေလည်လည် ဆက်ဆံဖို့ တွေးထား … ဒါပဲ …"

အကြံအိုက် ရှုံ့မဲ့နေတဲ့ သူမပုံစံလေးကို ရဲခ ပြုံးကြည့်နေမိသည်။

ဘယ်လိုပဲနေနေ … သူမရဲ့အမူအရာလေးတွေက ချစ်စရာကောင်းနေသည်။



တန်တော်ကြီး ကရဝိက်ဥယျာဉ်ထဲက အပြင်ဘက်ကမ်းစပ်ပြင်နှင့် နီးကပ်သော စားပွဲတစ်ခုမှာ သုံးယောက်သား အတူ တာ ဘူးသီးကြော် စားနေရင်းက ဝေယံထွန်းက သူ့ရှေ့ တ်နှာချင်းဆိုင်မှာ ရှိနေသော ယွန်းအုပ်နီကို မမှိတ်မသုန်ကြည့်နေမိသည်။

ယွန်းအုပ်နီဟာ ဓာတ်ပုံထဲမှာထက် အပြင်မှာ ပိုချော နေသည်။

ဆံပင်ခွေခွေတွေကို နောက်ဘက်အပေါ် မြှင့်တင်ကာ စည်းထားသဖြင့် လှပသော မျက်နှာလေးက ရှင်းလင်းစွာ ပေါ်လွင်နေသည်။

ပုံစံကျနကာ အဖျားကော့ကော့ မျက်ခုံးတန်းတန်းလေးနှင့် တ်ရှန်းသော မျက်ဝန်းလဲ့ပြာပြာလေးက စွဲမက်ဖွယ် ကောင်း လို လုံးဝန်းသောနှာတံနှင့် အင်မတန်ဆွဲဆောင်မှုရှိသော နှုတ်ခမ်းဖူးဖူးလေးဟာလည်း အကြည့်မလွှဲချင်စရာ …



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်လှတဲ့ ကောင်မလေးဟာ သူနှင့် လူကြီးခ
ပြောဆို စပ်ဟပ်ရတဲ့ အဖြစ်အပျက်ကပင် ဝေယံ့အတွ
ထူးဆန်းသလို ဖြစ်နေပါသည်။

မျက်ခုံးကိုရှုံ့ကာ သူ စဉ်းစားနေမိသည်။

သူမဆီမှာ ချွတ်ယွင်းချက်ဆိုလို့ ဘာမှရှာမတွေ့ ...။

ရုပ်ကလေးက ညို့ငင်ဖမ်းစားနိုင်စွမ်းရှိသလို ပညာလ
တော်သည်။ မိသားစုအသိုင်းအဝန်းကလည်း ဂုဏ်သိက္ခာရှိ
ပိုက်ဆံရှိရှိထဲကပင် ...။

သူမဆီမှာ ပိုင်ဆိုင်မှုအတော်အတန်ရှိတာလည်း သူ ကြ
ထားပါသည်။ ဘယ်ဘက်ကမှ လိုအပ်တာမရှိ ...။

ဒီလို အဖက်ဖက်က ပြည့်စုံကောင်းမွန်နေတဲ့ မိန်းကလေ
တစ်ယောက်အတွက် အိမ်ထောင်ဖက်တွေ့ဖို့ ခက်ခဲမည်မထ

တကယ်တမ်း ပြန်တွေးကြည့်မယ် ဆိုရင် ... ဝေယံတ
အင်ဂျင်နီယာဖြစ်ပြီး ရိုးသားတာကလွဲ၍ ထူးထူးခြားခြ
မက်မောစရာ အခြေအနေရှိတဲ့သူ မဟုတ်။

ကောင်မလေးက ... သူနှင့် တွေ့ဆုံ မိတ်ဆက်စကာ
ပြောကြည့်မယ်ဆိုတာ သိရတာနှင့် သူ့မှာ မယုံနိုင်အောင်ဖ
ဖြစ်ရသည်။

ဆင်စွယ်ရောင် ဂါဝန်ရှည်ရှည်လေးပေါ်ကနေ မီးခိုးရော
အကျီရွဲရွဲလေး တစ်ထပ်ကို ထပ်ဝတ်ထားပုံ ...၊ လေဒီရှ





ရောင်လေးကိုစီးထားကာ ခြေချိတ်ထိုင်ပုံလေးမှာ ရှင်းကြော့
နှင့် စမတ်ဖြစ်လှပါသည်။

ရှပ်အကျီအညိုနှင့် ပုဆိုးအနက်မှိုင်းကို ဝတ်ဆင်ထားသော
ယံမှာ ကောင်မလေးနှင့် သူနှင့် လိုက်ဖက်ပါ့မလားဟုပင်
န်အနေခက်ပါသေးသည်။

သူသည် ကိုနေလှိုင်းရဲခနှင့် စကားသာ ပြောနေမိသော်
ည်း မျက်လုံးကတော့ သူမဆီမှာချည်း ရောက်နေမိသည်။

ကိုရဲခက ရိပ်မိသလိုပြုံးရင်း ...

"ယွန်းအုပ် ..."

ယွန်းအုပ်က အမူအရာနှင့်သာ ထူး၏။

"ဧည့်သည်ကို စကားလေးဘာလေး ပြောဦးလေ၊ ခင်ဗျား
တိတ်နေတာပဲ"

"ဘာပြောရမှာလဲ"

ယွန်းအုပ်က စိတ်မပါလှသလို ခွကျကျပြန်မေးသည်။

ကဲ ... သူလစ်တာ ပိုကောင်းလိမ့်မည်။

ထိုအချိန်မှာပင် သူ့ဟင်းန်ဖုန်းက မြူးဇစ်သံလေးထွက်ပေါ်
လာသဖြင့် ဝမ်းသာသွားရသည်။

"ခဏဗျာ ... ဖုန်းပြောလိုက်ဦးမယ်"

အကြောင်းပြစရာ ရသွားတာမို့ ခပ်လှမ်းလှမ်းကွာဝေးတဲ့
အထိ ရဲခက လျှောက်သွားလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယွန်းအုပ်နီက ခြေဖျားလေးလှုပ်ရင်း ... ကိုမျက်မှန်ကို ခပ်စူးစူးကြည့်လိုက်သည်။

"ထို[illegible]ယံ"

"ဗျာ ..."

"လူကြီးတွေစီစဉ်တဲ့ကိစ္စကို ရှင်ဘယ်လိုသဘောထားသလဲ ဆိုတာ မသိခင် ရှင့်ကို ဝန်ခံစရာတစ်ခုရှိတယ် ... သိလား"

သူမက ခပ်တိုးတိုး စကားစ,လိုက်သဖြင့် ဝေယံထွင် စိတ်ဝင်စားသွားရသည်။

"အန်တီဇင်ကတော့ ... ဒါကို မပြောစေချင်ဘူး။ ရှင့်တို့ သာ မဟုတ်ပါဘူးလေ ... ဘယ်သူ့ကိုမှ အသိမပေးစေချင်တာ ဒါပေမဲ့ ကျွန်မက မြှုံထားလိုက်ရင် နောင်တစ်ချိန် ဒီအကြောင်း ခဲတွေ ရှင်သိသွားတဲ့အခါ ကျွန်မတို့အိမ်ထောင်ရေးမှာ ပြဿနာ ပေါ်နိုင်တယ်လေ ..."

သူမစကားကြောင့် ဝေယံ ငြိမ်သက်အံ့အားသင့်သွားမိ[illegible]

"သူများတွေကို တစ်ဆင့်လျှောက်မဖွဖို့တော့ ရှင်ကတိ ပေးရလိမ့်မယ်၊ ဘယ်လိုလဲ ..."

"ကတိပေးရမယ် ..."

"ဒါပေါ့ ...ကျွန်မက ယုံကြည်လို့ ကိုယ့်ရဲ့လျှို့ဝှက်ချက်ကို ဖွင့်ပြောမှာလေ ..."



"ဟုတ်ကဲ့"

ကဲ ... သူ ထင်တဲ့အတိုင်း ထိုမိန်းကလေးဆီမှာ လူမသိ သူမသိ လျှို့ဝှက်ထားသော အကြောင်းအရာတစ်ခု ရှိနေလေပြီ။

"ရှင်သိထားမှလည်း ရှင့်ရဲ့ဆုံးဖြတ်ချက်ကို မှန်မှန်ကန်ကန် ချနိုင်မှာ ..."

ယွန်းအုပ်က သူ့နှာခေါင်းသို့ပို့မိုတိုးကပ် ခေါင်းလေးနှိမ့်ချရင်း...

"ဒီမှာ ...ရှင် ကျွန်မကို အပျိုလို့ ထင်လား ..."

"ဗျာ ..."

ဝေယံ လန့်သွားသည်။ ဒါ ဘယ်လိုစကားကြီးလဲဗျာ။

သူ တကယ်ခေါင်းနပန်းကြီးသွားပါသည်။ ဒီစကားမျိုး ကြားရလိမ့်မည်ဟု လုံးဝမထင် ...။

"အင်းပေါ့လေ ... ရှင်က အပျိုပဲထင်မှာပေါ့ ...၊ သူများ တွေလည်း မရိပ်မိကြပါဘူး ...၊ အမှန်အတိုင်း ဝန်ခံရရင် မဖြစ်သင့်တဲ့သူတစ်ယောက်နဲ့ မှားယွင်းပြီး ကျွန်မ ကိုယ်ဝန် ရခဲ့တယ် ..."

"ခင်ဗျာ ..."

ပြင်းထန်သော သူမရဲ့ တိုက်ကွက်မှာ ဝေယံ ပါးစပ် အဟောင်းသား ကြက်သေ သေသွားရ၏။

"အန်တီဇင်က ... ကျွန်မကို နိုင်ငံခြားထွက်သွားဖို့ပိုစီ အယောင်ပြ သတင်းလွှင့်ခဲ့ပေမယ့် အမှန်က ဘယ်နိုင်ငံခြားမှ

www.burmeseclassic.com



ထွက်သွားတာမဟုတ်ဘူး ...၊ ကျွန်မတို့အိမ်က ထွေးထွေးတို့မြို့မှာ ခဏသွားရောင်နေပြီး ကလေးသွားမွေးတာ ...”

ဟောဗျာ ...

သူမနှုတ်က ကြားရတာသာမဟုတ်လျှင် ယုံစရာတစ်စက်မှ မရှိပါလား ...။

တကယ့်အပျိုစင်လေးလို ဖူးသစ်နုးညံ့လှပနေတာ ...။

မထင်ရက်စရာပဲ၊ မိန်းကလေးတွေဟာ ကျော့ချမ်းစရာ လန့်စရာ ကောင်းလှပါလား။

ယွန်းအုပ်သည် နှုတ်ခမ်းလေးဖိကိုက် အကြည့်လွှဲရင်း ဘာဆက်ပြောရမလဲ စဉ်းစားသည်။

အဲ ...တာလေးမွေးတယ် ပြောရင်ကောင်းမလဲ ...။

သမီးလား ... သားလား ...။

ရွှီးမိပြီဆိုမှတော့ ယုတ္တိရှိအောင် ရွှီးရတော့မည်။

“သမီးလေးဆိုရင် ... အဲ ... သမီးလေး ရှိတယ်၊ အဲ သမီးက ရွာမှာ ... တကယ်လို့ ကိုဝေယံက ဒါကိုသိပြီးလို့ ကျွန်မအပေါ် မေတ္တာစစ်နဲ့ လက်ထပ်နိုင်တယ်ဆိုပါတော့ ...”

“ဟို ... ကျွန်တော် ...”

“နေပါဦးရှင် ... ကျွန်မစကားကို ဆုံးအောင်နားထောင်စမ်းပါဦး ...၊ ရှင့်ပုံစံက လူရိုးလူအေးပုံဆိုတော့ ကျွန်မလည်း





မညာချင်လို့ပါ ...၊ တကယ်လို့များ ကျွန်မတို့ ယူဖြစ်ရင်လေ သမီးလေးကို ပြန်ခေါ်မယ်နော် ... ကျွန်မ ကိုယ့်ကလေးနဲ့ ခွဲမနေနိုင်ဘူး ... ရှင် လက်ခံမယ်ဆိုရင် ကျွန်မတို့ကိစ္စ စီစဉ်ဖို့ ပြောလိုက်မယ် ...”

“ခဏလေး မယွန်းအုပ် ...၊ ကျွန်တော်တို့ အေးအေးဆေးဆေး တိုင်ပင်စဉ်းစားဖို့ လိုလိမ့်မယ် ...၊ ကျွန်တော့်ကို အချိန်ပေးပါဦးဗျာ ...”

ဝေယံသည် တုန်တုန်လှုပ်လှုပ်နှင့် နဖူးမှာချွေးပြန်လာကာ အမန်းကတန်း အချိန်ဆွဲဖို့ စဉ်းစားမိသည်။

အားတော့ နာပါသည်။

သို့သော် ဘယ်သူက တိတ်တိတ်ပုန်း ကလေးမွေးထားတဲ့ မိန်းမတစ်ယောက်ကို ယူချင်ပါ့မလဲ ...။

ဘုရားသိကြားမလို့ ...၊ တော်ပါသေးရဲ့ဗျာ ...။

ဒေါ်ဇင်မိုးနွယ်တို့များ ပိပိရိရိ ဖုံးကွယ်လိမ်ညာတတ်ပုံများ သြချရလောက်သည်။

သူတို့မကိုများ သြစတြေးလျမှာ ကွန်ပျူတာဘွဲ့ သွားယူတာတဲ့ ...။

သတင်းလွှင့်တော့ ကိန်းကြီးခန်းကြီး ...။

ပုံစံအနေအထားကလည်း ယုံကြည်လောက်စရာပဲကိုး ...။

www.burmeseclassic.com



ဒါပေမဲ့ ရုပ်ကလေးက ဘုရားစူး ကလေးအမေလို့ ကျို
လောက်သည်။ ပျို့မျှစ်နုနုယ် နူးညံ့ဝင်းပနေတာလေးက အပျို
တမျှဝင် ...။

ရုပ်ကလေးချောသလောက် ... ကိုယ်ကျင့်သိက္ခာ
အော့ကြောလန်ချင်စရာ ...။

ဝေယံ အတော်ဖျားသွားရသည်။

သူမကနှုတ်က ကိုယ်တိုင်ဖွင့်ဟဝန်ခံတာတစ်ခုကတော့
ချီးမွမ်းရမည်။

နို့မဟုတ်ရင် ကလေးအမေတစ်ယောက်နှင့် ဘုမသိဘ
ဝမ်းသာအားရ ဖူးစာဖက်မိချေမည်။

အားပါး ...၊ ချောက်ထဲကျခါနီးမှ သီသီလေးလွတ်
အဖြစ် ...။

ဝေယံ့ရင်မှာ တလှပ်လှပ်မောသွားရသည်။ ကြားလိုက်ရ
အကြောင်းအရာက နားမချမ်းသာချင်စရာ ဖြစ်သော်လည်း
ကြားခွင့်ရလိုက်တာက မဟာကံထူးရှင် ဖြစ်နေပြန်သည်။

"ဟုတ်တော့ ဟုတ်ပါတယ်၊ ကိုဝေယံရယ် ... ရှင်
သဘောမနော ကောင်းတဲ့ ယောကျ်ားတစ်ယောက်ဆိုပေမ
လည်း ကျွန်မတို့အချိန်ယူပြီး စဉ်းစားရမှာပေါ့ ...။ သမီးလေး
အပေါ် တကယ်ဖခင်ရင်းလို ကြွင်နာစောင့်ရှောက် ကြင်နာမ
သူတွေ့ဖို့ ကျွန်မဘက်က မျှော်လင့်ထားတယ်"





ဝေယံ ခေါင်းညိတ်သည်။

ဖခင်ရင်းကဲ့သို့ တဲ့ ...။

အင်း ... အင်မတန် လောကနည်းတဲ့ မျှော်လင့်ချက်
ပါပဲ ...။

ဒီလိုသာ အဖေအတု လွယ်လွယ်ဝင်လုပ်လို့ရမယ်ဆိုရင်
မိဘမေတ္တာဆိုတာ အတုမဲ့ အနှိုင်းမဲ့အရာလို့ လူတွေက တင်စား
ပြောဆိုပါ့မလား ...။

သူမက အရာရာကို ပေါ့ပေါ့သာ တွေးတတ်ပုံရသည်။
ဒါကြောင့်လည်း မမှားသင့်တဲ့သူနဲ့ မှားခဲ့တယ်ဆိုတာပေါ့။

သူ့နှုတ်ကတော့ ...

"ဟုတ်တာပေါ့ဗျာ ... အဖေတစ်ယောက်အနေနဲ့ ဒီလိုပဲ
မျှော်လင့်ရမှာပေါ့ ..."

သူမက ဝေယံ့ကို နက်နက်နဲနဲ ရီဝေစွာစိုက်ကြည့်ပြီး ...

"ရှင်က ကျွန်မရဲ့ မျှော်လင့်ချက်ကို ပြည့်ဝစေမယ့်သူလား
ဟင် ..."

ဝေယံ အိုးတိုး အ,တ အားတုံ့အားနာ ဖြစ်သွားပြီး ...

"ဟို ... အဲဒါကတော့ အခုအချိန်မှာ ပြောဖို့စောပါသေး
တယ် ယွန်းအုပ်ရယ် ..."

"ဒါဖြင့် နောက်တစ်ခါတွေ့ရင် သိခွင့်ရမှာပေါ့နော်"

သူမက အားတက်သရောလေး ထပ်မံမေးမြန်း၏။

www.burmeseclassic.com

www.burmeseclassic.com



ဝေယံခေါင်းညိတ်ရမလား၊ ခေါင်းခါရမလား။

မအီမလည်နှင့်သာ သူ ပြုံးပြနေမိသည်။

သူ့အပြုံးက မချိုသွားဖြူများဖြစ်နေမလား မပြောတတ်။

"တတ်နိုင်ပါဘူး"

လူဆိုတာ ... ငြင်းသင့်တာကတော့ ပြတ်ပြတ်ငြင်းရဲဖို့ လိုမည် ...။

သိခွင့်ရမယ့် နောက်တစ်ခါဆိုတာ ...

အဲဒီနောက်တစ်ခါမှာ ခင်ဗျားရှေ့ ကျွန်တော်ရောက်မလာရင် ပြီးရောပေါ့ ...။

သဘောပေါက် နားလည်လိုက်ပါဗျာ ...။

တချို့သောအရာတွေကို ဖွင့်မပြောဘဲ နားလည်ပေးတတ်ရင် ပိုကောင်းပါတယ် မယွန်းအုပ် ...။

❦ ⓪ ❧



"ထားလိုက်ပါ အန်တီဇင်ရာ ... ဒါ ယွန်းအုပ်ဘက်က ဖောင်းတာမှမဟုတ်တာ၊ သူ့မှာ ချစ်သူရှိပြီးသားဆိုတော့လည်း ပြီးတာပဲပေါ့ဗျာ၊ ဒီကောင် အလကား သတ္တိမရှိတဲ့ကြောင်ပဲ"

ဝေယံ့မာမီသည် ဝေယံက ချစ်သူရှိနေကြောင်း၊ ယွန်းအုပ်ကို ငြင်းပယ်ကြောင်း ပြောသဖြင့် သူ့သားကို အိမ်ပေါ်က နှင်ချလိုက်တယ်ဆိုတဲ့ အဖြစ်အပျက်ကို ဒေါ်ဇင်မိုးနွယ်ထံ ဖုန်းထဲက ပြောကြားလိုက်ပြီးတဲ့ အခါမှာတော့ ... အန်တီဇင်က အံ့ဩနေသည်။

တောက်လျှောက် လိမ္မာခဲ့တဲ့ကလေး ...၊ အမေ့စကား မြေဝယ်မကျ နားထောင်ခဲ့တဲ့ သူငယ်လေးဟာ အခုမှ ဘယ်လို ဖြစ်ရသလဲ ...

နားမလည်နိုင် . . .



www.burmeseclassic.com

www.burmeseclassic.com



မျက်မှောင်ကုပ်ကာ တွေးဆရင်း … မောင်ခကို ပြောမိသည်မှာ …

"ငါကတော့ ဟိုဘက်ကို သိပ်အပြစ်မတင်ဘူး …၊ ငါ့တူမ ယွန်းအုပ်ကိုပဲမသင်္ကာတာ၊ ဟိုက တစ်ချိတည်းလန်ပြေးရအောင် သူ ဘာသွားပြောသလဲမှ မသိတာ …"

ရုံခက မျက်မှောင်ကုပ်ကာ အဲဒီနေ့က ဖြစ်ပျက်နေတဲ့ ဝေယံမျက်နှာ ခပ်ပျက်ပျက်ကို မြင်ယောင်မိ၏။

ဟုတ်သည်။

ယွန်းအုပ်က ဘာများပြောသနည်း။

ဟိုကောင်လေးခမျာ ဓာတ်လိုက်ခံရသလို တွန့်ခနဲဖြစ်သွားရှာတာ …။

မျက်နှာမှာလည်း ထိတ်လန့်အံ့ဩတဲ့ အမူအရာမျိုး ဖြစ်နေသည်။

"ငါ့စိတ်ထင်တော့ တစ်ခုခုပဲ မောင်ခရဲ့ …"

"သူတို့ ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်လောက်ပဲ စကားထိုင်ပြောတာ အန်တီ၊ မျက်စိကွယ်ရာလည်း ဘယ်မှမသွားကြပါဘူး ကျွန်တော်လည်း ခပ်လှမ်းလှမ်းလောက်ကနေ ဖုန်းပြောရင်း စောင့်ကြည့်နေတာပဲ၊ အန်တီပြောသလောက်ပဲ အခွင့်အရေး ပေးတာ၊ အထင်သေးချင်စရာ အဖြစ်အပျက်လည်း မရှိဘူး"





"အဲဒါဆို သေချာတယ် …၊ မိယွန်းတို့ ကန့်လန့်တိုက်တာပဲ ဖြစ်မယ် …၊ တစ်ခါတွေ့ တစ်ခါ ဟိုကပြေးတာပဲ၊ ငါ့ကိုလည်း ဒါမျိုး ပညာပြပေါင်းများပြီ …၊ အခု ဒါ့ကြောင့်မင်းကို အဖော်ထည့်လွှတ်တာ …"

အန်တီဇင့်စကားကြောင့် ရုံခနှုတ်ခမ်းတွေ ပြုံးချင်လာမိသည်။

သူတို့ တူအရီးကြားက အဖြစ်အပျက်တွေကိုလည်း ရုံခ တစ်စထက်တစ်စပိုသိလာရသည်။ အဒေါ် လုပ်သူက ယောက်ျား ပေးစားဖို့ … အစွမ်းကုန် ကြိုးစားသလောက် ဟိုကလည်း လှည့်ပတ်ရှောင်ပြေးဖို့၊ ပုတ်ခါထုတ်ပစ်ဖို့ ဝန်မနေလေး။

သူသည် ထိုနှစ်ဦးကြားမှာ နေရင်းထိုင်ရင်း ပါဝင်ပတ်သက်လာရသော ဇာတ်လိုက်ကျော် ဖြစ်နေပါပြီ။

ရယ်လည်း ရယ်ချင်မိသည်။

"ငါ့မှာတော့ သူ ဆိုးတာတွေ သည်းခံ ပေါင်းမယ့်သူ၊ ကြင်နာမြတ်နိုးမယ့်သူ တွေ့ပါစေဆိုတဲ့ စေတနာမျိုးထားလိုက်ရတာ …"

အန်တီဇင်က မချင့်မရဲ ရေရွတ်နေသည်။

သူ့ကို တွေ့တိုင်းလည်း ယွန်းအုပ်နီတစ်ယောက် ငြင်းမာ ဂျီကျပုံ၊ ပေကပ်ကပ် တစ်ဖွတ်ထိုးဆန်ပုံ၊ သူ့စကား နားမဝင်

www.burmeseclassic.com

www.burmeseclassic.com



တက်ပုံး အခုဆက်ထိ ကလေးလိုပဲ ဒူးလို့ပြောရင် ဒုန့်လို့တဲ့ပြန် ဘော်ရုံး လုပ်ပါဆိုရင် မလုပ်၊ မလုပ်နဲ့ဆိုရင် ရအောင် ဖြစ်တဲ့ နည်းနဲ့ လုပ်တတ်ပုံ … စသဖြင့် ယွန်းအုပ်အကြောင်းတွေ ပြောမဆုံးပေ …။

ရံခသည် ခေါင်းတညိတ်ညိတ်နှင့် ပြုံးတုံ့တုံ့နားထောင်ရင်း သူမအပေါ်ပို၍ ရင်းနှီးနားလည်လာသလို ခံစားရသည်။

ယွန်းအုပ်ဟာ တကယ်တော့ မိတ်ဆိုးသမီးလေး တစ်ယောက် ဖြစ်တဲ့အပြင် ရှိတဲ့ဖခင်ကလည်း နောက်အိမ်ထောင်အသစ်နှင့် ရေဝေးမြေခြားမှာ အခြေချနေထိုင်ကာ သူမဘက် ပြန်လှည့်မကြည့်တာမို့ စိတ်အားငယ်ခဲ့ရပုံပေါ်သည်။

အန်တီဇင်နှင့်အတူနေထိုင်သည်ဆိုသော်လည်း အန်တီဇင်က သူ့စီးပွားဝဲ သူ ကျုံးရှာခဲ့ရတာ …၊ သားအရင်းဖြစ်တဲ့ မင်းလကိုပင် ကလေးထိန်းနာနီနှင့် မျက်နှာလွှဲထားခဲ့တာဟု သိရသည်။

သူမရဲ့ဘဝမှာ နွေးထွေးသော အနီးကပ်မေတ္တာမျိုး ရှားပါးခဲ့သည်။ လုံခြုံသောအာဝါသတစ်ခုမှာ ပြည့်ပြည့်စုံစုံ မတောင့်မတ နေခဲ့ရသော်လည်း ကိုယ့်ကိုကိုယ်ပဲ အားကိုး၍ နေတတ်ခဲ့ရသည်။

ဒါကြောင့်ပဲ အတွင်းစိတ် တစ်နေရာမှာ ဘဝအပေါ် မကျေနပ်ခဲ့တာ ရှိပါလိမ့်မည်။ မသိစိတ်က လူတွေကို ဆန့်ကျင်ချင်တဲ့ သဘောမျိုး ရှိဟန်တူပါသည်။



ဒါဟာ ယွန်းအုပ်နီအပေါ် သူ တဖြည်းဖြည်း နားလည်လာမိတဲ့ အကြောင်းအရာတွေပါပဲ …။

စ,တွေ့တုန်းက ယွန်းအုပ်နီ မျက်နှာပေါ်မှာ တွေ့ခဲ့ရတာ မာနတွေ အတ္တတွေ မဖြစ်နိုင်။ အထီးကျန်ခြင်းရဲ့ ဒဏ်ရာဒဏ်ချက်တွေနှင့် မာကျောအေးစက်နေတာသာ ဖြစ်နိုင်တာ သူ ခန့်မှန်းမိလာသည်။

ဘာကြောင့်မှန်းမသိ ယွန်းအုပ်အပေါ် သူ့ရင်ထဲ ကရုဏာသက်မိတာ အမှန် …။

ဒါကြောင့်လည်း အန်တီဇင့်လိုပဲ သူလည်း ယွန်းအုပ်ကို စိတ်ရှည် ကြင်နာ သဘောကောင်းသော ဘဝအဖော်မွန် တွေ့စေချင်သည်။ ကူညီရှာဖွေပေးချင်စိတ်လည်း ဖြစ်မိသည်။

သန့်ရှင်းသော စေတနာသက်သက်ဖြင့် … သူမဘဝ ရှေ့လျှောက် အဆင်ပြေ သာယာစေချင်မိတာပင် …။

"အင်းလေ … ဒါပေမဲ့ ငါ လက်မလျှော့ပါဘူး၊ တစ်နေ့နေ့ တစ်ချိန်ချိန်တော့ ငါ့အပေါ် သူ နားလည်လာမှာပါ၊ သူ့ဘဝ ကောင်းစားပြီး ပျော်ရွှင်ချမ်းမြေ့နေတာကိုပဲ ငါက မြင်ချင်တာပါ မောင်ခရယ် …၊ ယွန်းအုပ်လေးမှာ သူ့ဘဝ သူ့မိသားစုလေးနဲ့ အခြေကျကျမြင်ချင်တာ၊ သူ ငယ်ငယ်ကတည်းက မိသားစုနဲ့ နွေးနွေးထွေးထွေး နေရရှာတာမဟုတ်ဘူး၊ သူ့မှာ လိုအပ်နေတဲ့

www.burmeseclassic.com



အရောတဲ့ ငါက ဖြည့်ဆည်းပေးချင်တာပါ၊ သူက အကောင်းမမြင်တော့လည်း ခတ်သားပေါ့၊ ဒါပေမဲ့ သူ ဘယ်လိုပဲ ကလန်ကဆန်လုပ်လုပ်၊ ငါက ဝတ္တရားကျေရမှာပဲ၊ သူ့လက်ထပ်ပွဲကို မဖြစ်ဖြစ်အောင် စီစဉ်ပေးချင်တယ် … မင်းလည်း ဆက်ကူညီမယ်မဟုတ်လား …”

ရဲခက ခေါင်းညိတ်သည်။

အန်တီဇင့် စေတနာအပေါ် … ခင်ဗျား အမြင်ရှင်းရှင်းနဲ့ လိမ်လိမ်မာမာ နာခံသင့်ပါတယ် ယွန်းအုပ်ရယ်။

❦⓪❦



လေညင်းလေးက တသုန်သုန်တိုက်ခတ်လျက်ရှိပြီးအေးမြ[illegible]ဆိတ်ဆိတ်နေသော ဝန်းကျင်လေးအပေါ် မခံစားမိနိုင်အောင်[illegible]င် ယွန်းအုပ်ရဲ့စိတ်တွေက ကျဉ်းကျပ်ရှုပ်ထွေးနေရပါသည်။

နားအေးရင်ပြီးရော ဆိုပြီး လာခွတွေ့ဆုံဖို့ ဆုံးဖြတ်ခဲ့ရ[illegible]မယ့် ခေါင်းညိတ်ဖို့ စိတ်ကူးဆိုတာ ယောင်လို့ပင် မရှိ။

အခုလိုနေရတဲ့ဘဝဟာ လွတ်လပ်ပြီး စိတ်ချမ်းသာသည်။

ချစ်သူထားရင် … အိမ်ထောင်ပြုလိုက်ရင် ဒီလွတ်လပ်မှု[illegible]အေးချမ်းမှု အရသာလေး ပျောက်ဆုံးသွားမှာ သူမ စိုးရိမ်သည်။

အန်တီဇင် စိုးရိမ်သလို အပျိုဟိုင်းကြီး ဖြစ်သွားမလား၊[illegible]ရှေ့ရေးမှာ အဖော်မဲ့နေမလား ဆိုတာတွေ … သူမ ခေါင်းထဲ[illegible]တွေးပါ …။



www.burmeseclassic.com

www.burmeseclassic.com



တိုက်တွန်းနှားချ ဖျောင်းဖျနေတာကိုပင် စိတ် အနှေး

အယှက် ဖြစ်မိသည်။ မွန်းကျပ်နေသည်။ မင်းလ မင်္ဂလာ

နီးကပ်လာတဲ့အချိန်မှာပင် အန်တီဇင်က သူမကိစ္စကို မ

မလျော့ စီစဉ်ပေးနိုင်သေးသည်။

ဒီတော့လည်း မတတ်နိုင် ... တွေ့ကြည့်လိုက်ပါဆို

လည်း တွေ့ကြည့်ရတာပေါ့ ...။

ဘယ်လို လက်ဆင်ပေးရမလဲ ... ဆိုတာပါ ခေါင်းထဲ

အကြံထုတ် စဉ်းစားနေမိသည်။

ဒီတစ်ခါ သူမရှေ့မှောက်မှာ ရှိနေသူက ရှိုးခပ်များ

ခပ်ဖြောင့်ဖြောင့် လူတစ်ယောက်ပါပဲ ...။

ဆံပင်တွေကို ဂျဲနှင့်အပေါ် သို့ထောင်ကာ နားကပ်တစ်

ပန်ထားသည်။

မျက်နှာက ခပ်ပြည့်ပြည့် ... လူပုံက အရပ်မြင့်မြင့်၊ ဘော

ကျစ်ကျစ်လျစ်လျစ်နှင့် အားကစားလိုက်စားထားတဲ့ အသွင်

ဖြစ်သည်။

အကျီက ရင်ဘတ်မှာ ပန်းပွင့်တွေ မျဉ်းကြောင်း

ရှုပ်ယှက်ခတ်အောင်ပါသော နှစ်ထပ် တီရှပ် လက်ရှ

လည်ပင်းမှာလည်း ပလက်တီနမ်ဆွဲကြိုး လက်သန်းဖြားလော

ကို ဆွဲထားသေးသည်။

ဘာဏ်ဝင်းစာပေ



ဘောင်းဘီက အိပ်ကပ်တွေခပ်များများနှင့် စတိုင်လ်ပင်

ခန်ဆန်ပင်။ ခြေထောက်မှာလည်း ကမ်းထရီးဘွတ်နှင့် ...။

မင်းသားလျှောက်ဖို့လာတာ ကျနေတာပါပဲ ...။

သူမနှင့် စကားမပြောခင် ရှိုးခပ်ပေးပေးနှင့် တပ်ထားတဲ့

အောင်မျက်မှန်ကို ငယ်ထိပ်ပေါ် ပင့်တင်လိုက်သည်။

ဒီရှပ်ဒီပုံစံမျိုးဆိုရင် ... ယွန်းအုပ်နီတို့ အကြိုက်တွေ့ကာ

သဘောထားတွေ ပြောင်းလဲလာလောက်သည်ဟု ယူဆ

ပုံပင် ...။

ကိုရဲခကဆိုရင် ...

"ယွန်းအုပ်တွေ့ရင် ငုတ်တုတ်တောင် မေ့သွားနိုင်တယ်။

နီးမော်တ အရမ်းချောတယ်၊ ကောင်မလေးတွေ ဝိုင်းနေ

လို့ သတင်းကြားတယ်နော် ...၊ ဒီတစ်ခါတော့ အန်တီဇင်

ပျက်အောင်မလုပ်ပါနဲ့ဗျာ ... နော် ...၊ ခင်ဗျားကို ကြိုတင်

တောင်းပန်ထားပါရစေ"

ဟု တိုက်တိုက်တွန်းတွန်း သတိပေးစကားဆိုခဲ့သေးတာ။

သူ ရုပ်ချောတာတော့ ယွန်းအုပ်လက်ခံရမှာပါပဲ။ ပြုံးစစ

သူ စကားစသည်မှာ ...

"အမှန်အတိုင်းပြောရရင် ... ဒီကိစ္စ မာမီပြောတုန်းက

နှုန်တော် ညစ်နေတာ၊ ရှောင်ထွက်ဖို့ပဲ တွေးထားတာ ပါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



အခုလို ယွန်းကိုတွေ့လိုက်ရတဲ့အချိန်မှာ စိတ်ကူးပြောင်းသွာ...
ဟား ... ဟား ... ဟား"

သူ စိတ်ကူးပြောင်းတဲ့အတွက် ယွန်းအုပ်က ဝမ်းသာ... မလား။ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ကြီးရေ ...။

သိပ်လည်း လျှော့မတွက်ထားပါနဲ့ ...။

ကိုယ့်ကိုကိုယ်လည်း တော်ရုံပဲ အထင်ကြီးစမ်းပါ ...

ယွန်းအုပ်က မေးကလေးပင့်ကာ မထီတရီလေးကြည့်... စိတ်ထဲက ပြောနေမိသည်။

"ယွန်းပုံကြည့်ရတာ အန်တီဇင် ရှာပေးစရာတောင် လို... မထင်ပါဘူး ... ပြော ... ရည်းစားဘယ်နှယောက်ရှိလဲ"

သူမက လက်ချောင်းလေးတွေချိုးကာ ရေတွက်ဟန်... ပြုံးစစလေးဖြင့် ...

"ရှစ်ယောက်"

"ဟောဗျာ ... တကယ် ..."

စကားသံလေးကြားရတော့ ... ဟိန်းမော် ရင်ခုန်လ... ချင်သလို ဖြစ်လာသည်။

ရှေ့ကို ကိုယ်ကြီး အလိုလိုကိုင်းလာသည်။

ကြက်သွေးရောင် လက်ပြတ်ဂါဝန်ရှည်လေး ဝတ်ထ... သူမရဲ့လက်မောင်းစွန်း ဖြူနုနုလေးကိုပင် အသာ...





...ဆွဲလိုက်ချင်မိသည်အထိ ကောင်မလေးက သူ့ကို ညို့ငင် ...ယောင်းနိုင်သည်။

ပုံစံလေးက ဘယ်လိုလေးလဲ ... မခို့တရို့နဲ့ အသည်းယား ...စရာလေး ...။

စူးရှတောက်ပပြီး ... မြူးရီနေတဲ့ မျက်လုံးလေးတွေက ...အနဲ ရင်ဖိုချင်စရာ ...။

သူမနှင့် ဘာကြောင့် စောစောမတွေ့ဖြစ်တာလဲ ဟုပင် ...ဟိန်းမော် နောင်တရချင်မိတဲ့အထိပင် ...။

"ကျွန်တော်က ကိုးယောက်မြောက် နံပါတ်ပေါ့လေ ... ...တီးနိုင်းပေါ့ ..."

"ရှင် ... ကျွန်မကို ဘာလို့တွေ့ချင်တာလဲ"

"ယွန်းကရော ဘာလို့တွေ့ဖို့ လက်ခံတာလဲ၊ အဲ ... ...ပြောက အရှင်းကြီးပဲဗျာ ... နော်"

"ရှင် ထင်သလောက်တော့ မရှင်းဘူး ကိုဟိန်းမော်"

"ဘာလို့လဲ ဆိုပါဦး ..."

"ကျွန်မက ဒီကို ကိုယ့်သဘောနဲ့ကိုယ် ... လာခဲ့တာ ...တ်ဘူး"

"ဟုတ်တယ်လေ ... လူကြီးတွေက တွေ့ကြည့်စေချင် ...လို့ ကျွန်တော်လည်း အစက တာဝန်အရ စိတ်မပါဘဲလာတာ၊ ... ယွန်းကိုမြင်တော့မှ စိတ်ပါလာတာလို့ ဝန်ခံနေသာပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



“ရှင် အရှမ်းစိတ်မလောပါနဲ့ဦး ...”

ယွန်းအုပ်ရဲ့စကားကြောင့် သူ နည်းနည်းတော့ အေး သက်သက်ဖြစ်သွားရသည်။

သူမရဲ့ မျက်လုံးလေးတွေမှာလည်း ... လှောင်ရိပ်လ စိန်ခေါ်သလို အရိပ်လေးလား ... ဘာရယ်ဟု မသဲကွဲ အရိပ်ကလေးတစ်ခု ယှက်သန်းလာသည်ဟု သူ ထင်မိသ

“ရှင့်ကို တစ်ခုပြောပြမယ် ...”

သူမက လေးနက်စွာ တိုးတိတ်စွာ စကားစ,သလို အသံလေးကိုပါ တိုးနှိမ့်လိုက်သည်။

“ရှင်က ကျွန်မအကြောင်းကို မသိလို့ စိတ်ဝင်စား ကိုဟိန်းမော်ရဲ့ ... ရှင့်ကိုသာ လက်ထပ်လိုက်မယ် ဆို ပြဿနာတွေ အရမ်းကြီးသွားလိမ့်မယ် ...”

“ဗျာ ... ဘာဖြစ်လို့လဲ ...”

“ကျွန်မ ဩစတြေးလျက ပြန်လာခဲ့တာ သိပ်မကြာသေး ဘူး ...”

“အဲဒါ ကျွန်တော်သိပါတယ် ...”

“ရှင်မသိတာရှိသေးတယ်၊ ဟိုမှာ ကျွန်မခင်ပွန်း ကျ တယ် ...”

ဟိန်းမော်က မယုံနိုင်စွာ သူမမျက်နှာကို စေ့စေ့ကြ သည်။





“အန်တီဇင်ကို အသိမပေးဘဲ ကျွန်မတို့နှစ်ယောက် ဟိုမှာ တိတ်တိတ်လေး လက်ထပ်ထားကြတယ် ... တစ်နှစ်တောင် ပြည့်တော့မယ် ... တကယ်လို့ သူ့ဆီ ပြန်မသွားတော့ဘဲ ဒီမှာ ရှင့်ကို ယူလိုက်ရင် သူက အေးအေးဆေးဆေးပဲနေမှာတဲ့လား၊ ရှင့်ကို မယားခိုးမှုနဲ့ တရားစွဲမှာပေါ့ ...၊ ကျွန်မယောကျ်ား အကြောင်း ရှင်မသိဘူးနော် ...၊ ဒီကိစ္စ မလွယ်ဘူးဆိုတာသိလို့ ကျွန်မ ရင်လေးနေတာ၊ ရှင့်ကိုဖွင့်မပြောရင်လည်း မဖြစ်ဘူးလေ၊ နောက်မှ ပြဿနာတွေရှုပ်ကုန်ရင် ရှင်လည်း ဘုမသိ ဘမသိနဲ့ တရားခံဖြစ်နေမယ် ... ကျော်မကောင်း ကြားမကောင်းတွေ ဖြစ်မှာစိုးလို့ ...”

“ယွန်း ... ကျွန်တော့်ကို မနှောက်ပါနဲ့ ...”

“ဩော် ... ဒါ နောက်စရာလားရှင်၊ ဘယ်မိန်းကလေးက သိက္ခာည်ပျက်ခံပြီး ယောကျ်ားရှိပါတယ်လို့နောက်မလဲ၊ ဘယ်လိုမှ မရတော့လို့ ဖွင့်ပြောတာပေါ့၊ ရှင့်ဘက်က သတ္တိရှိတယ်၊ တွေ့တူရင်ဆိုင်ဖြေရှင်းကြစို့ဆိုရင်တော့ တစ်မျိုးပေါ့ ဖြစ်ချင်ရာ ... ကျွန်မ ကိုကို့ဆီ ပြန်မသွားတော့ဘူး ...”

ဟိန်းမော်သည် ဘာမှမပြောနိုင်ဘဲ ငြိမ်ကျသွားလေသည်။ မထင်မှတ်သောစကားမို့လည်း ယုံရခက်နေသည်။ ပြောပုံကိုလည်း ကြည့်ဦးလေ ...။



www.burmeseclassic.com

www.burmeseclassic.com



မခံချိမခံသာ ဖြစ်ချင်စရာ ...။

အပျိုစင်လေးတွေ ယူစရာပေါလွန်းလို့များ ...။

လင်ရှိမယားကိုပဲ ပြစ်မှားရဦးမယ် ...။

သူမအရှုပ်ထုပ်ကို သူမဘာသာမရှင်းဘဲ အပြစ်ဇာင်းစင် လေးလို ဟန်ပန်တစ်ခွဲသားနှင့် သူ့ရှေ့ရောက်လာဝံ့သေးတာ အံ့သြစရာကောင်းနေပြီ ...။

ယွန်းအုပ်နီ ဆိုတာ ဘယ်လိုမိန်းကလေးပါလိမ့် ...။

"ကျွန်မလည်း မလွဲမရှောင်သာတဲ့ အကြောင်းတစ် ကိုကို့ကို လက်ထပ်လိုက်ရပေမယ့် ရင်ထဲမှာ တကယ် ချစ်မ ဘူး ...။ တကယ်လို့ ဖွင့်ပြောရင်လည်း အန်တီဇင် သဘော လက်ခံနိုင်မယ့်သူမျိုး မဟုတ်ဘူး၊ ဒါကြောင့် ဖွင့်လည်း မပြော ရဲဘူး ... သူ့ကိုယူမိတာမှားတယ်ဆိုတာလည်း ကျွန်မလည်း သိပါတယ်၊ အရမ်းလည်း နောင်တရတယ် ...၊ ဒီအမှား ဘယ်လိုပြန်ပြင်ရမလဲ ဆိုတာတောင် မတွေးတတ်တော့ပါဘူး"

စိတ်ပျက်သလို ညည်းညူပုံလေးမှာ ရိုက်ပစ်ချင်စ ကောင်းနေသည်။

ဟိန်းမော် ယွန်းကို နှမြောတသစွာ ငေးကြည့်မိသည် သူ့ခေါင်းထဲမှာလည်း အတော်ပူနေပြီ ...။





သူမနှင့်အတူ ယှဉ်တွဲကာ ရှိနေတာပင် ... သူ့အတွက် အန္တရာယ်များသည်။

ဒုသနသော့ ကံကိုလည်း သူကြောက်တာ အမှန်။

အခုန အတင့်ရဲသွားသော စိတ်တွေကိုပင် သူ့ဘာသာ မလုံမလဲ အောင့်သီးအောင့်သက် ဖြစ်သွားရသည်။

"သူနဲ့အရင်ကွာရှင်းပြီးမှ ရှင့်ကိုလာတွေ့သင့်တယ်ဆိုတာ ကျွန်မ တွေးတော့တွေးမိပါတယ် ... ဒါပေမဲ့ ရှင့်ကို ပွင့်ပွင့်လင်းလင်း ပြောပြချင်တာလည်း ပါတယ် ... ဒီကိစ္စကို အန်တီဇင့်ဆီတော့ မပေါက်ကြားပါစေနဲ့နော်၊ ကျွန်မရဲ့သိက္ခာကို ငဲ့ကွက်ပေးတဲ့အနေနဲ့ ရှင့်ဘက်က နှုတ်လုံပေးဖို့ မေတ္တာရပ်ခံပါတယ် ..."

"စိတ်ချပါယွန်း ... ကျွန်တော် နားလည်ပါတယ် ..."

"ယွန်းလည်း စိတ်မကောင်းပါဘူး ..."

သေချာမလေ့လာမိတာ ဟိန်းမော်အမှားလည်း မကင်းဘူး ပေါ့လေ ...။ ကိုယ့်ရဲ့ ညံ့ဖျင်းမှုပဲထားပါ။

ခုခေတ် ကောင်မလေးတွေက အပျိုလား ... အအိုလား အတော်ခွဲခြားရခက်တယ် ဆိုတာတော့ သူ ကောင်းကောင်း လက်ခံသွားရပြီ ...။



www.burmeseclassic.com

www.burmeseclassic.com



လုံးဝကို ထင်စရာမရှိတာ။ ရက်ရက်စက်စက်ကို လန်းတာများ ... ဘေးလူတစ်ယောက်ကသာ ပြောတာဆိုရင် သူ လုံးလုံးယုံနိုင်မှာမဟုတ် ...။

အခုဟာက သူမကိုယ်တိုင် နှုတ်ဖျားလေးက ဖွင့်ဟဝန်ခံတာမို့ သိရတာကိုပင် ကျေးဇူးတင်ရမည့်သဘော ရှိသည်။

ဟိန်းမော်သည် "ရှဲ့ ရှဲ့"၊ "ရှဲ့ ရှဲ့" လုပ်ကာ တစ်ချိုးတည်း ပြေးပါလေတော့သည်။

❦⓪❧



သူသည် မှန်ချပ်ထဲမှာ မြင်နေရသည့် ယွန်းအုပ်နီပုံစံလေးကို စာအုပ်ဖတ်ရင်း မကြာခဏ မော့ကြည့်နေမိ၏။

သူမရဲ့ ဆံပင်အကောက်လေးတွေကို ဖြူတီစပါးမှာ ရွှေသွင်း၊ ဖယောင်းသွင်းနှင့် စိုဒ်ပြောင်လက်နေအောင် Care လုပ်ပေးနေတာကို ရံခါက ထိုင်စောင့်နေရတာဖြစ်သည်။

ယွန်းအုပ်နှင့်ပတ်သက်လျှင် ရံခါစိတ်တွေက ထူးဆန်းစွာဘာကိုမှ မညည်းညူနိုင် မငြီးငွေ့နိုင် ...။

သူမ ဘာပဲလုပ်လုပ် သဘောတကျ ပြုံးနေမိတာချည်းပါပဲ။

ပြောရမည်ဆိုလျှင် သူ ဒီလိုမျိုး မိန်းကလေးတစ်ယောက် ဆံပင်ပြုပြင်တာကို တစ်ခါမှ ထိုင်မစောင့်ဖူးခဲ့တာ အမှန် ...။

အရင်တုန်းက သူ ဒီလောက်လည်း စိတ်မရှည်ခဲ့တာ ပြန်တွေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရံခါက သက်ပြင်းတစ်ချနှင့် မဂ္ဂဇင်းစာအုပ် အပျင်းပြေ လှန်လှောနေခိုက်မှာ ယွန်းအုပ်က မှန်ထဲကတစ်ဆင့် သူ့ထံ ကြည့်မိသည်။

သူ့ကို တစ်ခါတလေ ယွန်းအုပ် ခိုးငေးမိသည်။ မျက်လုံးတွေကို ချက်ချင်းလွှဲမရ ...။

တည်ငြိမ်အေးဆေးလှသော သူ့ပုံစံကို နှစ်သက်သဘောကျသည်။ လေးထောင့်စပ်စပ်နှင့် ယောကျ်ားပီသသော မျက်နှာကျပုံကိုရော ...၊ မျက်ခုံးထူထူတန်းတန်းနှင့် စူးရှတည်ငြိမ်တဲ့ မျက်လုံးမျက်ဖန် ရွှန်းမြီရီကိုရော ...၊ ပီရိသေသပ်ပြီး အလျားအနည်းငယ်ရှည်ပုံလေးနှင့် နှုတ်ခမ်းထူထူကိုရော ...၊ ပုံသွင်းထားတဲ့ ပါးမြိုင်းမွေးရေးရေးကိုရော ...အားလုံးနှစ်သက်သည်။

သူ့မျက်နှာက စွဲမက်စရာကောင်းအောင် ဆွဲဆောင်မှုရှိသည်ဟု ယွန်းအုပ် ထင်မိသည်။

တစ်စုံတစ်ယောက်ကို သူ ကြည့်လိုက်တဲ့ အခါတိုင်း သူ့မျက်လုံးတွေမှာ နူးညံ့ပျော့ပျောင်းသက်ဝင်မှုရှိနေတတ်သည်။

သူနှင့်မျက်လုံးချင်း ဆုံကြည့်ရတာပင် တစ်မျိုးလေး နွေးထွေး ရင်ဖိုစရာ ကောင်းသည်။

"ကြည့်ပါဦး အစ်မ ... တော်ပြီလား ...၊ ဘေးက ဆံပင်အမြှောင်းချချင်သေးလား ..."

ဥာဏ်ဝင်းစာပေ



ဆံပင်ပေါင်းတင်ပေးတဲ့ ကောင်မလေးရဲ့မေးခွန်းကြားမှ သူမ ဖျတ်ခနဲ ပြုံးမိရင်း ...

"ရပါပြီ ... တော်ပါပြီ၊ ဒီတိုင်းပဲ ကြိုက်တယ် ..."

ဆိုလည်ခုံပေါ်က ဆင်းလာပြီး ကိုရံခံ အနားလျှောက်လာရင်း ...

"စောင့်ရတာ ပျင်းနေပြီမို့လား ..."

"မပျင်းပါဘူး ... ရပါတယ် ..."

"ပြီးပါပြီ ... ယွန်းအုပ် ကက်ရှာမှာ ပိုက်ဆံရှင်းပေးလိုက်ဦးမယ် ..."

ရံခါက သူမနှင့်အတူ ကက်ရှာစားပွဲဆီသို့ လျှောက်လာသည်။ ထို့နောက် ဖြူတီဆလွန်းထဲမှ အတူထွက်လာရင်း ...

"အိမ်ပြန်မှာမဟုတ်လား ... ယွန်းအုပ်"

"မပြန်သေးပါဘူး ...၊ အိုက်စ်ကော်ဖီ သွားသောက်ဦးမယ်"

ရံခါက ခေါင်းညိတ်သည်။ သူမ သွားချင်တဲ့နေရာ လိုက်ပို့ပေးဖို့ အသင့်ပဲလေ ...။ သတိထားပြီး ယွန်းအုပ်နှင့် ခပ်ခွါခွါ လျှောက်သော်လည်း သူ့နှုတ်ခမ်းတွေကတော့ ကျေနပ်စွာ ပြုံးနေမိ၏။

သူသည် ယွန်းအုပ်နားမှာ နေခွင့်ရတဲ့အချိန်လေးတွေကို မြတ်နိုးနေမိသည်။ တိတ်တဆိတ် ကြည်နူးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့လည်း သူနှင့် ယွန်းအုပ်ဟာ ဘယ်လိုမှ မနီးစပ်ဘူး ဆိုတာလည်း သူ သိနေပါသည်။

ကော်ဖီဆိုင်ကလေးထဲရောက်လျှင် မျက်နှာချင်းဆိုင်ခုံမှာ ထိုင်ဖြစ်ကြသည်။

ယွန်းအုပ်က ကော်ဖီအေးကို ပိုက်တံလေးမှတစ်ဆင့် စုပ်ယူသောက်လိုက်သည်။ ရုံခက သူမရဲ့ဟန်ပန်အမူအရာလေးတွေကို ထုံးစံအတိုင်း မမှိတ်မသုန် ကြည့်နေမိသည်။

မျက်လွှာလေး ချလိုက်တဲ့အခါ မည်းနက် ကော့ပြန်တဲ့ မျက်တောင်စိပ်စိပ်ကလေးတွေကအစ ကြည့်လို့ကောင်းသည်။

သူမကို ကျောင်းကလေးတွေ စိတ်ဝင်တစားရှိကြတာလည်း မပြောနှင့်။ သူမက ချစ်စရာကောင်းလွန်းတာကိုး ...။

ရုံခသည် ရုတ်တရက် သူမကို ပြောစရာရှိတာ ... သတိရသွား၏။

"ယွန်းအုပ်ကို သဘောကျနေတဲ့ သူငယ်ချင်းတစ်ယောက် ရှိတယ်"

သူ့စကားကြောင့် ... ယွန်းအုပ်မျက်နှာလေး ဆတ်ခနဲ မော့လာသည်။ သူ့ကို မျက်မှောင်လေး ကုတ်လျက် စေ့စေ့ကြည့်ရင်း ...

"ဘာပြောလိုက်တယ်"

"ကျွန်တော့်သူငယ်ချင်းပါ။ နာမည်က ညို့ဦးတဲ့"



"အဲဒါ ဘာဖြစ်လဲ"

"မိတ်ဆက်ပေးချင်တယ်"

"လာပြန်ပြီ ..."

သူ့မျက်နှာက ရယ်ကျဲကျဲလေးဖြစ်လာသည်။ ဟွန်း ... အမြင်ကတ်ဖွယ်ပဲ။

ယွန်းအုပ်က မကျေမနပ် မျက်စောင်းခဲလိုက်၏။

"ဘာဖြစ်လို့လဲ၊ အနည်းဆုံးတော့ ယွန်းအုပ်မှာ မိတ်ဆွေတိုးတာပေါ့"

"မျက်စောင်းမထိုးနဲ့လေ ... စဉ်းစားသင့်တဲ့ လူ တစ်ယောက်မို့လို့ ချပြတာပါ"

ယွန်းအုပ်က သူ့ကို ကြည့်မရစွာ စိတ်ထဲ ခံပြင်းသလို ဖြစ်လာရသည်။

သူလည်း အန်တီဇင်နှင့် တစ်သဘောတည်း ... စိတ်တူအကြံတူပဲလေ။

အခုထိ လက်မလျှော့ကြသေး ...

အဲလို သူ ပြောလိုက်တာ ... ယွန်းအုပ်ရင်ထဲ နာကျင်ထိခိုက်ရသည်။

တခြားတစ်ယောက်နဲ့ ရည်ရွယ်တွန်းပို့တဲ့ စကားမျိုး ... သူ့နှုတ်ဖျားကနေ ကြားရတာ အင်မတန် အခံရခက်သည်။

www.burmeseclassic.com



ယွန်းအုပ် တိတ်တဆိတ် ဝမ်းနည်းရသည်။

ရှင်သဲ ဘာဖြစ်မှန်းမသိ တင်းကျပ်ပြီး ဒေါသဖြစ်သည်။

"ညီ့ဦးကလည်း ပြောပေးပါဆိုလို့ ..."

"ကိုရံခ ညီမ,ရှိရင် ပြောပေးလိုက်ပေါ့ ..."

သူမ ဘုတောတော့ ရံခ က ရယ်လိုက်သည်။

ပြီးတော့ သူမကို ပြုံးစေ့စေ့လေး ဝိုက်ကြည့်ကာ ...

"ဒါလည်း ညီမပဲလေကွာ ... မဟုတ်ဘူးလား၊ အန်တီဇင် ကိုယ်တိုင် အပ်ထားတာပဲ"

ယွန်းအုပ်က သူ့ထံမှ မျက်နှာလွှဲလိုက်သည်။

"ဘယ်လိုလဲ ... တစ်ရက်လောက်မိတ်ဆက်ပေးရမလား"

"ရှင် ဘယ်လိုဖြစ်နေတာလဲ ... ဒါပဲ လိုက်ပြောနေတာပဲ။ မုန်းလာပြီ ..."

"အား ... နေရင်းထိုင်ရင်း ... အမုန်းခံနေရပါလား။ ကျွန်တော်က အဆင်ပြေသွားစေချင်တဲ့ စေတနာ ..."

"လာမပြောနဲ့ ..."

ယွန်းအုပ်က သူ့စကားကိုဖြတ်ကာ ကြိတ်အော်လိုက်၏။ သူမပုံစံလေးကိုကြည့်ကာ ရံခက ပခုံးတွန့်လိုက်မိသည်။

တော်တော်မလွယ်တဲ့ ကောင်မလေး ...။

သံယောဇဉ်တွယ်စရာ အဖော်တစ်ယောက် မလိုအပ်ဘူးလို့ ခင် ထင်သလား ...



တယူသန်ဆန်တဲ့ ... ခေါင်းမာမာကောင်မလေးကို သူ ဘယ်လို စိတ်ရှည်ရှည် အကျိုးတော်ဆောင်ရပါ့မလဲ။

"ဘာမှ စိတ်အနှောင့်အယှက်ဖြစ်စရာ မလိုဘူးလေ ...။ တစ်ခါလောက်တော့ စကားပြောကြည့်တာ မမှားပါဘူး"

"ရှင့်သဘောပဲလေ ... ဒါပေမဲ့ ကျွန်မကတော့ လုံးဝ စိတ်မပါဘူး ဆိုတာ ကြိုပြောထားလိုက်မယ်"

သူမရဲ့ ဂျစ်ကန်ကန်အပြောလေးကြောင့် ရံခ ရင်မောရသည်။ ဒီတာဝန်ကို ထမ်းဆောင်ရတာ ဘယ်မျှ စိတ်ပင်ပန်းသလဲ ... သူကိုယ်တိုင်ပဲ သိပါသည်။

တကယ်လို့များ သူမ တစ်ယောက်ယောက်နှင့် ပြေလည်သွားတဲ့အခါ အခုလိုနီးစပ်ပတ်သက်ခွင့်ရှိတော့မှာမဟုတ်တော့။

ဒါဆိုရင် အတူတူရှိခဲ့ဖူးတဲ့ အတိတ်က အချိန်လေးတွေကို သူ ပြန်လည်လွမ်းဆွတ် တမ်းတနေမိမှာ သေချာသည်။

တစ်စုံတစ်ယောက် မခူးဆွတ်မီ အနားမှာ ထိုင်ကြည့်နေရတဲ့ ပန်းကလေးတစ်ပွင့်လိုပါပဲ ယွန်းအုပ်နီရယ်။

ဒီပန်းကလေးကို ငါ့မှာ ခူးဆွတ်ပိုင်ခွင့် မရှိပါဘူး။

ဒါကြောင့် မြတ်နိုးစိတ်နဲ့ ငေးကြည့်မိတာ ခွင့်ပြုပါ။

~၀~

www.burmeseclassic.com

www.burmeseclassic.com

"အဲဒီ ကိုညို့ဦးဆိုတာ ဘယ်လိုလူစားလဲဟင် ကိုရဲခ ..."

ယွန်းအုပ်နီက သူ့မျက်နှာကို စေ့စေ့ကြည့်ကာ မေးလိုက်သည်။

သူက သဘောတူတယ်ဆိုတော့ ... ဘယ်လိုလူများလဲ သိချင်မိကာ နှုတ်ခမ်းလေး မသိမသာမဲ့လိုက်မိသေး၏။

နေလှိုင်းရဲခက ကားကို လမ်းထဲ ဖြည်းဖြည်းမောင်းဝင်သာရင်း ...

"သာမန်ပါပဲ ... ရုပ်ကတော့ ယောကျ်ားပီသတယ်၊ စီးပွားရေးအနေနဲ့ကတော့ သူ့မိဘနှစ်ပါးစလုံးက ဂျပန်မှာ။ သူ့အစ်ကို ကိုမြတ်ဦးက ဒီကိုပြန်လာပြီး ရက်စတောရင့် ဖွင့်ထားတယ်။ ညို့ဦးက လောလောဆယ်တော့ ကိုယ်ပိုင်စီးပွားရေး သပ်သပ် ဘာမှမလုပ်သေးဘဲနဲ့ မြတ်ဦးဆိုင်မှာပဲ ဝင်ကူညီ



www.burmeseclassic.com

www.burmeseclassic.com



နေတယ်။ အသက်က နှစ်ဆယ့်ရှစ်ထဲမှာ။ ရည်းစားတွေ ထား
ပေမယ့် ယူချင်လောက်အောင် ချစ်ရတဲ့ မိန်းကလေး မတွေ့
ဘူးတဲ့ ...”

“အကျင့်စာရိတ္တကိုရော ရှင် အာမခံနိုင်မလား ...”

“ကျွန်တော်သိသလောက်တော့ ... ဟော့ဟော့ရမ်း
ဘာမှမရှိပါဘူး”

“သေချာရဲ့လား”

“ယွန်းအုပ်လည်း လေ့လာကြည့်ဦးမှာပဲ မဟုတ်လား”

“အသောက်အစားရော ...”

“ဒီကောင် ဘီယာတော့ ကြိုက်တယ်”

“ဘာရယ် ...”

“ဒါပေမဲ့ အမြဲတမ်းသောက်နေတာမျိုးတော့ မဟုတ်ပါ
သူက ယွန်းအုပ်နဲ့ စကားပြောကြည့်ချင်တယ်ဆိုလို့ မိတ်ဆ
ပေးရုံသက်သက်ပါ။ ကျွန်တော့်ဘက်က ဘာမှ မတိုက်တွ
သေးဘူးလေ”

“သူက ဘာလို့ ယွန်းအုပ်နဲ့ စကားပြောချင်တာလဲ”

ရုံခက ကားကို ရက်စတောရင့် ဖွင့်ထားတဲ့ ခြံဝင်း
ချိုးကွေ့ကာ မီးထွန်းထားသော ခရေပင်ပုပုလေး အနီး
ထိုးကပ်ပြီး ရပ်လိုက်သည်။





ယွန်းအုပ်နီရဲ့မေးခွန်းဟာ တကယ်တော့ ပြောစရာမလိုတဲ့
ခွန်းကြီး ...။

ယောက်ျားလေးတစ်ယောက်က အလကားနေရင်း စကား
ပြောခွင့်တောင်းမှာမဟုတ်ဘူးဆိုတာလည်း သူမ သိမှာပဲလေ။
စိတ်ဝင်စားလို့ဆိုတာ အထူးပြောစရာ လိုဦးမှာလား။

“ကိုရုံခက ယွန်းအုပ်အကြောင်းတွေ ဘာတွေသွားပြော
ထားလို့လဲ ...”

ရုံခ မျက်ခုံးပင့်လိုက်မိသည်။

သူ့ကို ပြဿနာရှာချင်တာလား။

“ယွန်းအုပ် ချစ်သူရွေးနေတာတော့ သူ သိတာပေါ့ဗျာ”

“အဲဒါ ... ရှင်ဖွတာပဲ မဟုတ်လား”

“မဟုတ်ပါဘူး၊ ကျွန်တော် အန်တီဇင်နဲ့ ဖုန်းပြောနေတာကို
ကြားမိလို့ စကားစပ်ဖြစ်သွားတာပါ ... တမင်ကြေညာတာ
ဟုတ်ဘူး”

“မယုံပါဘူး ...”

“ဟ ... ယွန်းအုပ်က ကျွန်တော့်ကို အမြင်စောင်းနေပြီ”

“မစောင်းဘဲရော ... နေမလား”

“ဗျာ ...”

“ရှင်ပဲ ခဏခဏ ကြပ်ပေးနေတာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"အန်တီဇင်က ပြောတယ် ... မင်းသူငယ်ချင်းတွေထဲ
လူကောင်းသူကောင်း ဟန်ကျပန်ကျရှိရင်လည်း ပြောပါတဲ့"

"သူ မှာထားလည်း ရှင်ပြောစရာလား ..."

ယွန်းအုပ်က သူ့အပေါ်ပဲ ရှက်ရမ်းရမ်းချင်မိလေသည်

တကယ်တော့ ... ဒါတွေကို အန်တီဇင်ပဲ စီစဉ်ဖန်
နေတာ သူမ မသိတာလည်းမဟုတ်ပါဘူး။

ယွန်းအုပ် ဒီမရောက်ခင်ကတည်းက ... သင့်တော်
ဘဝအဖော်မွန် ရှာဖွေရေး စီမံကိန်းဟာ ရှိကိုရှိနေခဲ့ပြီးသား

ငြင်းလို့လည်း အကြောင်းမှမထူးတာ ...။

"ဒီတစ်ခါတော့ ညို့ဦးကိုယ်တိုင်ကလည်း ကျွန်တော့်
ပူဆာလို့ပါ"

"ရှင်ကရော ... ယွန်းအုပ်ကို ယောက်ျားမြန်မြန်ရ
ချင်ပြီလား ..."

မျက်စောင်းဝင့်ကာ မေးလိုက်တဲ့ပုံကြောင့် ရဲခ မပြုံး
မနေနိုင်။

"ဟုတ်တယ် ... ရစေချင်ပြီ"

"ဘာ ..."

"ဒါမှ နားပူသက်သာမှာလေ"

ယွန်းအုပ်နီသည် သူ့ကို မကျေမနပ် ... စူးစူးရဲရဲ
စိုက်ကြည့်နေမိသည်။





သူဟာ ဘာခံစားချက်မှမရှိတဲ့ သူလိုပါပဲ။

ယွန်းအုပ်မှာသာ သူနှင့်အတူ သွားလာပတ်သက် ခင်မင်
ရင်းက သူ့အပေါ် သံယောဇဉ် တွယ်နေရတာ။

သူကတော့ အန်တီဇင်ခိုင်းတဲ့ တာဝန်ယူဖို့ကလွဲရင် ဘာမှ
ထဲရှိပုံမရ ...။

ယွန်းအုပ်နီရင်ထဲမှာ အားငယ်ဝမ်းနည်းသလိုပင် ခံစား
သည်။

"ဘာကြည့်နေတာလဲ"

"ရှင့်ကို မကျေနပ်လို့"

"ဟောဗျာ ... ကျွန်တော်က ယွန်းအုပ်ကို ဘာလုပ်မိလို့
လိမ့်"

"ရှင် သိပ်တော်နေလို့ပေါ့။ အန်တီဇင်ပြောတဲ့လူတွေထင်
တာဘဲ ရှင့်သူငယ်ချင်းတွေပါ ဆွဲထည့်လာနိုင်တာကို အံ့သြလို့ပါ"

"ညို့ဦးနဲ့ဆိုရင် ယွန်းအုပ်လည်း သဘောကျချင် ကျနိုင်
တာပဲလေ။ ကျွန်တော့်ကိုတောင် ကျေးဇူးတင်ချင် တင်သွား
မှာ ..."

"အံမယ် ..."

"သူက ဆွဲဆောင်မှုရှိတယ်၊ ဟော ... ဟိုမှာ သူ ထွက်
လာပြီ ..."



www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်မှာ စတစ်ကာအရုပ်ပါသော တီရှပ်လက်စ
ပေါ်က,နေ ... ကိုရီးယားမင်းသားစတိုင်လ် လည်စီးပဝါ
ခပ်လျော့လျော့ လည်မှာပတ်လျက် လယ်သာဘောင်းဘီအနီ
နှင့် ရှိုးကျကျ ခပ်မတ်မတ် လျှောက်လာနေသော လူရွယ်
တစ်ယောက် ...။

သူ့ခြေလှမ်းတွေက ရှံခရဲ့ကားဆီ ဦးတည်လျက် ...။

ဆံပင်က အဖြောင့်ခပ်ဝဲဝဲ တစ်ခြမ်းစောင်းပုံစံမျိုးဖြစ်သည်
ကြည့်ရတာ သူ့ကိုယ်သူ ... မင်းသားတစ်ယောက်လို သ
တတ်တဲ့ သူပဲဖြစ်မှာ။

မျက်နှာကလည်း အသားအရောင်ဝင်းလျက် တင်းပြော
နေသည်။ ပါးလည်း ဖောင်းသည်။ ယောကျ်ားလေး
ပါးဖောင်းတာကို ယွန်းအုပ် လုံးဝမကြိုက်။

မျက်နှာပါးလျလျ ခပ်ကျကျနှင့် လေးထောင့်ဆန်သော
မေးရိုးတည်ဆောက်ပုံကိုမှ သဘောကျသည်။

အနီးစပ်ဆုံး ဥပမာပေးရရင် ကိုရှံခမျက်နှာမျိုးပေါ့။

"အဲဒါ ညို့ပဲ ... ဘယ့်နှယ်လဲ မိုက်တယ်မဟုတ်လား"

သူက ကားမှန်ကနေ စူးစိုက်ကြည့်ပြီး ... ယွန်းအုပ်ဘ
လှည့်ပြောလိုက်သည်။

"မိုက်ပါဘူး ..."





ယွန်းအုပ်နီ ရှုံ့မဲ့ကာ တီးတိုးပြောလိုက်ချိန်မှာ သူက တစ်စ
တစ်စ ကားနားသို့ နီးကပ်လာလေပြီ။

အနားသို့ရောက်လျှင် အခါတော်ပေးကြီး ရှံခကို ပြုံးပြ၍
နှုတ်ဆက်ပြီး သူမဘက်က ကားတံခါးကို ခပ်သွက်သွက်ပဲ
ဖွင့်ပေးလိုက်ပါသည်။

"ကြွပါခင်ဗျာ ... ယွန်းတို့ကို ကျွန်တော်စောင့်နေတာ
ညနေကတည်းကဗျ ..."

"ဒါကတော့ မင်းဘာသာ ဝီရိယပိုတာပဲ ညို့ဦးရ ...။
ငါပြောတာ ... ညခုနစ်နာရီကျော်ပါကွာ ... ငါလာတာ
လုံးဝကွက်တိပဲ"

ညဦးပိုင်းမို့ ဆိုင်ထဲမှာ လူရှင်းနေပါသည်။

အပြင်ဘက်စားပွဲဝိုင်းတွေမှာဆိုရင် တစ်ဦးတစ်ယောက်
မျှပင် မရှိသေး။

ညို့ဦးက ချိုသာစွာ ပြုံးငဲ့ကြည့်ရင်း ... ယွန်းအုပ်နီကို
အရေးတယူ ကြိုဆိုသည်။

"လာပါ ... အပြင်စားပွဲမှာပဲ ထိုင်မလား"

"ကောင်းသားပဲကွ ..."

ရှံခစကားကို ...

"ယွန်းကြိုက်တဲ့နေရာ ရွေးပါစေကွာ"



www.burmeseclassic.com

www.burmeseclassic.com



အခုမှတွေ့ပေမယ့် ညို့ဦးက ယွန်းအုပ်ကို မျက်နှာလုပ် ဦးစားပေးပါသည်။

ရွှေရောင် ဂါဝန်ရှည် အကျပ်လေးပေါ်က ဝေ့စကုတ် အနက်လေး ထပ်ဝတ်ထားသော ယွန်းအုပ်နီပုံစံက စမတ်ကျကျ လေး ဆွဲဆောင်ဖမ်းစားနိုင်သည်။ ခွါချွန်ဖိနပ်ကြိုးချည်လေးကို စီးကာ တဖျပ်ဖျပ်လျှောက်သွားပုံက ရှင်းကြော့စတိုင်လ်ကျလှ ပါသည်။

ရံခါ တစ်လှမ်း မသိမသာ နောက်ချန်နေခဲ့ရင်း ... သူတို့နှစ်ယောက် လိုက်ဖက်ညီသားပဲဟု မှတ်ချက်ချနေမိသည်။

ရုပ်ချင်းကတော့ အချောညီ တင့်တယ်နေတာအမှန်ပါ။

သို့သော် အခြေအနေက ဘယ်လိုလာမည် မသိသေး။

"ဒီမှာပဲထိုင်မလား ယွန်း ..."

"ဟုတ်ကဲ့"

အပြင်ဘက်စားပွဲဝိုင်းမှာ နေရာယူလိုက်သည်။

"ဘာစားမလဲ ... ယွန်း ဘာတွေကြိုက်တတ်လဲ"

"ရပါတယ် ... ဂျုံ့စ်တစ်ခုခုပဲ သောက်မယ်"

"ဟာ ... ဘယ်ဟုတ်မလဲ၊ ဂျုံ့စ်နဲ့တော့ မရပါဘူးဗျာ။ စားချင်တာအကုန်ပြော ..."

"ညို့ ... မင်းတို့ဆိုင်မှာ ကင်ချီရတယ် မဟုတ်လား။ ကင်ချီအသုပ်လေကွာ"





"အေး ... ရတယ်"

"အဲဒါ သူကြိုက်တယ်ကွ"

"ဟုတ်လား ... မှာလိုက်မယ်နော်"

"ငါ့အတွက်က ထမင်းကြော်နဲ့ ကဏန်းမဆလာဟင်း"

ဘီယာသောက်ချင်သော်လည်း ယွန်းအုပ်နီပါလာ၍ မှာလို့ မဖြစ်ပေ။

ညို့ဦးက ဝိတ်တာကောင်လေးတစ်ယောက်ခေါ်ပြီး ... လိုတာတွေ သေချာမှာသည်။

ကောင်ကလေးက မှာတာတွေ လာချပေမယ့် အနားမှာ မနေပေ။ ဒါက ညို့ဦးရဲ့ ကြိုတင်မှာကြားထားမှု ဖြစ်လိမ့်မည်။

သူကရော ...။

သူ့အနားမှာ ဆက်နေသင့်လား ...။

သူမှာထားတာတွေလည်း လာမချသေးတာမို့ အတော်ပင်။

"မြတ်ဦးရှိလား ညို့"

"... ရှိတယ်"

"ငါ သူနဲ့ ခဏ သွားစကားပြောဦးမယ် ... မတွေ့တာ ကြာပြီကွ"

ရံခါ ရှောင်ပေးပုံက အသိသာကြီးပင် ...။ ညို့ဦးတော့ ပြုံးဖြီးဖြီးနှင့် သဘောကျသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အလိုက်သိတတ်တဲ့ ဒီကောင်ကြီးကို ကျေးဇူးဆပ်ရဦးမည်။

ရုံခ ထွက်သွားတာနှင့် ညှို့ဦးအကြည့်က ယွန်းအုပ်နီဘက် ရစ်ဝဲလာသည်။

ချစ်စရာကောင်းလိုက်တဲ့ မျက်နှာလေးကွာ။

ညှို့ဦးက မချင့်မရဲ စိုက်ကြည့်နေမိသည်။

ယွန်းအုပ်က ဖန်ခွက်ထဲကပိုက်တံလေးကို ဆော့ကစားရင်း ရင်ထဲမှာ သူမကို ပစ်စလက်ခတ်ထားသွားနိုင်တဲ့ ရုံခကိုသာ မကျေမနပ် ဖြစ်နေမိသည်။

သူ့သူငယ်ချင်းအပေါ် သိပ်သိတတ်နေသည်။

မုန်းစရာကောင်းလိုက်တာ ... ။

"သောက်ပါဦး ... ယွန်းက တိတ်နေတော့ ကိုယ် ဘာပြောရမလဲ"

ယွန်းအုပ်က ညှို့ဦးကို အားနာပြုံးလေး ပြုံးပြလိုက်၏။

"မသိဘူးလေ ... ကိုညှို့ဦး ပြောစရာရှိတယ်ဆိုပြီး ကိုရုံခက ခေါ်လာတာပဲဟာ"

"ရုံခက ကိုယ့်အကြောင်း ဘာတွေပြောလဲ ..."

"သူလား ... သူက အကောင်းပဲ ပြောတာပေါ့ ..."

"သူ့စကားက မုသာဝါဒ ကင်းပါတယ်"

ညှို့ဦးက သူမကို စူးစူးရှရှ မမှိတ်မသုန် စိုက်ကြည့်နေတာမို့ ... ယွန်းအုပ် ရှက်အမ်းအမ်းဖြစ်မိသည်။





သူ ထိုင်ကြည့်ဖို့ အရုပ်တစ်ရုပ် ချထားပေးတဲ့အတိုင်းပဲ။

သူ့ကိုများ ရင်ခုန်ဖို့ဝေးစွ ...

"ယွန်း ..."

"ရှင် ..."

"ကိုယ့်ကို ဘယ်လိုမြင်လဲ"

"ဘာကို မေးတာလဲ"

"ရုံခ ပြောထားတယ်ဆို ..."

"သူပြောတာက ထွေထွေထူးထူး မဟုတ်ပါဘူး"

"ကိုယ်က လူပျိုလူလွတ်၊ လက်ထပ်ဖို့ အဖော်ရှာနေတဲ့သူဆိုတာ ... မှန်ပါတယ်။ ယွန်းနဲ့ ကိုယ်နဲ့ ရည်ရွယ်ချက်ချင်း တူနေမလား"

"ဟင့်အင်း ... မတူဘူး"

သူမနှုတ်က မြန်မြန်ဆန်ဆန်ပင် ... ဆန့်ကျင်ဘက်စကား ထွက်လာခဲ့သည်။

"ဘာလို့လဲ"

"ကျွန်မက အဖော်ရှာနေတဲ့သူမဟုတ်ဘူး ... ကိုညှို့ဦးရဲ့ အန့်တီဇင်ကသာ အတင်းအကျပ် နားချနေတာ"

"အဲဒါဆိုလည်း ဘာထူးလဲကွာ ... ယွန်းလည်း ဒီကိစ္စကို စဉ်းစားနေရမှာပဲ မဟုတ်ဘူးလား၊ ကိုယ့်ကို စဉ်းစားကြည့်မယ်ဆိုရင်ကော ..."



www.burmeseclassic.com

www.burmeseclassic.com



ဟောဟောဒိုင်းဒိုင်း ပွင့်ပွင့်လင်းလင်း သူ့မေးခွန်းကြောင့် ယွန်းအုပ် အနည်းငယ် နေရခက်သွားမိသည်။

ညို့ဦးကလည်း သူတို့နှစ်ယောက်ကြားမှာ ... ရဲခကဲ့သို့ ကြားလူခံရှိနေ၍ အပိုတွေမသွယ်မဝိုက်ဘဲ တဲ့တိုးပြောလိုက်တာ ဖြစ်သည်။

သူမ မျက်လုံးနည်းနည်းတော့ ဝိုင်းသွားခဲ့၏။

"ကိုယ် ဒီလိုပြောလို့ အံ့သြသွားတယ်ထင်တယ် ..."

"အင်းပေါ့ ... ကျွန်မတို့ အခုမှ စ,တွေ့တာလေ"

"ဒါပေမဲ့ ရဲခဆီက ဓာတ်ပုံယူကြည့်ထားတော့ ကိုယ့်စိတ်ထဲမှာ ယွန်းကို ရင်းနှီးနေတယ် ..."

"ဘယ်လို ... သူ့ဆီက ဓာတ်ပုံ ... မဟုတ်လား၊ ကျွန်မ မပေးမိပါဘူး"

"ဟား ... ဟား ... ရဲခဆီမှာ ရှိတာပဲ"

"ရှင့်သူငယ်ချင်းက အောင်သွယ်တော်ကြီးလုပ်ဖို့ ... သိပ် ဝါသနာပါပုံရတယ်"

"အကျိုးတော်ဆောင်ပါ ...၊ ဒီကောင်က သဘောကောင်းပါတယ်"

သူက ရဲခကို ချီးမွမ်းသည်။ ယွန်းအုပ်အတွက်ကတော့ အမြင်ကတ်ဖွယ်ပင်။





ဒင်းကို စိတ်ထဲမှာ ခံပြင်းနေမိသည်။

"မင်းပုံစံဆိုရင် ယွန်းအုပ်နီ သဘောကျမှာပါ တဲ့။ သူ မြှောက်ပေးလို့ ကိုယ်လည်း ပြောရဲဆိုရဲဖြစ်သွားတာပေါ့ ...။ ယွန်းအကြောင်းကို ကြားဖူးနားဝရှိနေတော့ အစိမ်းသက်သက်ကြီး ဖြစ်မနေဘူးလေ ... ဒါကြောင့်ပါ။ တစ်မျိုးတော့ မထင်ပါနဲ့ဗျာ။ ကိုယ် လောမိတာလည်း ပါမှာပေါ့ ...။ ကိုယ်က အဲလို ရှင်းရှင်းသမားပဲ ..."

"အဲဒါ ကိုရဲခ မှားနေတာ ... ရှင့်ပုံစံကို ကျွန်မ သဘောကျလိမ့်မယ်လို့ သူက ဘာကြောင့်ပြောနိုင်မှာလဲ ...၊ ကျွန်မစိတ်ထဲ ဘာရှိတယ်ဆိုတာ သူ ဘယ်လိုသိနိုင်မှာလဲ ...၊ တကယ်တော့ မိန်းကလေးတစ်ယောက် ဘဝအဖော်မွန် ရွေးတယ်ဆိုတာ ထင်သလောက် မလွယ်ဘူးရှင့် ..."

"ဒါလည်း ဟုတ်ပါတယ်။ ယွန်းပြောတာ မှန်ပါတယ်။ ကိုယ်ကိုယ်တိုင်တောင် ... မိန်းကလေးတွေ အများကြီး တွေ့ဖူးပေမယ့် ဇနီးမယားရွေးဖို့ကျ ခက်နေသေးတာပဲ ..."

ဘဝင်မြင့်ကာ ... ကိုယ်ရည်သွေးချင်သော ယောကျ်ား တစ်ယောက်ကို ယွန်းအုပ် အထင်မကြီးနိုင် ...။

သူဟာ အတ္တကြီးကြီးထဲကပဲ ဖြစ်လိမ့်မည်။

ဘယ်လိုဇနီးမယားမျိုးကိုများ ပိုင်ဆိုင်နိုင်ဖို့ စိတ်ကူးထားပါလိမ့် ...။



www.burmeseclassic.com

www.burmeseclassic.com



ဟောဟောဒိုင်းဒိုင်း ပွင့်ပွင့်လင်းလင်း သူမေးခွန်းကြောင့် ယွန်းအုပ် အနည်းငယ် နေရခက်သွားမိသည်။

ညို့ဦးကလည်း သူတို့နှစ်ယောက်ကြားမှာ ... ရဲခကဲ့သို့ ကြားလူခံရှိနေ၍ အပိုတွေမသွယ်မဝိုက်ဘဲ တဲ့တိုးပြောလိုက်တာ ဖြစ်သည်။

သူမ မျက်လုံးနည်းနည်းတော့ ဝိုင်းသွားခဲ့၏။

"ကိုယ် ဒီလိုပြောလို့ အံ့သြသွားတယ်ထင်တယ် ..."

"အင်းပေါ့ ... ကျွန်မတို့ အခုမှ စ,တွေ့တာလေ"

"ဒါပေမဲ့ ရဲခဆီက ဓာတ်ပုံယူကြည့်ထားတော့ ကိုယ့်စိတ်ထဲမှာ ယွန်းကို ရင်းနှီးနေတယ် ..."

"ဘယ်လို ... သူ့ဆီက ဓာတ်ပုံ ... မှုတ်လား၊ ကျွန်မ မပေးမိပါဘူး"

"ဟား ... ဟား ... ရဲခဆီမှာ ရှိတာပဲ"

"ရှင့်သူငယ်ချင်းက အောင်သွယ်တော်ကြီးလုပ်ဖို့ ... သိပ် ဝါသနာပါပုံရတယ်"

"အကျိုးတော်ဆောင်ပါ ...၊ ဒီကောင်က သဘောကောင်း ပါတယ်"

သူက ရဲခကို ချီးမွမ်းသည်။ ယွန်းအုပ်အတွက်ကတော့ အမြင်ကတ်ဖွယ်ပင်။





ဒင်းတို့ စိတ်ထဲမှာ ခံပြင်းနေမိသည်။

"မင်းပုံစံဆိုရင် ယွန်းအုပ်နဲ့ သဘောကျမှာပါ တဲ့။ သူ မြှောက်ပေးလို့ ကိုယ်လည်း ပြောရဲဆိုရဲဖြစ်သွားတာပေါ့ ...။ ယွန်းအကြောင်းကို ကြားဖူးနားဝရှိနေတော့ အစိမ်းသက်သက်ကြီး ဖြစ်မနေဘူးလေ ... ဒါကြောင့်ပါ။ တစ်မျိုးတော့ မထင်ပါနဲ့ဗျာ။ ကိုယ် လောမိတာလည်း ပါမှာပေါ့ ...။ ကိုယ်က အဲလို ရှင်းရှင်းသမားပဲ ..."

"အဲဒါ ကိုရဲခ မှားနေတာ ... ရှင့်ပုံစံကို ကျွန်မ သဘောကျ လိမ့်မယ်လို့ သူက ဘာကြောင့်ပြောနိုင်မှာလဲ ...၊ ကျွန်မစိတ်ထဲ ဘာရှိတယ်ဆိုတာ သူ ဘယ်လိုသိနိုင်မှာလဲ ...၊ တကယ်တော့ မိန်းကလေးတစ်ယောက် ဘဝအဖော်မွန် ရွေးတယ်ဆိုတာ ထင်သလောက် မလွယ်ဘူးရှင့် ..."

"ဒါလည်း ဟုတ်ပါတယ်။ ယွန်းပြောတာ မှန်ပါတယ်။ ကိုယ်ကိုယ်တိုင်တောင် ... မိန်းကလေးတွေ အများကြီး တွေ့ဖူး ပေမယ့် ဇနီးမယားရွေးဖို့ကျ ခက်နေသေးတာပဲ ..."

ဘဝင်မြင့်ကာ ... ကိုယ်ရည်သွေးချင်သော ယောကျ်ား တစ်ယောက်ကို ယွန်းအုပ် အထင်မကြီးနိုင် ...။

သူဟာ အတ္တကြီးကြီးထဲကပဲ ဖြစ်လိမ့်မည်။

ဘယ်လိုဇနီးမယားမျိုးကိုများ ပိုင်ဆိုင်နိုင်ဖို့ စိတ်ကူးထား ပါလိမ့် ...။



www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ် တစ်ဖက်စောင်းနင်း ပါရမီဖြည့်ဖို့ ထားရာနေ၊ စေရာသွား၊ သူ့အမိန့်မှန်သမျှနာခံဖို့ သူ ဘာလုပ်လုပ် ခွင့်ပြုဖို့ သူသာ အမြဲတမ်းအသာစီးရနေဖို့ ဒီလိုအချက်တွေပါမှပါရဲ့လား။

"ရှင်ပြောပုံကို နားထောင်ကြည့်ရတာ ... ရှင့်ဇနီးဖြစ်ဖို့ ထိုက်တန်တဲ့ မိန်းကလေးမျိုး အတော်ရှားမှာပဲနော် ..."

"ရှားပါပကောဗျာ ...၊ တွေ့ကို မတွေ့သေးတာ"

"ဒီလောကကြီးမှာ မွေးကို မွေးဖွားမလာသေးတာလည်း ဖြစ်နိုင်ပါတယ်။ အဟင်း ... ဟင်း ... ဟင်း"

"ဟာဗျာ ... ယွန်းကတော့ နောက်ပြီ၊ ရှားတယ်ဆိုပေမယ့် ရှိတော့ရှိပါတယ်။ ဥပမာ ... ယွန်းလိုမိန်းကလေး ဆိုပါတော့"

"အမ် ... ရှင်ထင်တာမှားနေပြီ၊ ကျွန်မက အဲလိုယောကျ်ားကို လိုလေသေးမရှိအောင် ပါရမီလိုက်ဖြည့်ဖို့ စိတ်ကူးရှိတဲ့သူ မဟုတ်ဘူး၊ ကျွန်မဘာသာ လွတ်လွတ်လပ်လပ် ပျော်ပျော်ကြီးနေချင်လို့ကို အပျိုကြီးပဲလုပ်မယ် ဆုံးဖြတ်ထားတာ ..."

"ဟာ ... အဲလိုတော့ ဘယ်ဖြစ်မလဲ"

"ဘာကြောင့် မဖြစ်ရမှာလဲ"

"တစ်ယောက်တည်းနေသွားဖို့ ဘယ်သင့်တော်မလဲဗျာ။ ဘဝအဖော်တစ်ယောက်တော့ လိုတာပေါ့ ...။ ယွန်းရဲ့ အန်တီ တိုက်တွန်းတာ အမှန်အကန်ပဲ ..."





"ဪ ... ကျွန်မ စိတ်ဆင်းရဲရင် သူ ပြန်ကယ်တင်နိုင်မှာ တော်လို့ ...။ လောကကြီးမှာ ကိုယ်ဖြစ် ကိုယ်ခံ၊ ဘယ်သူက ဘာဝင် ဖြေရှင်းနိုင်မှာမို့လို့လဲ ..."

"ဒါဖြင့် ... ယွန်းက အန်တီဇင့်စကားကို နားမထောင်ဘူး ပေါ့ပါတော့ ..."

"ကျွန်မချစ်တဲ့သူ မတွေ့ရင် ... လက်မခံနိုင်ပါဘူး"

"ယွန်းချစ်တဲ့သူ မတွေ့သေးဘူးလား"

သူက မချိုမချဉ် ပြုံးစိစိလေး မေးသည်။

"တွေ့ရော မတွေ့ချင်ဘူးလား ..."

သူက တိုးဖွဖွထပ်မေးသည်။ ယွန်းအုပ်နီက ကိုယ်လေး သိမသာမတ်အောင် ပြင်ထိုင်ရင်း ... ညို့ဆိုတဲ့အတိုင်း ညို့ချက် ပြင်းပြင်းစူးစူးရဲရဲ နက်နက်ရှိုင်းရှိုင်း ကြည့်တတ်သော မျက်လုံးတွေကို မသိသလို ရှောင်ဖယ်နေမိ၏။

ရမ္မက်ခိုး ပျော်ဝင်သော ထိုမျက်လုံး အကြည့်များကို ယွန်းအုပ်နီ မနှစ်မြို့ပေ။

ယောကျ်ားဆိုတာ မိန်းမပျိုလေးတစ်ယောက်ကို တပ်မက်နေမှာပဲလေ ဟု သူ့အကြည့်တွေက ဖော်ဆောင်နေသည်။

တပ်မက်ခြင်းသက်သက်ဟာ ... ဘာများ မက်စရာရှိတာ တော်လို့ ...။



www.burmeseclassic.com

www.burmeseclassic.com



"အခုအချိန်မှာ ယွန်းကို အရမ်းစိတ်ဝင်စားတဲ့သူ ရှိနေ ဆိုရင်ရော ..."

"ကျွန်မ သဘောကျမိမှာ မဟုတ်ဘူး"

"ဘာလို့လဲ"

"ကျွန်မစိတ်ထဲမှာ ဘာမှမရှိဘူး"

"ဒါက မရင်းနှီးသေးလို့ပါ"

"ဩော် ... ရင်းနှီး နားလည်မှုတွေ အရင်ပျိုးရမ ဆိုပါတော့ ..."

"မှန်တာပေါ့ ယွန်းရယ် ... နားလည်မှုလည်း လိုတ တစ်ယောက်နဲ့တစ်ယောက် တဖြည်းဖြည်းချင်းမှ နီးစပ်မှုရ တာ မဟုတ်လား"

"ဒါပေမဲ့ ကိုယ်နှစ်သက်လား၊ မနှစ်သက်ဘူးလား ကို သိတာပဲ။ နှစ်သက်မှုဆိုတာ ... လုပ်ယူလို့မရဘူး ထင်တ ကိုညို့ဦး။ ရှင်ပြောသလို နီးစပ်လာရင် ... သံယောဇဉ်တ ဖြစ်ချင်ဖြစ်မယ် ..."

ညို့ဦး နည်းနည်းတော့ မျက်နှာပျက်သွားသည်။

ကိုယ့်ကို မနှစ်သက်ဘူးလို့ ပြောလိုက်တာလား ...။

ဒီအဖြေကို ထုတ်လိုက်တာ မမြန်လွန်းဘူးလား ...။

ဉာဏ်ဝင်းစာပေ



သူမရဲ့စကားက ညို့ဦးကို စိန်ခေါ်လိုက်သလို ဖြစ်သွား၏။ ဟာ ဖွင့်ပြောသင့်တဲ့စကားလုံးမျိုးမဟုတ်ဘူး လို့ သူထင်သည်။ အမနာတတ်တဲ့ မိန်းကလေးပါလား။

သူဟာ သူ့ရုပ်ရည်၊ သူ့ပိုင်ဆိုင်မှုအနေအထားတွေကြောင့် နီးတလေးတို့ကြားမှာ ... ရေပန်းစားသူ၊ မျက်နှာပွင့်သူ စ်ယောက်ပါ။

မနှစ်သက်စရာ အခြေအနေမျိုးမရှိဟု ယူဆသည်။

သူမဟာ အိမ်ထောင်ဘက်ကိုရှာဖွေနေတာလား ...၊ စိတ် မှုကို ဦးစားပေးနေတာလား ...။

"ယွန်း ... အခု အသက်ဘယ်လောက်ရှိပြီလဲ"

ညို့ဦးအမေးကို သူမ မကြိုက်။

ကိုယ်မကြိုက်တဲ့၊ မဖြေချင်တဲ့ မေးခွန်းမျိုး အမေးခံရရင် မဆိုးဘဲ ပြုံးပြုံးလေး သူ့ကို ပြန်မေးရတယ်ဟု ယွန်းအုပ် သားထားဖူးတာမို့ ...

"ရှင် ဘာလို့ မေးတာလဲ ဟင်"

ဒီတစ်ခါ သူ ဖြေအလှည့် ဖြစ်သွားပြီလေ ... မေးခွန်းကို က် ပြန်ထိုးပေးလိုက်တာ ...။

"ရုံခကတော့ ပြောပါတယ်၊ ယွန်း အခု အသက်အစိတ်ထဲ ာပြီဆို ... အရမ်းနုနေတော့ ဟုတ်မှ ဟုတ်ရဲ့လား လို့ ကြည့်တာပါ"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဆိုရင် ... ဘာဖြစ်လို့ပါလိမ့်"

"နည်းနည်းလောက် ဝေဖန်ရမလား"

"ရှင် ..."

"စိတ်တော့မဆိုးနဲ့၊ ယွန်းရဲ့အသက်နဲ့ အတွေးအခေါ် သိပ်မညီသလိုများ ဖြစ်နေသလားလို့ပါ ...။ ဒီအသက်အရွယ် မိန်းကလေးတစ်ယောက်က အချစ်တို့ နှစ်သက်တာတို့ ရှေ့တန်း ထားပြီး စိတ်ကူးယဉ်လို့ မရဘူးထင်တယ် နော်။ တည်တည် ငြိမ်ငြိမ်လေးနဲ့ ဘဝရှေ့ရေးအတွက် ဆုံးဖြတ်ရမယ့် အချိန် သင့်တော် ကောင်းမွန်တာတွေ့ရင် ... အချိန်မဆွဲဘဲ လက် ခေါင်းညိတ်ရမယ့်အချိန်များ ဖြစ်နေမလား ... ဒါကို တစ်ခု စဉ်းစားသင့်တာပေါ့ဗျာ ... မဟုတ်လား ..."

ယွန်းအုပ်နီက မထိတရီလေး ပြုံးလိုက်ပါသည်။

ဩော် ... ကိုညို့ဦး ...။

ရှင်က မြွေတစ်ကောင်လိုပဲ ... ထိတာနဲ့ အရှိန်ပြင်းပြင်း ပြန်ပေါက်ပစ်မယ့် ဆိုတာချည်းပဲကိုး ...။

နည်းနည်းပါးပါး သည်းခံစိတ်လေး မွေးဦးမှပေါ့ရှင်။

ရဲခက ရှင့်ကိုညွှန်းထားတယ်၊ ယောက်ျားပီသတယ်။

မိန်းကလေးတစ်ယောက်ကို ခုလိုမျိုး ချက်ချင်းပြန်ပုတ်ပြီး ဝေဖန်တာက ယောက်ျားပီသတာပဲလား။





ဟုတ်မှာပဲနော် ...။

"ယွန်း ဘာလို့ပြုံးတာလဲ"

သူက ခပ်တည်တည်မေးသည်။

"ဒါက ရှင့်အထင်ကိုး ကိုညို့ဦးရဲ့...၊ တချို့မရှဲ့သဘောကို ပြောရရင်တော့ မိန်းကလေးအပျိုတစ်ယောက်က ဘယ်အရွယ် အခါပဲဖြစ်ဖြစ် ... သူ့ဘာသာ အချစ်ကို ရှေ့တန်းတင်စဉ်းစားလို့ ရနေတာပဲ၊ ဒါက သူ့သဘော သူ့ဆန္ဒနဲ့ သူ့အယူအဆပဲလေ။ ဒါက သီးသန့်ခံစားချက်၊ တခြားတစ်ယောက်က ဝေဖန်ပုတ်ခတ် လို့ ဘယ်ရပါ့မလဲ ...။ သူက ယောက်ျားတွေကို လွယ်လွယ်နဲ့ အထင်မကြီးတတ်တာလဲ ဖြစ်ချင်ဖြစ်မယ် ..."

"အိုကေ ... ယွန်း စိတ်အနှောင့်အယှက် ဖြစ်သွားတယ် ထင်တယ်။ ကိုယ်တို့ ဒီအကြောင်းကို ဆက်ဆွေးနွေးလို့ သိပ်မှ ဖြစ်ဘူး၊ ဟား ... ဟား ... ကိုယ်က သိပ်စကားမပြော တတ်ဘူး"

ယွန်းအုပ်နီမျက်နှာထားကို ညို့ဦး နည်းနည်းလည်း လန့် သွားပါသည်။

ဒီကအမျိုးသမီးက သိပ်မလွယ် ...။

ပြောချင်တာရှိလျှင် အားမနာတမ်း ပြောချမည့်ပုံ ရှိသည်။

ဒါဟာ ဝေးဝေးရှောင်ရမည့် မိန်းကလေးတွေထဲမှာပါတယ် ဆိုတာ သူ့အတွေ့အကြုံအရ ခန့်မှန်းမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နီးကို "အဲဒီကောင်မလေးကို တစ်ရက်လောက် ဆိုင်း
ခေါ်ခဲ့ကွာ၊ ငါ စကားပြောကြည့်ချင်တယ်ဟု စပ်စပ်ဆော့ဆေ
လျှာရှည်လိုက်မိတာကိုက သူ့အမှားပဲ ဖြစ်လိမ့်မည်။

ယွန်းအုပ်နီက သူ့ကို အကဲခတ်သလိုစေ့စေ့ကြည့်နေသည်
သူ ခပ်အမ်းအမ်းနှင့် ခေါင်းကို ဖွဖွကုတ်မိ၏။

ယွန်းအုပ်ကတော့ ... သူ့ရဲ့ရွှန်းတောက်တဲ့မျက်လုံး
အလျင်အမြန် ပြန်ရုပ်သိမ်းလိုက်တာကိုပဲ ပြုံးချင်မိသည်။

ဟွန်း ... ယွန်းအုပ်နီကို သူက ဘယ်လိုမိန်းမစား
မှတ်နေသလဲ မသိပါဘူး။

ရင်ထဲမှာ ခါးသီး စိတ်တိုမိသည်။

သူကိုယ်သူများ 'အဖက်ဖက်က ပြည့်စုံနေလို့ ငါ့ကိုဓ
တော်ရုံတန်ရုံ မိန်းကလေး မငြင်းလောက်ပါဘူး' လို့ တွက်
တဲ့ ရုပ်ကြီး ဖြစ်နေတာ။

ကျဉ်းကျပ်နေသော ယွန်းအုပ်ရဲ့စိတ်တွေဟာ ကောင်
စားပွဲနားကနေ ကိုရုံခ ဒီဘက်သို့ပြန်လျှောက်လာတာမြင်တာ
အလိုလို ပြေလျော့ ပျော့ပျောင်း နူးညံ့သွားရပါသည်။

ဘယ်လိုအခြေအနေ ရှိပါလိမ့် ဟု မသိမသာ ခိုး
အကဲခတ်လိုက်သော ကိုရုံခ မျက်ဝန်းတွေကို လှမ်းကြည့်
သူမ ရယ်ချင်သွားမိသည်။





ဒါရိုက်တာကြီးက ... မျှော်လင့်ချက်အပြည့်နှင့် ပြန်လာ
ပါသည်။

သိပ်မသာယာလှတဲ့ ညို့ဦးမျက်နှာကိုကြည့်ရင်း ရုံခက ...

"ဟ ... မင်းတို့ စကားချည်းပဲထိုင်ပြောနေတယ်၊ ဘာမှလဲ
သေးပါလား"

"ဟေး ... ဟုတ်ပါ့ကွာ၊ စကားအရမ်းကောင်းနေတာ"
ညို့ဦးက ရွဲ့ဖြေလိုက်ပါသည်။

မျက်မှောင်ကုတ်ထားတဲ့ပုံကြည့်ရတာ သိပ်မဟန်။

ယွန်းအုပ်နီရဲ့ နှုတ်ခမ်းလေးမှာလည်း သရော်ပြုံးလေး
တစ်ခုကို တပ်ဆင်လျက်သား ...။

အင်း ... အရင်အကြိမ်တွေလိုပဲ အခြေအနေသိပ်မဟန်
ပုံ ဘူးဗျ ...။

ခဏလေး ထားသွားပါတယ်။ သူတို့ တစ်ယောက်ကို
တစ်ယောက်ကြည့်ပုံက စိတ်ပျက်မလိုလားတဲ့ပုံတွေ ဖြစ်နေ
သည်။

"ဒါဆိုရင် ငါပြန်လာတာ ... အနှောင့်အယှက်ဖြစ်သွား
ဘပေါ့"

သိသိကြီးနှင့် ခပ်ရိရိ မေးမိ၏။

"မဖြစ်ပါဘူး ရုံခရာ။ ကဲ ... မင်းတို့ အေးအေးဆေးဆေး
နဲ့ဆောင်ဦး"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မင်းက ဘယ်လဲ၊ ဒီမှာ မင်း အိမ်ရှင်နော်၊ မ
ဖိတ်တာ ... ထွက်သွားဖို့ မစဉ်းစားနဲ့"

"ခဏလေးပါကွာ ... ငါ ပြန်လာမှာပါ"

ညို့ဦးက လက်ဝါးထောင်ကာ တောင်းပန်တိုးလျှိုး
စားပွဲမှ တခဏရှောင်ထွက်သွားပါသည်။

"ခေါ် မနေနဲ့ ... နေပစေ"

"ဟာ ... ဘာလို့လဲ"

"အမြင်ကတ်လို့ ..."

"ကျွတ် ... ဖြစ်ရပြန်ပြီ ယွန်းအုပ်ရာ ... အားနာစ

"အို ... သူပြောချင်တာ ယွန်းအုပ် နားထောင်ပြီး
တာဝန်ကျေပြီပေါ့"

"ခင်ဗျား ... အရင်အခါတွေတုန်းကလိုပဲ ကန့်လန့်
တလွဲထချော်တွေ၊ စိတ်ပျက်စရာတွေပဲ လျှောက်ပြော
တယ် မဟုတ်လား"

"ကိုရဲခ ဘယ်လိုသိလဲ"

"ဟိုကောင့်မျက်နှာကြည့်တာနဲ့ သိရတာပဲ၊ လင်းတ
ဖြစ်သွားတာကွ"

"အဟင်း ... ဟင်း ..."

အခုမှပဲ ယွန်းအုပ် ပေါ့ပေါ့ပါးပါး ရယ်မိသည်။





"ဟာ ... မရယ်နဲ့လေ ... ဟိုကောင့်ကို လှောင်သလို
ဖြစ်နေမှာပေါ့ ...။ ဒီလောက်ကောင်းကောင်းလေး မိတ်ဆက်
တာတောင် ခင်ဗျားက တန်ဖိုးမသိပါလား ... ယွန်းအုပ်ရာ"

ရဲခက သူမရဲ့ ကျေနပ်သောရယ်သံလေးကို ဟန့်ကာ
စိတ်ပျက်လက်ပျက် ညည်းညူမိလေသည်။

ခုပုံအတိုင်းဆို ဒီကောင်မလေး ရည်းစားရဖို့ ခင်ပွန်း
လောင်း တွေ့ဖို့ သိပ်တော့လမ်းမမြင်ပေ။



www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းမွန်ပုံစံက လူကြီးဆန်ဆန် ရင်ဖုံးအင်္ကျီပန်းရောင်လေးပေါ်က ကုတ်နှင့် စကတ်အရှည်ယူနီဖောင်းကို ဝတ်ထားသည်။

ဆံပင်တွေကို နဖူးပေါ် တစ်မျှင်တလေမျှပင် မကျအောင် အပြောင်သိမ်းတင်၍ နောက်ဘက်မှာ နောက်တွဲဆံထုံးပုံဖုံ့လေး ထုံးထားတာကအစ မျက်နှာကို ခါတိုင်းလို မဟုတ်ဘဲ ပင်ကို အသားရောင်ကလေးအတိုင်း မသိမသာပြင်ထားတာအဆုံး အကုန်လုံးက ဣန္ဒြေရရနှင့် တစ်မျိုးလေး ယဉ်စစဖြစ်နေကာ ဆရာမပုံ ပီသနေသည်။

ယွန်းအုပ်သည် ငြိမ်းမွန်လိုပဲ ဒီမူကြိုကျောင်းကလေးမှာ ဆရာမလုပ်ချင်စိတ်ပေါက်မိသဖြင့် ဒီနေ့ အင်တာဗျူးလာဖြေတာ ဖြစ်သည်။

ဘာကျဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မူကြိုကလေးတွေမှာ Nursery, $K_1$, $K_2$ ဆိုပြီး Level သုံးခု ရှိတဲ့အနက် ယွန်းအုပ်က $K_2$ ကလေးတွေကို ကွန်ပျူတာ သင်ပေးရမှာ ဖြစ်သည်။

ဒီနေ့ နောက်ဆုံးအဆင့် အင်တာဗျူးကို ကောင်းမွန်စွာ ဖြေဆိုနိုင်ခဲ့သည်။

ယွန်းအုပ်ရဲ့ ... အရွယ်, ပညာ, အင်္ဂလိပ်စကားပြော, ရုပ်အဆင်း ပြေပြစ်ချောမောခြင်း အားလုံးတို့ကို စစ်ဆေးသော ဆရာမက သဘောကျသည်။

ပထမဦးဆုံး Assistant Teacher အဖြစ် ဝင်ရောက် လျှောက်ထားတာ ဖြစ်သည်။

"နင်ရမှာတော့ သေချာပါတယ် ယွန်းအုပ်ရယ် ...။ နင့်အရည်အချင်းနဲ့ဆို Subject တစ်ခုခု သင်ပေးရင်တောင် ဖြစ်နိုင်တာပဲ။ ဆရာမဖြစ်ပြီလို့သာ သဘောထား။ ဒါနဲ့ နေပါဦး။ နင် အခုလို ဆရာမလုပ်မှာကို အန်တီဇင်ကရော ... သဘောတူ ရဲ့လား"

"သိတဲ့အတိုင်းပဲ ... ဘယ်တူမလဲ၊ ယောကျ်ားပဲ အရင် ယူလို့ ပြောမှာ ..."

သူမ အဖြေကြောင့် ... ငြိမ်းမွန်က သဘောကျ ရယ်မော ပါသည်။





"အခုပြန်ရောက်မှ အင်ထရီဝင်တာချည်းပဲ ငါးယောက်၊ ခြောက်ယောက်ဖြစ်နေပြီ၊ စိတ်လည်း ညစ်ပါတယ်ဟယ်"

"နင် ဘယ်လိုယတြာလုပ်နေလဲ ..."

"အဟင်း ... ဟင်း ... ကိုယ်ပိုင်ယတြာပဲ၊ ပုံသေနည်း တော့ ဘယ်ရှိမလဲ"

"အန်တီဇင်တော့ သနားပါတယ်"

"အခု ... နင်သနားရမှာ အန်တီဇင် တစ်ယောက်တည်း မကတော့ဘူးဟဲ့"

"ဘာဖြစ်လို့"

ငြိမ်းမွန်က မျက်ခုံးကလေးပင့်ကာ ပြန်မေးသည်။

"ကိုရုံခလည်း ပါလာပြီ။ သူကလည်း အားတက်သရောပဲ"

"နင်တို့ကို ကြေးအိုးဆိုင်မှာ အတူတူတွေ့လိုက်တယ်လို့ ငါ့ဆီ ဝတ်ရည်ဖုန်းဆက်သေးတယ်"

"ဟင် ... ဟုတ်လား၊ ငါတို့ကို မခေါ်ပါလား"

"အဲဒီ ကိုရုံခက နင့်ရဲ့ကိုယ်ရံတော်ပဲ ဆို"

"အန်တီဇင် ထည့်ပေးတာပါဟယ် ...၊ သူ ပါတော့၊ သူ စောင့်ရှောက်တော့ ပိုစိတ်ချတယ် တဲ့ ..."

"နင့်ကိုယ်ရံတော်ကရော တကယ်စိတ်ချရရဲ့လား"

"ဘာရယ် ... ငြိမ်းမွန်၊ နင်နော် ..."

"ဟဲ့ ... မဆိတ်နဲ့လေ၊ ဒါ ကျောင်းမှာဟဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ယွန်းအုပ်ရင်မှာ ... နွေးခနဲ ဖိုခနဲ တစ်မျိုးကြီးဖြစ်ကာ ရှက်သွေးမွှန်မိတာပဲ။

သူငယ်ချင်းတွေက စ,ချင်၊ နောက်ချင်နေပြီ။

သူမရင်ထဲမှာလည်း တဖြည်းဖြည်းနှင့် ကိုရံခပုံရိပ်တွေက အမှတ်မထင် နေရာယူလာခဲ့ပါပြီ။

အန်တီဇင်ကလည်း တူလို သားလို နေရာပေး အရေးထား သဖြင့် အခုနောက်ပိုင်း အိမ်ကိုလည်း မကြာခဏ ရောက်လာတတ်ကာ သူမတို့မိသားစုတွေနှင့် နွေးနွေးထွေးထွေး ဆက်ဆံရေးဖြင့် အသားကျနေပြီ။

"စိတ်ချရလွန်းလို့ သူ့သူငယ်ချင်းနဲ့တောင် ငါ့ကို မိတ်ဆက်ပေးသေးတာ ..."

"ဩော် ... ရိုးရိုးသားသားလေးပေါ့လေ"

"မရိုးသားရင် အန်တီဇင်က စောင့်ရှောက်ခိုင်းမလား"

"အဲဒါကိုက ထူးခြားနေတာ"

ကျောင်းကင်တင်းထဲ ဝင်မိလျှင် ယွန်းအုပ်တို့ စကားပြတ်သွားရသည်။

ငြိမ်းမွန်က သူစားချင်တဲ့မုန့်တွေ ကောင်တာမှာ သွားကြည့်သည်။

ယွန်းအုပ်ကတော့ မဆာလှတာမို့ ... ဘာမှသိပ်မစားချင်။





စားသောက်ဖွယ်ရာတွေက သူ့ကောင်တာနှင့်သူ။ နံရံဘက် ပတ်ချာလည်မှာ ဆိုင်ခန်းအသီးသီး တန်းစီနေသည်။

ယွန်းအုပ်က ... အအေးဆိုင်ခန်းဘက် လှည့်ကြည့်ဖို့ ကိုယ်ကလေး ဖျတ်ခနဲ တိမ်းလိုက်စဉ် ...

"အဲ ... ကလေး ... ဆောရီး၊ ဆောရီးနော် ..."

ပြေးလျှောက်လာသော ကလေးမလေးတစ်ယောက်ကို တိုက်မိသွားသဖြင့် ထိုကောင်မလေးလက်ထဲက ရေခဲမုန့်ခွက်က လွတ်ကျသွားပါသည်။

ကြမ်းခင်း သမံတလင်းပေါ် ကျသွားတဲ့ ရေခဲမုန့်ခွက်လှလှလေးကိုကြည့်ပြီး ကလေးမလေးက နှမြောငြိမ်သက်နေသည်။

"သမီး ... ကိစ္စမရှိဘူး၊ အန်တီ ပြန်ဝယ်ပေးမယ်နော်"

"သမီးက ပြေးလာတာ၊ သမီးဘာသာ ခလုတ်တိုက်မိသွားတာပါ"

"အို ... ဘယ်ဟုတ်မလဲ၊ အန်တီနဲ့ တိုက်မိတာပါ။ လာ အန်တီ အသစ်တစ်ခု ပြန်ဝယ်ပေးမယ်"

ကျောင်းဝတ်စုံ ယူနီဖောင်း ... အပြာ အဖြူစပ် ဂါဝန်ကွက်ကျားလေးနှင့် ချစ်စဖွယ် ပါးဖောင်းဖောင်း မျက်နှာချိုချိုကလေးမလေးကို ယွန်းအုပ်က လက်ဆွဲကာ ရေခဲမုန့်ဆိုင်ရှေ့သို့ ပြန်ခေါ် သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်က ကလေးတွေ မုန့်စားပေးဆင်းတဲ့ အချိန်။ ကျောင်းဝင်းထဲမှာပဲရှိတဲ့ ကင်တင်းထဲ လာစားကြတာ။

အများအားဖြင့် ဆရာမတွေနှင့်အတူ လာကြတာပါ။

တချို့လည်း အိမ်က ထည့်ပေးလိုက်တဲ့မုန့်ကိုပဲ စားကြသည်။

သို့သော် ကလေးဆိုတာက ဒီလိုရေခဲမုန့်လို၊ သကြားလုံးလို ချိုချိုချဉ်ချဉ် ဆန်းဆန်းပြားပြားမုန့်ကလေးတွေကို ကိုယ်တိုင်ရွေးဝယ်စားချင်တာမျိုး မဟုတ်လား။

"သမီး ... ဘယ်ဟာယူမှာလဲ"

"ဒိုမိနို အန်တီ။ ဒီအဖြူမျိုးလေး ..."

"ဒိုမိနိုတစ်ခွက်နော် ..."

ယွန်းအုပ်က ကိုယ်တိုင်ပင် သူကလေးလက်ထဲ ထည့်ပေးလိုက်သည်။ မျက်နှာလေးက ဝင်းလက်ကာ သဘောကျနှစ်သက်သွားတဲ့ပုံမို့ ချစ်စနိုးဖြစ်မိကာ ပါးမို့လေးကို ဖွဖွနမ်းမိသည်။

"သင့်ခ်ယူနော် ... အန်တီ"

"အံမယ်လေးတော်၊ ပြောတတ်လိုက်တာ ..."

"အန်တီက ဆရာမ,လား ဟင်"

"အေးပေါ့ ... နောက်ဆို ဆရာမလုပ်မှာပေါ့ ..."

"ဒါဆို ဆရာမလို့ပဲ ခေါ်မယ်နော် ... တီချယ့်နာမည်က ဘယ်သူလဲ ဟင် ..."





သွက်သွက်လက်လက် မေးတတ် မြန်းတတ် ရှိတာကို ယွန်းအုပ် သဘောကျမဆုံး ...။

"ခေါ်ယွန်းအုပ်နီ တဲ့"

"တီချယ်နီနီ"

သူကလေးက ခေါင်းလေးညိတ်ပြီး ခေါ်ကြည့်သည်။

"သမီးလေးနာမည်ကရော ဘယ်လိုခေါ်လဲ၊ ပြောပါဦး"

"ပန်းနုဖြူမခ"

"ဘယ်လို ပန်းနုဖြူမခ ... ဟုတ်လား။ နာမည်လေးက လှလိုက်တာဟယ်"

"အိမ်မှာခေါ်တာက ဘေဘီ ခတွေးလေး"

"အမလေး ... ဒါလည်း ချစ်စရာကောင်းတာပဲ။ ကဲ ရေခဲမုန့် စားလိုက်ပါဦး"

"တီချယ်နီနီ ... ဟိုမှာ သမီးတို့ တီချယ် ခေါ်နေပြီ။ သွားတော့မယ်နော် ... တာ့တာ"

လက်ကလေးလှုပ်ပြကာ ဆိုင်ရှေ့သို့ ပြေးထွက်သွားလေသည်။

"ဟဲ့ ... ယွန်းအုပ်၊ ငေးနေလိုက်တာ ... ဘယ်က အအိ ...လေးနဲ့ တွေ့နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အသိ ကလေး မဟုတ်ဘူး။ ငါနဲ့ အခုမှသိတာပဲ ချစ်စရာလေး ... အသည်းကို ယားနေတာပဲ၊ စကားကလည်း တတ်လိုက်တာ လွန်ပါရော"

"အေးပါ ... နောက်ဆို အဲဒီချစ်စရာ ဘေဘီလေးတွေ နဲ့ကို ဦးနှောက်စားကြပါလိမ့်မယ်။ ကြည့်နေ ... သူတို့ ရောပြီး ကစားရင်းက စာသင်ရတာ၊ တစ်ခါတလေ ကိုယ် ကလေးကြီးလို ဖြစ်သွားတာပဲ ..."

ကလေးတွေပျော်အောင် Learning through Play ခေါ် နည်းနဲ့ သူတို့နှင့်အတူ ဆော့ရင်း၊ က,ရင်း၊ စကားတွေပြောရင်း စာကို မပင်ပန်းအောင် သင်မှန်းမသိ သင်သွားရတာမျိုး ဆိုတာ ယွန်းအုပ်လည်း လေ့လာမိပါပြီ။

ငြိမ်းမွန်ပြောသလို ... ကိုယ်ပါ ကလေးကြီးလို က အမူအရာတွေ လုပ်ပြရဦးမှာ။

ယွန်းအုပ်က ..., အိမ်မှာ ကလေးငယ်တွေနှင့် မနီးစပ် သော်လည်း ကလေးတော့ အင်မတန်ချစ်သည်။

ဘာလုပ်ရင် ကောင်းမလဲ စဉ်းစားလိုက်တော့ ... ယော လောဆယ် ဒါပဲ စိတ်ကူးရတာ။

နောက်ပိုင်းမှာတော့ ... ကိုယ်ပိုင်မူကြိုကျောင်းကလေး တည်ထောင်ရင် ကောင်းမလား တွေးမိပေမယ့် စိတ်တွေ သိပ်တော့ မပြတ်သားပေ ...။





ဒါကြောင့်လည်း အတွေ့အကြုံရအောင် ဆရာမ ဝင်လုပ်ဖို့ ရွေးချယ်ခဲ့တာပါ။

လူဆိုတာ ... ကိုယ်ဝါသနာပါတာလေးပဲ လုပ်ချင်တာ မဟုတ်လား။

စိတ်ထဲမှာတော့ ဖက်ရှင်ထွင်ဖို့၊ အဝတ်အစား ဒီဇိုင်း ရေးဆွဲဖို့ ဝါသနာပါတယ်ဆိုတဲ့ ကိုရဲခစကားကို ဖျတ်ခနဲ သတိရ လိုက်မိသည်။

အခုဆိုရင် အကြောင်းလေးတစ်ခု တိုက်ဆိုင်လိုက်တာနှင့် ကိုရဲခကိုသာ ဖျတ်ခနဲ တွေးမိတတ်သည်။

အိမ်မှာ မင်းလနှင့် ထမင်းအတူစားရင်းလည်း ကိုရဲခ အကြောင်းဟင်းကြိုက်တာ လွှတ်ခနဲ ပြောမိလို့ ပြောမိ၊ လာမယ် ပြောထားပြီး သူ နောက်ကျနေရင် ခြေဆောင့်စိတ်ဆိုးလို ဆိုးမိ။ စကားထဲ ယွန်းအုပ် ထိုင်မိတာနှင့် ကားအဲကွန်းကို ဖွင့်ပေးဖို့ မှာနေလျှင် မျက်စောင်းထိုး၊ စိတ်ကောက်ချင်နှင့် မကြာလှသော အချိန်အတောအတွင်းလေးမှာ ကိုရဲခအပေါ် လူရင်းလို အကျွမ်း ဝင်ရှိလာခဲ့တာ ဆန်းနေသည်။

အရင်တုန်းဆိုရင် သူမဟာ တစ်စုံတစ်ယောက်ကို စိတ်ချ လက်ချ တရင်းတနှီး ခင်မင်လိုက်ဖို့ ဝန်လေးခဲ့ယဉ်းတဲ့သူပါ။

အလွယ်တကူ မရင်းနှီးတတ်၊ အဖွဲ့မကျတတ်ပေ။

အခု သူ့ကိုမှ ဘာဖြစ်လို့မှန်း မသိ ...။

www.burmeseclassic.com

www.burmeseclassic.com



တင်အင်းထဲ ကော်ဖီအေးသောက် မုန့်စားရင်း ငြိမ်းမွန်နှင့် စကားတွေပြောနေခဲ့မှာပင် ကိုရုံခထံ လှစ်ခနဲ ရောက်သွားမိတဲ့ အတွေးတွေဟာ အကြိမ်မိပေါင်းမနည်း ...။

*စားစားသွားသွား သူ့အကြောင်း ဘာကြောင့် ခေါင်းထဲ* ဝင်ဝင်လာရတာတုံး။

ကျွတ် ... ယွန်းအုပ်လည်း မသိတော့ပါဘူး။

“နင် မူကြိုဆရာမ လုပ်တော့မှာ ကိုယ်ရဲတော်ကြီးတော့ သိတယ်မဟုတ်လား ...”

ငြိမ်းမွန့်အမေးကို ခေါင်းယမ်းမိကာ ...

“ဟင့်အင်း ... သူ့ကိုလည်း မပြောသေးပါဘူး”

“ဘာလို့လဲ ... မသေချာသေးလို့လား”

“ဟင့်အင်း ...”

တကယ်တော့ ယွန်းအုပ်စိတ်ထဲ သူ့ကို အံ့သြသွားစေချင်လို့ တမင်မတိုင်ပင်ဘဲ ကြိတ်လှုပ်ရှားနေမိခဲ့တာ။

သူသိရင် အန်တီဇင်သိသွားမှာလည်း စိုးရိမ်တာပါသည်။ သူက ချွန်တွန်းလုပ်မှာလေ ...။

ဘာမဆို ပြန်ပြောတတ်တဲ့ လူကြီး ...။

“ရမှာကတော့ သေချာတာပဲ”

“နောက်မှပဲ သိပစေ”



ငြိမ်းမွန်က တစ်မျိုးသော အဓိပ္ပာယ်နှင့် ခေါင်းဆတ်သည်။

မတိုင်ပင်တာ၊ မသိစေချင်တာ၊ ကြိတ်ကြိုးစားနေတာတွေဟာ သူစိမ်းဆန်လို့ပါလို့များ တွေးဦးမှာလား ...။

ကိုရုံခရဲ့ တအံ့တသြမျက်ဝန်းလေးတွေ၊ အမူအရာတွေကို မြင်ချင်လို့ပါ ...။

တခြား ဘာသဘောမှ မရှိပါဘူး။

ယွန်းအုပ် စိတ်ထဲမှာတော့ သူ့အပေါ် အလေးအနက် အထား ရဆုံးပါ။

နေစမ်းပါဦး ...။

ယွန်းအုပ်ရဲ့ ရင်ထဲက အနက်ရှိုင်းဆုံးက သူ ဘာကြောင့် ဖြစ်နေရမှာလဲ။

သူနဲ့ ယွန်းအုပ်နဲ့ ဘာဆိုင်လို့ပါလဲ။

ယွန်းအုပ်သည် ဖျတ်ခနဲ မေးမိတဲ့ အတွေးထဲက မေးခွန်းတစ်ခုကို သူမဘာသာ ပြန်မဖြေတတ်ဘဲ ဖြစ်နေသည်။

အလန့်တကြားနှင့် ပင့်သက်ကလေးသာ ခိုးရှိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

ယွန်းအုပ်သည် နေလှိုင်းရဲ့ခေါ် မျက်နှာတို့ ချိုမြိန်စွာ မော့ကြည့်လိုက်တိုင်း ရင်ထဲမှာ အနွေးဓာတ်တစ်မျိုးနှင့် ပူနွေးလာတတ်တာ ကိုယ့်ဘာသာ သတိပြုလိုက်မိသည်။

အို ... ငါ သူ့ကို နှစ်သက်သဘောကျနေမိတာလား။

မျက်လုံးချင်းဆုံလိုက်တိုင်းမှာ အသည်းထဲက လှုပ်ခါပြီး ရှက်ရွံ့စိတ်လှုပ်ရှားသလိုဖြစ်မိတာ ဘာကြောင့်ပါလိမ့်ကွယ်။

အချစ်ဆိုတဲ့အရာဟာ ဒီလိုပဲလား ...။

သူနှင့် နှစ်ယောက်တည်းစကားပြောရင်း ... အင်းလျားကန်ပေါင်မှာ လမ်းလျှောက်ရတာကိုပင် ရင်ထဲ ကြည်နူးလိုက်မိနေရပါလား။

ကြာခြွေလေး ဖုံးကွယ်ထားသော်လည်း ယွန်းအုပ်၏ နှုတ်ခမ်းလေးတွေက ကြည်နူးမှုနှင့် ပြုံးချိုနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူကလည်း ယွန်းအုပ်ဘက် ငုံ့ကြည့်ငုံ့ကြည့်နှင့်ပါပဲ —

သူရော ပျော်နေသလား။ ယွန်းအုပ် သိချင်လိုက်တာ —

သူ့ပုံစံက တည်တည်ငြိမ်ငြိမ်ဆိုတော့လည်း အကဲခတ် ခက်ပါသည်။

ခေါင်းဆောင်းပါသော မိုးကာသားဂျာကင်အကျႌ ပြာ ဖျော့နှင့် ခဲသားရောင် ဂျင်းဘောင်းဘီကို ဝတ်ထားသ ချာတိတ်လေးတစ်ယောက်နှင့် တူနေသည်။

သူသည် ဖက်ရှင် ဒီဇိုင်နာတစ်ယောက်ပီပီ ဘာလေး ဝတ်ဝတ် စတိုင်လ်ကျပြီး စမတ်ဖြစ်တာ သတိထားမိသည်။

ယွန်းအုပ်ကတော့ ချောကလက်ရောင်အဖျော့နှင့် အ လေး နည်းနည်း ... ရောစပ်ချုပ်ထားတဲ့ အကျႌ၊ ဘောင်း တစ်ဆက်တည်းလေးကို ကလေးဆန်ဆန် ဝတ်ထားသည်။

အခုတလော အဲလိုအကျႌဘောင်းဘီအတွဲ၊ အကျႌစက အတွဲလိုက် တစ်ဆက်တည်းဝတ်စုံလေးတွေဝတ်ရတာ ယွတ် ပေါ့ပါးသလို ထင်မိကာ ယွန်းအုပ် သဘောကျနေမိသည်။

ကိုရံခကို တွေ့တွေ့ချင်း ... သူမက ဘောင်းဘီအိတ် လက်ကလေးဟန်ပါပါထည့်ပြီး တမင်နွဲ့နွဲ့လေး ရပ်လျက် —

"လှလားဟင် ... ကိုရံခ၊ ဒါ ယွန်းအုပ် ဘန်ကောက် ဝယ်လာတာ"

သူက ပြုံးစေ့စေ့နှင့် သေချာကြည့်ကာ ...





"လှပါတယ်။ ဒါနဲ့ အန်တီဇင်က ကားဝပ်ရှော့ထောင်မှာ တဲ့လား"

ယွန်းအုပ်က သဘောမပေါက်ဘဲ ...

"ဟင် ... ဘာလို့လဲ"

"မသိဘူးလေကွာ၊ ယွန်းအုပ်က မတ္တင်းနစ်ဝင်လုပ်မှာလား လို့ပါ ...။ ဒီလိုပုံဝတ်ထားတော့ ကားဆီချေးပေတာပေနဲ့ အဆင်ပြေတာပေါ့ ... မဟုတ်ဘူးလား"

"ကြည့်စမ်း ... ကိုရံခ မကောင်းဘူး၊ သွား ..."

ယွန်းအုပ်က သူ့ပခုံးကိုထုဖို့ရွယ်လျှင် ရံခက တဟားဟား ရယ်လိုက်သည်။

သူမကို ကလေးလို ... တစ်ခါတရံ စ,ချင် နောက်ချင်တဲ့ ကိုရံခကိုကြည့်ရင်း သူမရင်ထဲ လှိုင်းထလွှန့်လူးသွားရသည်။

သူ့ရဲ့ ချစ်စနိုးအပြုံးအရယ်တွေမှာ ... သူက ညွတ်နူး ကြည်မွေ့ရသည်။ တစ်ခါတစ်ခါ နှလုံးသားတွေ ပြောင်းဆန် ကန်ရသည်။

အခုလည်း အပြင်အတူထွက်လာခိုက်မှာ ယွန်းအုပ်က အိမ်စောစော မပြန်ချင်တာမို့ ... အင်းလျားလမ်းက ကားနှင့် အဖြတ်မှာ ကန်ပေါင်ပေါ် လျှောက်ဖို့ ... ပူဆာလိုက်တာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက လိုက်လျှောပါသည်။ ခုတလော ရှီးပွဲတစ်ခု စီစဉ်နေရတာမို့ သူ သိပ်မအားလပ်တဲ့ကြားက ယွန်းအုပ်ကို အချိန်ပေး အလိုလိုက်တာဖြစ်သည်။

ကန်ပေါင်မှာ လေက တဟူးဟူးတိုက်ခတ်နေရာ ယွန်းအုပ်က လွင့်နေသောဆံနွယ်လေးများကို လက်ဖျားနှင့် အသာဖိကာ နားရွက်ကြားထဲ ညှပ်လိုက်သည်။

ရဲခက သူမအမူအရာ၊ ဟန်ပန်လေးတွေကို ငေးစိုက်ကြည့်နေမိသည်။

ယွန်းအုပ်နီကိုမြင်လျှင် ... သူ့မျက်လုံးတွေက အလိုလို လွဲမရအောင် ဖြစ်ဖြစ်သွားတတ်သည်။

ဒါတို သတိနှင့် ဆင်ခြင်ထိန်းချုပ်ရတာ သူ ရင်မောသည်။

အင်း ... ခင့်ပျားကိစ္စလည်း မြန်မြန်အဆင်ပြေမှပါပဲ။

ဒီတစ်ခါ ... သူမကို စကားကမ်းလှမ်း ထားတာက ဆရာဝန်လေးတစ်ယောက် ဖြစ်တယ်လို့ အန်တီဇင်က ကြိုတင် သတင်းပေးထားသည်။

"ယွန်းအုပ် ..."

"အင်း ... ပြော ..."

"ဆရာဝန်ကြိုက်လား ..."

သူမ မျက်မှောင်လေး ကုပ်သွားရင်း

"ဘာလို့မေးတာလဲ ကိုရဲခရဲ့"

"မေးတာပဲ ဖြေစမ်းပါ"

"မကြိုက်ဘူး"

"ဟ ... ဆရာဝန်ပါဆို"

"အဲဒါ ဘာဖြစ်လဲ"

"မိန်းကလေးတိုင်း လေးစားသဘောကျတဲ့ အသက်မွေးမှု အတတ်ပညာလေ ... နည်းနည်းနောနော အရည်အချင်းမှ မဟုတ်ဘဲ။ ဆရာဝန်မှမကြိုက်ရင် နောက် ဘာသွားကြိုက်တော့မလဲ ..."

ယွန်းအုပ်က မျက်နှာလေး ရှုံ့မဲ့လိုက်ရင်း ...

"လူနာတွေနဲ့ ထိတွေ့နီးစပ်နေတာ စိတ်ညစ်စရာကြီး" ကြည့်လေ ... ကြံဖန်အကြောင်းပြပုံက ...။

ရဲခက ပြုံးလျက် ...

"သူက လူနာနဲ့ သိပ်မထိတွေ့ပါဘူး။ ဆေးတက္ကသိုလ်မှာ လုပ်တာလေ ...၊ ရုပ်ကလည်း အမိုက်စားတဲ့ဗျ"

ရဲခက သူမအကြိုက်လိုက်ကာ ချော့မော့ပြောကြည့်သည်။

"ဒီတစ်ခါမှ ချေးထူရင်တော့ ဒါ ခင့်ပျားလေးအပြစ်၊ အန်တီဇင်လည်း စိတ်ကုန်နေပြီ"

"ဒီတစ်ခါလည်း ခါ့လွှတ်မှာပဲ၊ ကြည့်နေ ..."







www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား လူကြီးတွေကို အရှုံးမလုပ်နဲ့ ..."

သူက စိတ်မတိုပါဘဲ တိုချင်ယောင်ဆောင်ကာ ခပ်ကြိမ်းကြိမ်း ဆိုသည်။

သူများ ... မကြောက်ပေါင် ...။

"လူကြီးတွေကလည်း ... အတင်းအကျပ် ဖိအားမပေးနဲ့ပေါ့ ..."

"ကျွတ် ... ခင်ဗျားက စေတနာကို တကယ်နားမလည်တာပဲ"

ဒီမှာ ကိုရဲခ ...၊

အန်တီဇင့်စေတနာကို နားမလည်ပေမယ့် အခု အချစ်ဆိုတာကို ကျွန်မ နားလည်နေပြီ။

အချစ်ဆိုတဲ့အရာက စူးစူးရှရှ နက်နက်ရှိုင်းရှိုင်းကြီးနဲ့ ကျွန်မနှလုံးသားထဲ အတင်းဖောက်ဝင်လာခဲ့ပြီ ...။

ဒါကို ရှင်သိရဲ့လား ...။

စိတ်ထဲက မေးမြန်းရင်း သူ့မျက်နှာကို ယွန်းအုပ်မော့ကြည့်နေမိသည်။

ရှင် မသိယောင်ဆောင်မှာလား ...၊ ယွန်းအုပ်ကိုရော အထင်သေးမှာလား ... ဟင်။

အချစ်ဆိုတာကို ဘယ်တုန်းကမှ မယုံကြည်ခဲ့တဲ့ကျွန်မဟာ မူးမူးရူးရူးနဲ့ ရှင့်ကို အရမ်းချစ်မိသွားပြီ ဆိုရင်ကော ...။





ရှင် ဘယ်လိုသဘောထားမှာလဲ ...။

ကိုဟိန်းမော်ကို စိတ်ပျက်အောင် ယွန်းအုပ်ကိုယ် ယွန်းအုပ် အိမ်ထောင်ရှိတယ်လို့ ပြောခဲ့တယ်ဟု ကိုရဲခဆီမှာ အမှန်အတိုင်း ဝန်ခံပြောပြခဲ့တဲ့နေ့က ...။

"ဟာကွာ ... ခင်ဗျားသိပ်ဆိုးပါလား၊ ဒီလောက်တောင် မိုက်ရူးရဲဆန်ရသလားကွာ၊ မိန်းမပျိုလေးတစ်ယောက်ဖြစ်ပြီး ဒီလောက်မှ ဦးနှောက်မရှိဘူးလား၊ သူ တကယ် အဟုတ်ထင်သွားတာ ခင်ဗျားပဲ နစ်နာမှာ၊ နာမည်ပျက်အောင် ဘာကြောင့် လုပ်နေတာလဲ၊ ဘာကြောင့် အရွဲ့တိုက်နေတာလဲ၊ အန်တီဇင် လက်နဲ့ ရေးထားတာကို ခင်ဗျား ခြေနဲ့ဖျက်ပစ်တာတော့ ဘယ်ကောင်းမလဲဗျာ ... နောက် ဒီလိုမလုပ်ပါနဲ့ ... အာသဲဖြန်ဖြန် အရှက်သိက္ခာကိုတော့ ... ထည့်တွက်ရဦးမှာပေါ့၊ ဒီတစ်ခါ ပေါက်ကရ လျှောက်ပြောထားရင်တော့ ခင်ဗျားအသိပဲ... မလွယ်ဘူးမှတ် ...။

ဟု အပြစ်တင် ကြိမ်းမောင်းလို့ မဆုံးတော့ ...။

သူ ကရုဏာဒေါသောနှင့် ပွစိပွစိ ဗျစ်တောက်ဗျစ်တောက် လုပ်နေတာမှန်း ယွန်းအုပ်သိတာမို့ ငြိမ်နေခဲ့မိသည်။

ယောကျ်ားလေးတွေဆီမှာ မေတ္တာစစ်မေတ္တာမှန် မရှိနိုင်ဘူးလို့ ထင်မိလို့ပါ။ စမ်းသပ်ပုစ္ဆာလေးတွေ ထုတ်နေမိတာပါ။

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် အခုတော့ မေတ္တာစစ်စစ် မစစ်စစ် သူမအောက်က တစ်ဖက်သတ် ချစ်မြတ်နိုးရတဲ့သူ ရှိခဲ့ပြီ။

ဒါကိုရော တစ်ဖက်သတ် ရူးမိုက်မှုရယ်လို့ ရှင်အပြစ်တင်မှာပဲလား ကိုရုံခရယ် ... ဟင်။

ယွန်းအုပ်က ခေါင်းလေးငုံ့ချပြီး လမ်းကိုပဲ စိုက်ကြည့်ကာ ကိုယ့်အတွေးနှင့်ကိုယ် လျှောက်နေမိသည်။

နံဘေးမှာ ကိုရုံခပါတဲ့အတွက် သူမရင်ထဲမှာ ချမ်းမြေ့နေသည်။ လုံခြုံပြည့်စုံနေသည်။

ဘဝခရီးလမ်းတစ်လျှောက်လုံးမှာလည်း ဒီလိုပဲ သူမနံဘေးမှာ အမြဲလိုက်ပါ စောင့်ရှောက်စေချင်မိသည်။

ယွန်းအုပ်ရှေ့ကနေ မားမားမတ်မတ် ရပ်တည်ပေးနိုင်မလား ...။

သူမ အားကိုးချစ်တဲ့ အဖော်မွန်ဟာ ဘယ်မှာမှ လိုက်ရှာနေဖို့ မလိုတော့ပါဘူး။

သူမနံဘေးမှာ ရှိနေခဲ့ပြီ။

ဒါကိုသိရရင် ကိုရုံခ အံ့အားသင့်သွားမှာပဲနော် ...။

သို့သော် ယွန်းအုပ် သူ့ကို ဘယ်လိုအသိပေးရမှာလဲ။

မရဲတရဲတွေးကာ ရင်ဖိုနေမိသည်။

သူမက ... တိတ်တဆိတ် ခေါင်းငုံ့လျှောက်နေတော့ ရုံခကလည်း မချင့်မရဲ နှုတ်ခမ်းကိုက်၍ ကြည့်နေမိသည်။





အင်မတန် ခေါင်းမာပြီး ... သူထင်ရာ သူလုပ်တတ်တဲ့ မိန်းကလေး ...။

အနီတီဇင်ပြောတုန်းက သူမယုံ၊ အခု ကိုယ်တိုင်ကြုံရမှ လက်ဖျားခါရသည်။ ဒါကြောင့်လည်း စွဲမက်စရာကောင်းပါလျက် ခုထက်ထိ အတွဲမရှိသေးတာ ဖြစ်မည်။

ဒီလို မိန်းကလေးတစ်ယောက် လောကမှာ ရှိနေတယ်ဆိုတာ သူ ဩချရပါသည်။ တခြားသောကောင်မလေးတွေနှင့် စိတ်ဓာတ်မတူ ...။

ရှေ့ကနေ လျှောက်လာသော ကောင်တလေး လေး ငါးယောက်သည် သူ့ကို မမြင်သလိုပင် ယွန်းအုပ်ကိုသာ သဲသဲမဲမဲ ကွက်ကြည့်ကြသည်။

သူမ ဖျတ်ခနဲ တစ်ချက်မော့ကြည့်လျှင် ကောင်လေးတွေ အငိုက်မိ ငေးစိုက်သွားတဲ့ မျက်လုံးတွေ တန်မဆောင်နိုင် ...။

"ခင်ဗျားကို ငေးသွားတာပဲ ... တွေ့လား"

သူမက မျက်နှာလေးပင့်မော့ကာ ...

"သိသားပဲ ... မထားချင်လို့ ... ရည်းစားများထားချင်ရင် တရက်တစ်ယောက် တစ်နှစ်ပတ်လုံး ထားသွားလို့တောင် ရတယ်"

"အောင်မယ်လေးဗျာ ... သုံးရာခြောက်ဆယ့်ငါးယောက်တောင် ... မလွန်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုရံခနော် ... လာ မစနဲ့ ..."

"ဩော် ... ကောင်မလေးတစ်ယောက် စိတ်ထဲမှာ ရည်းစားလိုချင်နေတာကို၊ ဘယ်ဘက်ခုံတန်းဘက် သွားမကြည့်နဲ့နော် ... တော်ကြာ အားကျသွားရင် ခက်ဦးမယ် ..."

ယွန်းအုပ်က ရှက်ကိုးရှက်ကန်းနှင့် လက်ထဲက ရေသန့်ဘူးနှင့် သူ့ကိုထုဖို့ပြင်သည်။

"ဩော် ... အခုမှသိတယ် ... လက်စသတ်တော့ ဟန်ဆောင်ထားတာ ... အန်တီဖင်ကို ဒီအကြောင်းတွေ ပြောပြရမယ် ..."

"ဘယ်လိုဖြစ်နေတာလဲ"

ယွန်းအုပ်မျက်နှာလေးမှာ နီမြန်းနေရ၏။

တကယ်လည်း ရည်းစားတစ်ယောက်တော့ လိုချင်ပါသည်။ ကျန်တဲ့သူတွေ ဘယ်သူမှမဟုတ်ပါဘူး ...၊ နေလှိုင်းရံခ ဆိုတဲ့ ဟောဒီလူကြီးပဲပေါ့ ...။

လိုချင်တဲ့အရာ ရနိုင်မလား ... ကဲ ...။

ယွန်းအုပ်က သူ့ကိုစိတ်ကောက်ပြီး ရှေ့ကမြန်မြန်လျှောက်လျှင် သူလည်း ခြေလှမ်းကျဲနှင့် ထက်ကြပ်မကွာ ပါလာသည်။

ရံခလည်း အရာရာကိုမေ့ပြီး ပျော်ရွှင်ကြည်နူးလန်းဆန်းနေမိသည်။





ဒီညနေမှာ ကန်ပေါင်က နေမပူ ... နေမပူတဲ့အပြင် အလေးအုံ့ပြီး လေတိုက်နေသေးသည်။

ယွန်းအုပ်နီက ရှက်ရှက်နှင့် အိုင်ဘီစီအဆောက်အအုံဘက်သို့ တည့်တည့်မတ်မတ် စွတ်လျှောက်နေသည်။

"ဟေ့ ... ဘယ်အထိလျှောက်မှာလဲ၊ ပြန်လှည့်မယ်လေ"

ယွန်းအုပ်က သူ့စကားကို မကြားဟန် ပြုနေသည်။

ရံခ စိတ်မရှည်ဘဲ ... လက်ကလေးတစ်ဖက်ကို ဖျတ်ခနဲဆွဲထားလိုက်မိသည်။

ယွန်းအုပ်သည် အလန့်တကြားလေး ဖြုန်းခနဲ ရင်တုန်သွားသည်။

လက်ကိုယောင်ပြီး ရုန်းမိတော့ သူက ဖျတ်ခနဲ ပြန်လွှတ်သည်။

သူ့မျက်နှာပြင်မှာလည်း တစ်မျိုးသောအရိပ်အယောင်နှင့် အမ်းအမ်းဖြစ်သွားတာ တွေ့ရသည်။

"ပြန်မယ် ..."

"ကိုရံခနဲ့မလျှောက်ဘူး၊ ကျွန်မဘာသာ ဟိုအောက်ဘက်က ဆင်းလျှောက်မယ် ..."

"ဟာ ... ဘာလို့လဲ"

"မခေါ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ယွန်းအုပ်က မပွင့်တပွင့်ပြောလျက် လှေကားထစ်လေး
တစ်ဟုန်ထိုး ပြေးဆင်းသွားလေသည်။

ရဲခက ခဏရပ်ကြည့်နေမိပြီးမှ ... သူမ နောက်
ဆင်းလိုက်လာသည်။

ကျွတ် ... ဘယ်လို ကလေးဆန့်ဆန့် မိန်းကလေး
မသိပါဘူးကွာ။

သူမအပြုအမူကြောင့် အေးစက်နေသည်ဟု ထင်သ
နှလုံးသားက တစ်ဖန် အမှတ်မထင် ပြန်လည်ပူနွေးလာခဲ့သ

ရဲခက ဆံပင်တွေထဲ စိတ်ရှုပ်ရှုပ်နှင့် လက်ထိုးဖွပစ်လို
မိသည်။

ငါ့စိတ်တွေ ဒီလိုမဖြစ်သင့်ဘူး ... ဟုတ်တယ် ...။

ကျွတ် ...။

ခွါချွန်ဖိနပ်ကလေးနှင့် ... တစ်အားစွတ် ပြေးဆင်း
ယွန်းအုပ်က ခပ်လှမ်းလှမ်းသို့ အရောက်မှာ ခြေခေါ
ချော်လဲသွားလေသည်။

"အား ..."

"ဟာ ... ယွန်းအုပ် ..."

ရဲခက အပြေးအလွှား သွားရောက်ဖေးထူပေးလိုက်သ

သူမ ကိုယ်လုံးအိအိလေးက သူ့ဘက်သို့ ယိုင်ပြီး မ
သည်။



"ချော်လဲပြီမို့လား ... နာသွားပြီမို့လား ..."

ယွန်းအုပ်က ရှက်ရှက်နှင့် တစ်ချက်ရယ်မိရင်း ...

"အဟီး ... မနာပါဘူး ..."

ဟန်မပျက် ခြေထောက်ကို တစ်ချက်ခါပစ်လိုက်လျှင် ...

"အား ... ကျွတ် ... ကျွတ် ..."

"ပြစ်မှ ... ခြေထောက်ထိသွားပြီထင်တယ်၊ အဲဒီ ဖိနပ်
ချွန်ကြီး ချွတ်လိုက်စမ်းကွာ ..."

ယွန်းအုပ်က သူ့စကားအတိုင်း ဖိနပ်ကြိုးသိုင်းလေးကို
ဆွဲခွါ၍ ဖိနပ်ကိုချွတ်လိုက်သည်။ ပြီးလျှင် ခြေမျက်စိတစ်ဝိုက်ကို
ကိုင်၍ နှိပ်နယ်ကြည့်နေမိသည်။

ရဲခက ပန်းနုရောင်ပြေးနေသော ခြေဖဝါးနှင့်ချိုးလုံးလေး
တို့ အသာအယာ ထိကိုင်ကြည့်ရင်း ...

"ဒီနား နာတယ်မဟုတ်လား ..."

သူဖိတဲ့နေရာက အဆစ်ပေါ်မို့ ပိုနာသည်။

"အင်း ... နာတယ်"

ယွန်းအုပ်က ဖိနှိပ်ကြည့်တဲ့သူ့လက်ကို ဆတ်ခနဲ ဖယ်ရှား
ပစ်လိုက်သည်။

"အဆစ်လွဲပြီ ထင်တယ် ..."

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်သွားဖြတ်လာ လူတချို့ကလည်း စိတ်ဝင်တစား ကြည့်သွားတာမို့ ယွန်းအုပ်ရှက်မိသည်။ ထို့ကြောင့် ကြိုးစား မတ်တတ်ရပ်ကြည့်လိုက်သည်။

“ရရဲ့လား ...”

ဖိနပ်ကို ကြိုးသိုင်းလေးက ဆွဲကိုင်ရင်း ... ခြေဗလာဖြ စမ်းလျှောက်ကြည့်တာမို့ ထော့နင်းထော့နင်း ဖြစ်နေသည်။

ရုတ်တရက် သူမကို လက်မောင်းတစ်ဖက် တိုးပေး မှီတွဲစေတဲ့ သူ့အပြုအမူကြောင့် ယွန်းအုပ်ရင်တွေ ပရမ်းပတ အခုန်မြန်သွားရ၏။

ယောက်ျားတစ်ယောက်ရဲ့ ကိုယ်နံ့ဖျော့ဖျော့ကို အခု နီးနီးစပ်စပ် မရှူရှိုက်ဖူးတဲ့ ယွန်းအုပ်မှာ ခြေထောက် နာ တာဟစ် မေ့ကာ ... အသက်ရှူမှားသွားရသည်။

ကိုရဲခ မျက်နှာကိုလည်း မကြည့်ရဲ ...။

သူ့လက်မောင်းကို အားကိုးစွာ ဖက်တွယ်အားပြု လိုက်ရတဲ့အခါမှာ ယွန်းအုပ်ရင်ထဲမှာ ပြောမပြတတ်အောင် သိမ့်ခနဲနွေးခနဲ လှုပ်ရှားရင်ဖိုသွားရသည်။

ရဲခလည်း ငြိမ်သက်သွားသည်။ မိန်းကလေးတစ်ယော သူ့လက်မောင်းကို ခိုတွဲလိုက်တဲ့အဖြစ်အပျက်ဟာ သူ့အတွ ဒီလောက်ထိ စိတ်လှုပ်ရှားစရာ မဖြစ်သင့် ...။





သူ့ခံစားချက် အရှိန်အဟုန်ကို တုန်လှုပ်သွားမိသည်။ သူ့နှုတ်မှ စကားတစ်ခွန်းမှလည်း မဆိုနိုင် ...။

ယွန်းအုပ်က ဖြည်းဖြည်းလေး အသာ ကိုယ်ဖော့ပြီး လျှောက်နေမိသည်။ လူတစ်ကိုယ်လုံး လေထဲ လွင့်မျော နေသလိုပဲ ...။

ထူးဆန်းလိုက်တာ ...။

အခုနအချိန်ထိ ... သူ့လက်မောင်းကို ခိုတွဲလျှောက်ခွင့် ရလိမ့်မည်ဟု ယောင်ယမ်း၍ပင် မမျှော်လင့်မိ။

အလာတုန်းကပင် ခပ်ခွါခွါလေး လျှောက်ခဲ့ကြသေးတာပဲ၊ တစ်စုံတစ်ရာဟာ တစ်မုဟုတ်ချင်း နီးစပ်ထိတွေ့သွားအောင် ဖန်တီးပေးနိုင်တယ်နော် ...။

သူမ တအံ့တဩနှင့် သာယာပျော်ရွှင်နေမိသည်။

“ဖြည်းဖြည်းပဲ လျှောက် ...”

ကိုရဲခက ထိုတစ်ခွန်းပဲ ပြောသည်။

ယွန်းအုပ်ကဖြင့် ... ကားဆီသို့ပင် ပြန်ရောက်မသွားချင် တော့ပါ ...။

ဤသာယာချမ်းမြေ့မှုလေးက ယစ်မူးဖွယ်ကောင်းလွန်းစွ။

ထိုအချိန်မှာ တိုက်ဆိုင်စွာ မိုးဖွဲလေးတွေက ခပ်ဖြည်းဖြည်း ကျလာခဲ့သည်။ မိုးလေးဖွဲဖွဲရွာသဖြင့် သူများတွေက လှုပ်လှုပ် ရှားရှား ...။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အရေးထဲမှာ မိုးရွာလာပြီ ... ထီးကလည်း ဘားထဲမှာတွေ့ ကျွတ် ..."

သူက စိတ်ပျက်သလို ရေရွတ်သော်လည်း ယွန်းအုပ်မှာ ပို၍ပျော်သွားရပြီး ... မျက်နှာလေးကိုပင့်မော့လျက် မိုးစက်ပွင့်လေးတွေကို ခံယူနေမိသည်။

အို ... အေးမြလှတဲ့မိုးစက်မှုန်မှုန်လေးတွေပါလား ...

"ရွာထော့ဘာဖြစ်လဲ ကိုရံခရဲ့ ... စိုပစေပေါ့ ..."

"ခြေထောက်ကလည်း နာနေတယ် ... မိုးမိပြီး ထပ်ဖျားနေရင်တော့ ... မလွယ်ဘူး။"

သူများတွေ ပြေးပြေးလွှားလွှား မိုးလွတ်ဖို့ ကြိုးစားပေမယ့် သူတို့နှစ်ယောက်က ပြေးလို့လည်းမဖြစ်ဘဲ မိုးရွာထဲ ခပ်ဖြည်းဖြည်းလေးသာ လျှောက်နေကြရသည်။

မိုးက ပိုရွာလာလျှင် ကိုရံခက သူ့ရဲ့မိုးကာဂျာကင်ကို ဖျတ်ခနဲ ဆွဲချွတ်၍ ယွန်းအုပ်ကို ပေးသည်။

"ခင်ဗျားဝတ်ထားလိုက် ..."

ယွန်းအုပ်မငြင်း၊ ခပ်မြန်မြန် လက်လျှိုသွင်းကာ ဝတ်လိုက်သည်။

သူ့အင်္ကျီလေးမှာ သူ့ကိုယ်ငွေ့နှင့် နွေးနေသလို ခံစားရသည်။ ယွန်းအုပ်နှလုံးသားမှာ လှုပ်ရှားတုန်ယင်နေရ၏။





မိုးရွာတာ ကြုံဖူး၊ စိုစွတ်ဖူးသမျှထဲမှာ ဒီတစ်ကြိမ်လောက် ပျော်ဖို့ကောင်းတာ မရှိပေ။

သူ့လက်မောင်းကို ပိုင်ပိုင်နိုင်နိုင် ခိုတွဲပြီး လျှောက်ရတဲ့ အချိန်လေးများဟာ ဘယ်မျှကြည်နူးဖွယ် ကောင်းသလဲ ... ယွန်းအုပ် ဖော်မပြတတ်အောင်ပင် ...။

သူ့မျက်နှာကို ခိုးမော့ကြည့်လျှင် ... သူကတော့ ဘာမှ မဖြစ်သလိုပင် ခပ်တည်တည်လေး ...။

အတော်မတုန်မလှုပ်နေနိုင်တဲ့ လူကြီးပါပဲ ...။

ယွန်းအုပ်ရင်ထဲ မချင့်မရဲလည်း ဖြစ်မိသည်။

ဒီလိုအချိန်မှာ သူလည်းပဲ ပျော်ရွှင်စိတ်လှုပ်ရှားနေသင့်တာပေါ့ ...။

ဒီလောက်ထိ အေးစက်တည်ငြိမ်နေဖို့ မကောင်း ...။

"အဟင်း ... ကိုရံခ ရွှဲပြီ ..."

"ကျွန်တော်က ယောက်ျားလေးပဲ၊ မိုးစိုလို့လည်း အရေးကြီးပါဘူး ..."

"ဖျားရင်ရော ..."

"မဖျားပါဘူး၊ ဒီလောက်နဲ့ ချမ်းလည်း မချမ်းဘူး၊ အရင်တုန်းက ဘောလုံးကန်ရင် မိုးရွာထဲ ကန်နေတာ ..."

"ကိုရံခက ဘောလုံးလည်း ကန်တယ်"

သူက ခေါင်းညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လက်မှုအနုပညာတွေ ... ဖက်ရှင်တွေ ဝါသနာပါ
သူက ကြမ်းကြမ်းတမ်းတမ်း အားကစားလည်း ဝင်နွဲလိုက်
ပေါ့ ... ဟုတ်လား၊ ကိုရဲခက ဆန့်ကျင်ဖက်တွေ သိပ်
တာပဲ ..."

"ကျွန်တော့်အကြောင်း ယွန်းအုပ် အခုမှသိတာလား

ယွန်းအုပ်နီက တစ်ချက်ရယ်လိုက်သည်။

အခုမှသိတာမဟုတ် ... သိဖို့ကြိုးစားမလို့ ကြံကာရှိ
တယ် ...။

သူကတော့ ယွန်းအုပ်အတွေးကို သိမှာမဟုတ်။

ယွန်းအုပ်က ဘယ်ဘက်လက်မောင်းကို ချိတ်ထားဆဲ
သူက ညာလက်ဖြင့် မျက်နှာပေါ် ကမိုးရေစက်တို့ကို သပ်ချသ

သူ ဝတ်ထားတဲ့ တီရှပ်အနက်လည်း စိုသွားပြီ။

ယွန်းအုပ်ကတော့ ... သူ့ရဲ့မိုးကာအကျီနှင့် ဟန်ကျ
ပါသည်။ ရင်ထဲမှာ နွေးမြနေသည်။

"ကိုရဲခ ..."

"ဗျား ..."

သူက စောင်းငဲ့ကြည့်ရင်း ထူးသည်။

သူ့ရဲ့ "ဗျား" ဆိုတဲ့ ထူးသံဟာ ယွန်းအုပ်နှုတ်ခမ်းလေး
အစွန်းကုန် ပြုံးရယ်ကြည်နူးသွားစေပါသည်။

"ယွန်းအုပ် တစ်ခု ဆုံးဖြတ်လိုက်ပြီ၊ သိလား ..."





"ဆိုပါဦး ... ဘာလဲ ..."

"အန်တီဇင့်ကို ပြောလိုက်မယ် ... နောက်ထပ်ဘယ်သူနဲ့မှ
တွေ့မကြည့်တော့ဘူးလို့ ..."

သူက မျက်လုံးပြူးပြသည်။

"ဒါဖြင့် ခင်ဗျားလေးက ရှာဖွေတွေ့ရှိသွားပြီပေါ့ ..."

"အင်း ... ဒါပေါ့ ..."

ရဲခက တအံ့တသြအမူအရာနှင့် ...။

"တကယ်လား ... ယွန်းအုပ် ဘယ်သူလဲ၊ ဘယ်ကလဲ၊
ကျွန်တော့်ကိုတော့ ပြောပြဦးမှပေါ့ ..."

ယွန်းအုပ်က မဖြေပါ။ ရှက်စနိုးနှင့်သာ ရယ်နေမိသည်။

ချိုလွင်သော ရယ်သံလေးက ရဲခနှလုံးသားကို ခုန်ပေါက်
လှုပ်ရှားစေသည်။ ပြောင်းဆန် ယောက်ယက်ခတ်စေသည်။

သူမ ချစ်သူရဖို့ ကိုယ်လည်း မျှော်လင့်ဖူးတာပဲ။

ဒါပေမဲ့ တကယ်တမ်း ရင်ဆိုင်တွေ့မြင်ရမှာလည်း သူ
စိုးရိမ်နေသည်။

တစ်ခါတစ်ရံ ... ကိုယ့်ရင်တွင်းက အဖြစ်အပျက်တို့ကို
ကိုယ်တိုင် လိုက်လို့မမီ။

~⓪~



www.burmeseclassic.com

www.burmeseclassic.com

ကလေးလေးတွေ ကျောင်းဆင်းသွားတာကို ယွန်းအုပ်နီက လက်ကလေးပိုက်ရင်း ရပ်တန့်ငေးမောနေမိသည်။

ကိုယ်ငယ်ငယ်က ကျောင်းတက်ခဲ့ရတာတွေကိုလည်း ပြန်အမှတ်ရလွမ်းဆွတ်မိသလိုလို ...။

ဒီနေ့ ဘာကြောင့်မှန်းမသိဘဲ ... သူမ စိတ်ထဲတစ်ခုခုကို လွမ်းသလို ဆွေးသလိုလေး တစ်မျိုးတစ်ဖုံ ခံစားချက် ထူးခြားနေပါသည်။

မနက်မိုးလင်း အိပ်ရာကနိုးလာကတည်းက စိတ်ထဲမှာ ဘာကိုမှန်းမသိ တုန်တုန်ယင်ယင်လိုလို ဖြစ်နေတာပင် ...။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ပထမဦးဆုံး အလုပ်ဝင်ရမည့်နေ့ ... ကလေးတွေကို စာသင်ရမည့် နေ့မို့လို့ ... လှုပ်ရှားတုန်ယင်ပြီး တလှပ်လှပ် ဖြစ်နေတာဟု ထင်မိသည်။

နိုင်ငံရပ်ခြားကိုသွားဖို့ တစ်ယောက်တည်း လေယာဉ်ကို စီးရစဉ်ကလိုပဲ ... ရင်ထဲ အေးခနဲ နွေးခနဲ အတက်အကျ အနိမ့်အမြင့်တွေ ဖြစ်နေသည်။

တကယ်တော့ ... ကျောင်းမှာ ကလေးတွေကို ကွန်ပျူတာ သင်ပေးရမည့်ကိစ္စဟာ သူမအတွက် ဒီလောက် ခဲခဲယဉ်းယဉ်း မဟုတ်လှတာလည်း သူမသိသားပဲ ...၊ ဘာမှ ပူပန်စိုးထင့်စရာ မရှိတာကို ..."

စစချင်းမို့ ... အနည်းငယ် စိုးရိမ်ပြီး စိတ်ဖိစီးနေတာပဲ ဖြစ်မှာပါ ...။

ကျောင်းကို ထွက်လာတော့လည်း ရင်ထဲ ဟုန်တုန်တုန် ခံစားချက်ကြီးက ဖြစ်ပေါ်နေဆဲ ...။

ကျောင်းကိုရောက်တဲ့အခါ သူမ,ထင်သလို မွန်းကျပ်စရာ မကောင်းဘဲ ... လုပ်ဖော်ကိုင်ဖက် ဆရာမလေးတွေက ခင်ခင်မင်မင် နွေးနွေးထွေးထွေး ဆီးကြိုကြသဖြင့် ဝမ်းသာပျော်ရွှင်သွားရသည်။

ကျောင်းရဲ့ အစည်းအဝေးလေးတစ်ခုကို တက်ရတာပင် သူမမှာ ရင်ခုန်နေမိပါသည်။ ကလေးတွေနှင့်လည်း စစချင်း





မိတ်ဆက်တဲ့သဘောလောက်ပဲ ထိတွေ့ရတာမို့ ဘာဆိုဘာမှ အခက်အခဲ မရှိပါ ...။

ကလေးငယ်တွေကို စိတ်ဝင်စားသော သူမရဲ့ဝါသနာနှင့် အင်မတန်အံကိုက်သော အလုပ်တစ်ခုဖြစ်တာလည်း ပိုမိုသေချာသွားခဲ့သည်။

"တီချယ်နီနီ"

"ဟယ် ... မီးမီး ခကွေးလေးပါလား ..."

ဟိုတစ်နေ့က ချစ်စဖွယ် ခကွေးလေးက သူမရှေ့လာရပ်ကာ ပြုံးပြုံးလေး နှုတ်ဆက်တာမို့ ချစ်စနိုးစိတ်နှင့် ကလေးရှေ့ ထိုင်ချကာ ပါးလေးကို နမ်းမိသည်။

"ကျောင်းဆင်းပြီဆိုတော့ ... ပျော်သွားတာပေါ့လေ ... ဟုတ်လား"

"ခကွေး အိမ်ပြန်တော့မယ် တီချယ်၊ ဘိုင့်ဘိုင်နော် ...၊ မနက်ဖြန် တီချယ့်အတွက် နှင်းဆီပန်း ယူလာခဲ့မယ် ..."

"အားပါး ... ချစ်ဖို့ကောင်းလိုက်တာ သမီးရာ ...၊ လာ ဟိုဖယ်ရီကားပေါ် တက်ရမှာမဟုတ်လား ... တီချယ် သမီးကို ချီပို့ပေးမယ် ..."

ယွန်းအုပ်က ကလေးကို ကောက်ချီဖို့ ပြင်သည်။ အနီးမှာ ရပ်ထားတဲ့ ကျောင်းကြို မီနီဘတ်စ်ကားလေးကို ခကွေးက လှမ်းကြည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ကျောင်းကားနဲ့ မလိုက်ဘူး တီချယ်၊ ဒီနေ့ ခကွေး ဒက်ဒီ လာကြိုတယ် ... ဟိုး အပြင်မှာ ကားရပ်ထားတယ်"

ကျောင်းဝင်း အပြင်ဘက်က ကားတစ်စီးကို မြင်လျှင် သူမရင်ထဲ ဒိန်းခနဲ တုန်သွားလေသည်။

ကားနံဘေးသို့ ဆင်းရပ်လိုက်သူကိုမြင်လျှင် သူမ ထိတ်လန့်တကြား မျက်လုံးလေး ဝိုင်းသွားရသည်။

ခကွေးလေးက သူမလက်ကို ဆွဲခေါ်လာရာ ... သူမ ယောင်နနနှင့် ကြောင်ပေးပါလာမိသည်။

ခကွေးလေးရဲ့ ... ဒက်ဒီ။

ဘုရားရေ ... သူက ကလေးအဖေ ...။

ရုတ်တရက် သူမရင်ထဲမှာ ဘယ်လိုကြီးဖြစ်သွားမှန်းမသိ။ ရင်ထဲက အသည်းနှလုံးတွေ ပြုတ်ထွက်သွားပြီလို့ ထင်ရ၏။

ထို့အတူ ရဲခသည်လည်း ယွန်းအုပ်နီကို ကျောင်းဆရာမ ယူနီဖောင်းလေးနဲ့ ပြုန်းခနဲတွေ့တော့ အံ့အားတသင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားပါသည်။

"ဟာ ... ယွန်းအုပ် ..."

"ကိုရဲခ ..."

"ယွန်းအုပ်က သမီးတို့ဆရာမ၊ ဟုတ်လား ... ဘယ်တုန်းက တိတ်တိတ်လေး ဆရာမ,လုပ်နေလိုက်တာလဲဗျာ"





ရဲခက သူ့ကိုယ်သူထိန်းကာ ဟန်မပျက်မေးနိုင်သော်လည်း ယွန်းအုပ်မှာ မှင်တက်ငေးနေမိကာ ... ချက်ချင်း ဘာမှ ပြန်မဖြေနိုင်။ ညို့ဆေးမိသွားသူလို ဖြစ်နေသည်။

"တီချယ်က ဒီနေ့မှစပြီး စာလာသင်တာ ဒက်ဒီ ... ခကွေးက တီချယ်နဲ့ ဒက်ဒီနဲ့ မိတ်ဆက်ပေးမလို့ဟာ ... အခုတော့ ဒက်ဒီတို့က သိနေတယ်၊ မသိဘူးလို့ ပြန်လုပ်နော် ...၊ ခကွေး အင်ထရို လုပ်ပေးမယ်၊ တီချယ် ... ဒါက ခကွေးရဲ့ဒက်ဒီ ဦးနေလှိုင်းရဲခ တဲ့ ...၊ ဇင်ထဲရေးဒင်းမှာ G. M ..."

ခကွေး ပြောတတ်နေပုံမှာ ချစ်စရာလေး ဖြစ်သည်။

"ဒက်ဒီ ... တီချယ်က ခကွေးအချစ်ဆုံး တီချယ်နီနီ၊ ညတုန်းက ... ကျောင်းမှာ အချောဆုံးဆရာမက ဘယ်သူလဲလို့ ဒက်ဒီမေးတာလေ ...၊ တီချယ်နီနီက အချောဆုံးပဲ ..."

နောက်ဆုံးတစ်ခွန်းကို သူ့အဖေထံ တိုးတိုးလေး ကပ်ပြောလိုက်သည်။

ရဲခမျက်နှာက ဒီတစ်ခါ နီရဲသွားပါသည်။

အင်မတန် ဉာဏ်ရည်ထက်မြက်သော သွက်သွက်လက်လက် သမီးလေးကို ရဲခက ကိုယ်ကိုကိုင်းငုံ၍ ဖက်ထားလိုက်ပါသည်။

"ကျွန်တော့်သမီးက လည်တယ်နော် ... တွေ့လား ..."

"ခကွေးက တီချယ့်ကို ချစ်လို့ပါ ဒက်ဒီရဲ့ ..."

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ … ဟုတ်ပါတယ်"

ယွန်းအုပ်သည် ဟန်မဆောင်နိုင်အောင် တုန်လှုပ်အံ့ဩကာ … ငေးကြည့်နေမိပါသည်။

ခကွေးလေးဟာ … တကယ်တော့ ကိုရံခနှင့် ရုပ်ချင်းသိပ်မဆင် …။ သို့သော် နွေးနွေးရီရီ ပျော့ပျောင်းသော မျက်လုံးကလေးတွေက ချွတ်စွပ်တူသည်။

ဒါကြောင့် … ခကွေးလေးကို တွေ့တဲ့နေ့ကတည်းက သူမစိတ်ထဲ ထူးထူးခြားခြား ဖြစ်သွားခဲ့မိတာပဲလား …။

ယွန်းအုပ်စိတ်ထဲ ပြောင်းဆန်လှုပ်ရှားနေကာ အာလာပသလ္လာပ စကားလုံးတို့ပင် ထွက်မလာ …။

သူတို့သားအဖကိုသာ မယုံနိုင်အောင် ငေးကြည့်နေမိသည်။

ကိုရံခရယ် …။

ရှင့်မှာ သမီးရှိတာ ဘာကြောင့်တခါမှ ပြောမပြခဲ့တာလဲ။

ပြောစရာမလိုဘူး ထင်လို့လား …။

ရှင့်ဘက်က ကျွန်မအပေါ် ဘယ်လိုမှ မနေဘူးဆိုတော့ ဒီအကြောင်း သိသိ မသိသိ အရေးမကြီးဘူး ဆိုပါတော့ …။

ကျွန်မဘာသာ ပြုန်းခနဲ အသည်းကွဲမှကွဲရော …။

ရှင်နဲ့ မဆိုင်ဘူးပေါ့နော် …။

သိပါပြီ … ကျွန်မ အခုတော့ သိသွားပြီ။





တကယ်တော့ ကျွန်မဘာသာ ရှင့်အပေါ် တစ်ဖက်သတ်တိတ်ညွတ်နေမိတာ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံပေါ့ …။

ကျွန်မဟာ ဆင်ခြင်တုံတရားမရှိတဲ့ မိန်းမ …။

အင်မတန် စိတ်ကူးယဉ် မျှော်လင့်တတ်တဲ့မိန်းမ …။

မယွန်းအုပ် မျက်နှာလေးမှာ ပြင်မရအောင် ပျက်နေမိကာ သူမ ရှက်လည်း ရှက်မိသည်။

ဟန်မဆောင်နိုင်အောင် အသည်းတွေကွဲနေမိသည်။

ရံခလည်း တစ်မျိုးတော့ဖြစ်နေပေမယ့် သူက ဟန်ဆောင်ဆောင်းသူမို့ မသိသာပါ။

ပြုံးပြုံးရယ်ရယ် စကားဆိုနိုင်သည်။

"ခင်ဗျားလေးအကြောင်းကို အန်တီဇင် မသိသေးဘူးပေါ့ … ဟုတ်လား၊ သူက ကုမ္ပဏီရုံးသွား၊ ခင်ဗျားက ကျောင်းကို ထွက်ပေါ့ …၊ အင်မတန်ပိရိတယ်ဗျာ … ဟား … ဟား … ဟား …"

ယွန်းအုပ်ကွယ်ဝှက်ထားတာက … သေးသေးဖွဲဖွဲလေးပါ။

ရှင် ပိပိရိရိ ဖုံးကွယ်ထားတဲ့ အရာကမှ ကျွန်မအပေါ် မိုးကြိုးပစ်ချလိုက်သလိုပါပဲ ကိုရံခရယ် …။

သူ့မှာ အိမ်ထောင်ရှိနေလိမ့်မယ်လို့ ယွန်းအုပ် တစ်ခါမှ မထင် …။



www.burmeseclassic.com

www.burmeseclassic.com



ထို့ထက် သမီးလေးတစ်ယောက်ပါ ရှိနေမယ်လို့ ပိုမထင်

မှုက်ဝါးထင်ထင် တွေ့လိုက်ရတော့မှ ... နှလုံးသား

နာလန်မထူအောင် ကြေကွဲနာမြောရသည်။

သူတို့သားအဖ ကားပေါ်တက် နှုတ်ဆက်ထွက်ခွါသွား

အထိ ယွန်းအုပ်တွေဝေငေးမော ကျန်ရစ်ခဲ့ရလေသည်။

ကိုရဲခရယ် ...။

ရှင်ဟာ "ပန်းနုဖြူမခ" ရဲ့ ဖခင်တစ်ယောက်တဲ့လား။

❧⓪❧



ယွန်းအုပ်သည် ထိုညစာထမင်းဝိုင်းမှာ တို့ကနန်း ဆိတ်

တနန်းနှင့် စားလို့မဝင်နိုင်အောင် စိတ်အနှောင့်အယှက်ဖြစ်နေ

မိတာမို့ ဆက်လက်တင်းမထားနိုင်ဘဲ အန်တီဇင့်ကို ဖွင့်ဟ

မေးလိုက်မိတာ ဖြစ်သည်။

ငြိမ်းမွန်တို့ကျောင်းမှာ ကိုရဲခရဲ့သမီးကို တွေ့ခဲ့ကြောင်း

ပြောလျှင် တီဇင်က ဘာမှမဖြစ်သလို ...။

"အေးပေါ့ ... မောင်ခသမီးလည်း လေးနှစ်တော့် ငါးနှစ်

နီးပါးရှိရောပေါ့ ... ကလေးက ဖအေနဲ့သိပ်မတူဘူး။ သူ့အမေနဲ့

တူတာ ..."



www.burmeseclassic.com

www.burmeseclassic.com



"သူ့အမေကရော ..."

တီဇင်က သက်ပြင်းတစ်ချနှင့် သိပ်မပြောချင်လှသလို...

"ရှိသားပဲ ..."

"ကိုရံခတို့နဲ့ အတူတူနေတာလား ..."

"ဘယ်နေမလဲ၊ နောက်ယောကျ်ားယူသွားတာ ..."

"ဟင် ... ဘယ်လို အန်တီဇင် ..."

သူမ နားမလည်နိုင်အောင် ဖြစ်သွားမိသည်။

"ကလေး တစ်နှစ်မပြည့်ခင်ကတည်းက သူတို့ ကွဲသွား...
တာလေ ... အဲဒီတုန်းက မောင်ခက ငါတို့ဇင်ကို ရောက်မ...
သေးဘူး ..."

"ဒီအကြောင်းတွေ ယွန်းအုပ်ကို တစ်ခါမှမပြောဖူးပါလား..."

ယွန်းအုပ်က အန်တီဇင်ရဲ့မျက်နှာကို သေချာစူးစိုက်အ...
ခတ်သလိုကြည့်ရင်း ... မေးလိုက်သည်။

"စကားမစပ်မိလို့ပေါ့အေ ..."

"ဒါက စကားမစပ်မိစရာလား အန်တီဇင်ရယ်၊ ယွန်းအုပ်...
သွားလာပတ်သက်နေတဲ့သူက အိမ်ထောင်သည် ဆိုတာ...
ယွန်းအုပ်သိထားသင့်တာပေါ့၊ သမီးကိုပြောပြထားသင့်ပါတယ်..."

သူမ စိတ်မကောင်း ... ဝမ်းနည်းစွာဆိုမိသည်။





...အိမ်ထောင်သည်မှ မဟုတ်ထာ၊ ရှင်မင်းထွေးနဲ့မောင်ခနဲ့
...ရားဝင်ကွာရှင်းပြီးသားပဲ ..., ကလေးကို သူ အုပ်ထိန်းခွင့်
...ဖို့အောင် တော်တော်ကြိုးစားလိုက်ရသေးတာ ..."

အန်တီဇင်က အခုမှ အကျိုးအကြောင်းရှင်းပြသည်။

သို့သော် အချိန်လွန်ခဲ့ပြီ ... ဒါတွေကို သူမ အခုမှ သိရ...
တော့ ... ဘာတတ်နိုင်မှာလဲ။

ရင်ထဲမှာလည်း မကျေမနပ် ခံပြင်းမိသလို ခံစားရသည်။

မင်းလသည် ထမင်းစားရင်း ... ငွန်း, ခတ်ရင်းကိုချကာ
...ကြည်းဟန်လိုလိုဖြစ်နေတဲ့ သူ့အစ်မရဲ့မျက်နှာတို အံ့ဩစွာ
...စိုက်ကြည့်ရင်းခတ်မိသည်။

"ဟုတ်သားပဲ မာမီရာ ... ဘာပဲဖြစ်ဖြစ် ကြိုပြောထားရ
မှာပေါ့၊ ဒါကို ဖုံးထားတော့ မမစိတ်ထဲ တစ်မျိုးဖြစ်မှာပေါ့"

"မင်း ဘာသိလို့လဲ မင်းလရဲ့ ... မင်းအစ်မက ထော်လော်
တန့်လန့်သမားလေ ... ငါက သူ့ကို အိမ်ထောင်ချပေးချင်တာ။
မောင်ခတို့ အိမ်ထောင်ရေး အဆင်မပြေတာ၊ သူ့မိန်းမ သူ့ကို
စွန့်သွားတာ၊ ကွဲကြကွာကြတာတွေ ပြောချင်မလားဟဲ့ ...၊
ပြောလိုက်ရင် မင်းအစ်မ စိတ်ပျက်သွားမှာပေါ့ ... နဂိုကတောင်
နားချလို့မရတဲ့အထဲမှာ ... သူ ဆင်ခြေပေးစရာ ပိုရသွားမှာပေါ့၊
ဒါကြောင့် ငါ အသာလေး ဘာမှမပြောဘဲထားတာ ..."



www.burmeseclassic.com

www.burmeseclassic.com



ယွန်းအုပ်က ... နှုတ်ခမ်းလေးကိုက်၊ ခေါင်းတစ်ချက် ယမ်းပြီး ...

"အန်တီဇင် မပြောဘူးထား ... သူကတော့ သူ့နောက် ကြောင်းကို ပြောပြသင့်တာပေါ့ ..."

"ကိုရဲခက ဘာမှမပြောဘူးလား ... မမ"

"ဟင့်အင်း ... တစ်ခါမှကို စကားမစတာ ..."

"ဩော် ... သူ့အိမ်ထောင်ရေး ပြိုကွဲရှာတာ သူ့ဘက်က ရော ဖွင့်ပြောချင်ပါ့မလား၊ ပြီးတော့ ... သူလည်း မာမီ့ကို တွေးမိမှာပေါ့ ... ယွန်းအုပ်ကို ဒီအကြောင်းတွေ သွားပြောရင် နဂိုကမှ ယောကျ်ားမယူချင်ဘူး ငြင်းနေတဲ့သူက ... မိုးစိတ်ပျက် သွားမှာတွက်မိလို့နေမှာပါ၊ မောင်ခက ရိုးပါတယ်၊ ဒါကြောင့် မိန်းမတောင် နောက်လူနောက် ပါသွားတာပဲကြည့် ..."

အန်တီဇင်က သူ့အပေါ် အပြစ်မမြင် ...။

ယွန်းအုပ်ကရော ...။

ဒါဟာ ယွန်းအုပ်ရဲ့ညံ့ဖျင်းမှုလို့လည်း ပြောနိုင်တာပဲ ...

ကိုရဲခအပေါ် တစ်ဖက်သတ် ယုံကြည်နေမိတာ ...။

ရည်းစားရှိသလားဟုပင် တခါမှ မမေးမိ ...။

ယွန်းအုပ်ဘက်က စိတ်မလုံလို့ မမေးရဲဘဲ ရှက်ရွံ့နှုတ်တွန့် နေခဲ့မိတာလည်း အမှန်ပါ ...။





စောစောက မေးမြန်းဖြစ်ခဲ့ရင် အကောင်းသားဟု အခုမှ နောင်တရသည်။

"မောင်ခက မိန်းမဆိုရင် အသံတောင်မကြားချင်အောင် သန့်နေတဲ့သူလေ ..."

"မာမီကလည်း ... သူလည်း ပြောင်းလဲနိုင်တာပဲဗျာ၊ အရင်က စိတ်မဝင်စားရင်တောင် အခုလောက်ဆို အနည်ထိုင် ရောပေါ့ ..."

မင်းလစကားကြောင့် သူမ ငိုင်သွားမိသည်။

သူကိုယ်တိုင်ပင် အိမ်ထောင်ရေးမှာ အရှုံးနှင့်ရင်ဆိုင်ရပြီး အလဲလဲအပြိုပြို ဖရိုဖရဲဖြစ်သွားချိန်မှာ ... ယွန်းအုပ်ကို ဘာကြောင့် အန်တီဇင့်စကား နားထောင်ဖို့ တိုက်တွန်းနားချ တာလဲ ...။

သူ့အကြောင်းတွေ ... သူ့အတိတ်သမိုင်းတွေလည်း တစ်စွန်းတစ်စပင် မဖွင့်ဟခဲ့ ...။

ဒါဟာ ... သူ တမင်ဖုံးကွယ်လျှို့ဝှက်ထားတဲ့ သဘောပဲ ပေါ့လေ ...။

ဒေါ်ဇင်မိုးနွယ်က မျက်နှာပျက်ပျက်နှင့် ငိုင်တွေငေးမော နေတဲ့ သူမကို သက်ပြင်းချ ကြည့်မိသည်။

ယွန်းအုပ်လေးများ မောင်ခအပေါ် သံသယဖြစ်ပြီ ဒွိဟဖြစ် သွားမိလို့လား ...။

www.burmeseclassic.com



အို ... မဖြစ်နိုင်ပါဘူး ...။

ကုမ္ပဏီပိုင်ရှင် သူဌေးသား ... ရက်စတော့ရှင့် ပိုင်ရှ အင်ဂျင်နီယာ ... ဆရာဝန် လူပျိုလူလွတ်တွေကိုပင် တစ် ကလေးမှ စိတ်မဝင်စား၊ မတုန်မလှုပ် ကျောက်ရုပ်လုပ်နေ ယွန်းအုပ်နီဟာ ... ကလေးအဖေ တစ်ယောက်အပေါ် ဘယ်နည်းနှင့်မျှ စိတ်ဝင်စားမှာမဟုတ် ...။

မောင်ခကိုလည်း အန်တီဇင် စိတ်ချသည်။

ဒါကြောင့်လည်း ယွန်းအုပ်ကို စောင့်ရှောက်စေခဲ့တာ

သူတို့ချင်း နီးစပ်သွားမလားဟုလည်း မစိုးရိမ်ခဲ့မိပါ ...

အထူးသဖြင့် ... မောင်ရဲခက တည်ငြိမ်ရင့်ကျက်သည် ဒေါ်ဇင်မိုးနွယ်အပေါ်လည်း ... အလုပ်ရှင်တစ်ယောက်ထ ဆွေမျိုးရင်းချာလို လေးစားကြည်ညိုမှု ရှိသည်။

သူ့ကိုယ်သူလည်း နေတတ်၊ ထိန်းတတ်မည်ဟု အန်တီဇ ယူဆသည်။ သူ့မှာလည်း သင်ခန်းစာတွေ မနည်းဘူး ပြီးတော့ ... သူ့ဆီမှာလည်း သမီးငယ်လေးတစ်ယောက် ရှိ သည် မဟုတ်လား။ ဘာကိုမဆို စဉ်းစားချင့်ချိန်ပြီးမှ ဆောင်ရွ တတ်တဲ့ မောင်ခကို ကိုယ်တိုင်လည်း ချီးမွမ်းသဘောကျခဲ့မိတာ အမှန် ...။





ယွန်းအုပ်ကို သူ့ကိုယ်ရေးကိုယ်တာတွေ ဖွင့်မပြောဘူး။ အသိမပေးဘူးဆိုတာဟာလည်း သွေးရိုးသားရိုး သဘောရိုးပဲ ဖြစ်မှာပါ ...။

သူ မပြောလည်း ဒေါ်ဇင်မိုးနွယ် ပြောပြထားနိုင်တာကို သူ တွေးမိမှာပဲလေ ...။

သိပြီးသားလို့ ထင်နေတာလည်း ဖြစ်ကောင်းဖြစ်နိုင် ပါသည်။

သို့သော် ထူးဆန်းနေတာသည် ဟောဒီတ ကိုယ့်တူမရဲ့ မျက်နှာရိပ်မျက်နှာကပဲ ဖြစ်သည်။ တစ်စုံတစ်ရာကို မချင့်မရဲ မကျေမနပ်ဖြစ်နေပုံ ပေါ်သည်။

ယွန်းအုပ် ဘာဖြစ်နေတာလဲ ...။

အရင်က မောင်ခအကြောင်း မသိဘူးပဲထား ...၊ အခုသိရ ပြီပဲ ...။

ပြီးတော့ ... သူ့နောက်ကြောင်း သိတာ မသိတာဟာ ယွန်းအုပ်အတွက် ဘယ်လောက်များ ရေးကြီးခွင်ကျယ်ကိစ္စ ဖြစ်နေလို့လဲ ...။

သာမန်မိတ်ဆွေလို ... အစ်ကိုတစ်ယောက်လို သဘော ထားရင် သူ အိမ်ထောင်ရှိတာ မရှိတာ၊ တာလေး ရှိတာ မရှိတာ တွေဟာ ဘာများစဉ်းစားစရာလိုသလဲ ...၊ စိတ်ဆိုးနေရာတော့ ပို၍မလိုဟု ထင်မိသည်။

www.burmeseclassic.com



"လျှို့ဝှက်ထားတယ် ကြည့်စမ်း"ဟု နှုတ်ခမ်းတစ်ချက်လောက် ဆူရုံနှင့် ပြီးသွားမည်ထင်တာ …။

ငြိမ်ကျ ငိုင်တွေလောက်အောင် ဆန်းကြယ်တဲ့ အဖြစ်အပျက်လည်း ဟုတ်မှမဟုတ်တဲ …။

ပြောရမည်ဆိုလျှင် ဒေါ်ဇင်မိုးနွယ်ကိုယ်တိုင်ပင် ဒါကို ခေါင်းထဲ သိပ်မတွေးထား …။

အပျိုကြီးလုပ်မယ် ကြွေးကြော်ထားတဲ့ တူမကို မရအရ စွံအောင် ဖန်တီးဖို့ပဲ စိတ်ထဲရှိခဲ့တာ …။

သူကြိုက်တာလေး တွေ့စမ်းပါစေဟုသာ နေ့ရှိသရွေ့ ဆုတောင်းနေရတာ …။

ယွန်းအုပ်နှင့်ပတ်သက်ပြီး နောက်ထပ်ပိုပြီး စိတ်ချမိတာ တစ်ခုက … နောက်ကြောင်းရာဇဝင်မသိလဲ ဘယ်တော့မှ လက်သင့်မခံတတ်တဲ့ ခေါင်းမာမာ မိန်းကလေးမို့လို့ပါပဲ …။

သားရှင်ဘက်က မိဘတွေပါ ခေါ်ပြီး လာတောင်းရမ်းပါမယ် ဆိုတာတောင် ယွန်းအုပ်က ပေါင်းရမယ့်သူချင်း စကားပြောဆိုကြည့်၊ ညှိနှိုင်းတိုင်ပင်ကြည့်ပြီး … နားလည်မှုရမှလို့ စောဒကတက်၊ အတွန့်တက်တတ်သူလေး …။

ဒီလို ဆင်ခြေတွေ ပေးတတ်လွန်းလို့လည်း အပြင်မှာ လူငယ်ချင်းစကားပြောကြည့်ကြ၊ တွေ့ဆုံကြတဲ့အခါ အထင်



မသေးရအောင်၊ စောင့်ရှောက်လို့ရအောင် မောင်ခကို ရွေးပြီး အဖော်ထည့်ပေးရတာ မဟုတ်လား။

မောင်ခက လူကြီးလည်း ဆန်သလို … လူတစ်ဖက်သားအပေါ် လည်း အင်မတန် နားလည်အလိုက်သိသူမို့ ယွန်းအုပ်နှင့် ပြေလည်လောက်ပါရဲ့ဟု စီစဉ်မိတာဖြစ်သည်။

ယွန်းအုပ်ပညာပြတာလေးတွေ၊ ကတ်ဖိုးကတ်ဖဲ့ ပြဿနာရှာတတ်တာလေးတွေ သည်းခံမည့်သူဖြစ်သလို ကိုယ့်ကိုပြန်ပြောမည့်သူလည်း ဖြစ်တာကြောင့် မောင်ခကို အလွယ်တကူပဲ ရွေးချယ်ခဲ့မိတာပါ။

ယုံကြည်စိတ်ချရလောက်တဲ့သူမို့လည်း တူမအပျိုလေး အနား နေပေးဖို့ ကိုယ်တိုင်ပဲ စီမံခဲ့တာ မဟုတ်လား။

ယွန်းအုပ်ဟာ … သူထင်ရာတွေ လုပ်တတ်လွန်းလို့ အဟန့်အနေနဲ့ ဒီလိုလိုက်ပါစောင့်ရှောက်စေခဲ့ရတာ။

ယွန်းအုပ်သည် မျက်လွှာလေး ချကာ တစ်ခဏငြိမ်နေပြီးလျှင် … စားလက်စထမင်းကို ရပ်လိုက်သည်။

"ဘာဖြစ်လို့လဲ … သမီး"

ယွန်းအုပ်က ဇွန်း၊ ခက်ရင်းကို ပန်းကန်ထဲ ချလျက် ထမင်းဝိုင်းက ထ,ဖို့ပြင်သည်။

"တော်ပြီ … အန်တီဇင် … ယွန်းအုပ် ဝ,သွားပါပြီ"

အေးစက်စက် တစ်ခွန်းပြန်ဖြေကာ ထွက်သွားတဲ့ ယွန်းအုပ်

www.burmeseclassic.com

www.burmeseclassic.com



ကျောပြင်ကိုကြည့်ကာ ... ဒေါ်ဇင်မိုးနွယ်က မျက်ခုံးပင့်လိုက်မိသည်။

"မာမီ ..."

"ဟေ ..."

"သား မင်္ဂလာဆောင်ကိစ္စ အလုပ်ရှုပ်တာလည်း ရှုပ်တာပေါ့၊ ဒါပေမဲ့ မမယွန်းကို ကိုရဲခနဲ့ တတွဲတွဲမလွှတ်နဲ့တော့ ..."

"ဟဲ့ ... ငါလွှတ်လည်း သူမှာ ဦးနှောက်ရှိတာပဲ၊ ဒီလောက်ကြေးထူတဲ့သူကို မင်းမပူစမ်းပါနဲ့ ..."

"မာမီတို့ကလည်း တစ်ယူသန်ပဲ၊ ကလေးအဖေဖြစ်တိုင်း မမယွန်းအပေါ် ရိုးသားပါ့မယ်လို့ မာမီ အာမခံနိုင်လို့လား ..."

"ဟဲ့ ..."

သားဖြစ်သူစကားကို အလန့်တကြား ဟန့်မိသည်။

ခုတ်ရာတခြား၊ ရှရာတစ်တွဲတော့ မဖြစ်လောက်ပါဘူး။

သို့သော် ထိတ်ခနဲတော့ ပူသွားမိသည်။

"သွားရင်း လာရင်း ... မတော်တဆငြိသွားရင် ဘယ်လိုလုပ်မလဲဗျာ ..."

"ဩော် ... မောင်ခက ဒီလိုလူစား မဟုတ်လောက်ပါဘူး"

ကိုရဲခ ... ဒီလိုလူ မဟုတ်တာကို သူလည်း ယုံပါသည်။ သို့သော် မမယွန်းအကြောင်းလည်း သူသိသည်။ ငယ်ငယ်





တတည်းက ကိုယ်ဖီလင်လာရင် ဘာမဆို ရှေ့တိုးပြီး စိတ်မပါဘူးဆိုလည်း ဘယ်သူဖျောင်းဖျလို့မှ နားဝင်တာမဟုတ် ...။

ဒီအစ်မရဲ့စိတ်ကို သိလို့ စိုးထင့်စ ပြုလာတာ။

"သူတို့နှစ်ယောက် သံယောဇဉ်တို့ ဖြစ်နေမှာပဲ ... အခုကြည့် ... မမယွန်း စိတ်ထိခိုက်နေပြီ။ ထမင်းတောင် စားလို့မဝင်ဘူး ..."

"အမလေး ... အခုမှ အစ်မအပေါ် သိထတ်နေလိုက်တာ၊ ဒါဖြင့်ရင်လည်း မင်းကိုယ်တိုင် အစကတည်းက တကောက်ကောက် လိုက်ပေးပါလား ... တကတဲ ..."

"တကယ်က မာမီပဲ လိုက်ရမှာ ..."

"ငါ့ကိစ္စနဲ့ ငါမှ မအားတာဘဲ သားရယ် ..."

"သားက ပိုဆိုးသေးတယ် ..."

"ရည်းစားနှာပဲ တကပ်ကပ်လုပ်နေရတာကိုး ဘယ်အားမလဲ ..."

မာမီက အငေါ်တူးသလို ခပ်မဲ့မဲ့ ပြောသည်။

"မာမီ မသိပါဘူး၊ ဒါက ဟိုဒင်းကျိန်းတဲ့တိစ္စ၊ အဲဒါကြောင့်သား ဝင်မပါတာပေါ့ ..."

သားလုပ်သူရဲ့အပြောကြောင့် ဒေါ်ဇင်မိုးနွယ် မျက်နှာက မဲ့ရာမှ ပြုံးသွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မဟုတ်ဘူး ... မိယွန်းအုပ်တစ်ယောက် ငါ့ကို စိတ်တောက်ဖို့ အကြောင်းရှာတာ ... စိတ်ကောက်နေလိုက်ရင် ပြီးပြီလို့ သူက မှတ်နေတာ ..."

"မာမီရာ ... အရမ်းလည်း မတွန်းပါနဲ့၊ မမယွန်းဘာသာ ဆုံးဖြတ်ပါစေ ..."

"သူ့ဟာသူဆိုရင် တစ်သက်လုံးဆုံးဖြတ်ပါ့မလား မင်းလရဲ့၊ ငါက ဒါကိုပဲ စိတ်ပူတာ ..."

သားအမိနှစ်ယောက်သား အချီအချ ပြောဆိုနေစဉ်မှာ ယွန်းအုပ်က သူ့အခန်းထဲ ရောက်သွားပါပြီ ...။

ယွန်းအုပ်ရင်ထဲမှာ ဟာတာတာကြီး ဖြစ်နေသည်။

ပထမဦးဆုံး ထွတ်ထွတ်မြတ်မြတ် ချစ်ရသူက လွန်ခဲ့သော နှစ်အတန်ကြာ ကတည်းက ... အိမ်ထောင် ပြုခဲ့ပြီးသား သူတစ်ယောက် တဲ့။

သူ့ရင်ခွင်မှာ တစ်ပါးသော မိန်းမတစ်ယောက် ခိုလှုံခဲ့ဖူး ပါလားဆိုသော အသိဟာ ယွန်းအုပ်နှလုံးသားကို တရိရိနှင့် နှမြောကြေကွဲ ဝမ်းနည်းစေသည်။

ခိုလှုံခဲ့ဖူးရုံပင်မကဘဲ သူတို့ဆီမှာ ချစ်စရာ ရင်သွေးလေး တစ်ဦးပင် ထွန်းကားခဲ့သေးသည်။

သူမကတော့ ... မိုးရေထဲမှာ သူ့လက်မောင်းတစ်ဖက်ကို ခိုတွဲခွင့်ရလိုက်တာကိုပင် အရူးအမူးပျော်ရွှင်ကြည်နူးလိုက်ရတာ။



သူ့အတွက်ကတော့ ... ဒီခံစားမှုက တကယ်အသေးအဖွဲ ပဲပေါ့ ...။

ရင်မခုန်လောက်ဘူးပေါ့ ...။

တွေးရင်းက ... ယွန်းအုပ် မျက်လုံးအိမ်မှာ မျက်ရည်တွေ ပြည့်လာခဲ့သည်။

ငါ ဘာကို မချင့်မရဲ မကျေမနပ် ဖြစ်နေရတာလဲ ...။

ဒီလိုဖြစ်မိတော့ရော ဘာထူးမှာတဲ့လဲ ...၊ ငါ့ရင်ခွင်မှာ နာကျင်ထိခိုက် ကြေကွဲရုံကလွဲလို့ ဘာအကျိုးများ ရှိမှာလဲ။

အားလုံးဟာ ပြီးခဲ့ပြီ ... ဘာမှမပြောင်းလဲနိုင်တော့ ...။

သူ့မှာ ဇနီးတစ်ယောက် ရှိခဲ့ဖူးတယ် ... ခင်ကြွေး ဆိုတဲ့ သမီးတစ်ယောက်ရှိနေတယ်။ ဒါတွေက အမှန်ပင် ...။

နူးညံ့သော နှလုံးသားမှာ ... ဒဏ်ရာဒဏ်ချက်တို့က တစ်ဝက်၊ ရူးရူးမိုက်မိုက်နစ်ဝင်မြတ်နိုးမိခြင်းတို့က တစ်ဝက် ...။

ယွန်းအုပ်က အံကလေးတစ်ချက် တင်းတင်းကြိတ်ကာ ထိန်းလိုက်သည်။ သို့သော် မရ ...၊ မျက်ရည်ပေါက်တို့က ပါးပြင် ပေါ်သို့ လိမ့်ဆင်းကျလာသည်။

ထိုမျက်ရည်တို့ကို ဘယ်သူမှမမြင်အောင် ခေါင်းအုံးလေး ထဲ ဝှက်သိမ်းမိသည်။

တိတ်တခိုးချစ်မိခဲ့တဲ့ ရလဒ်တွေက ရင်ထဲမှာ နင့်နေသည်။ မောဟိုက်ပင်ပန်း လိုက်ဟာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုရံခရယ် …၊ ရှင့်ကို ကျွန်မ ဘယ်လို မေ့ထားရမလဲ။ ဘယ်လိုစွမ်းအားနဲ့ မေ့လိုက်ရမလဲဟင် …။

ရှင်က ခကွေးလေး အမေကိုတောင် ဆုံးရှုံးခဲ့ရဖူးတော့ အတွေ့အကြုံရင့်ကျက်နေမှာပါ …။

တော်ရုံတန်ရုံကိစ္စလောက်က ရှင့်နှလုံးသားထဲ ဖြတ်ဝင်လာနိုင်မှာ မဟုတ်ပါဘူး …။

ရှင်က ခံနိုင်ရည်တွေ ပြည့်ဝနေတဲ့သူ …၊ အသည်းနှလုံးတွေ မာကျောခက်ထန်နေတဲ့သူ …။

ပန်းကလေးတစ်ပွင့်လို နူးညံ့စွာ ရှင်သန် ဖူးပွင့်လာတဲ့ ကျွန်မရဲ့အချစ်ဟာ ရှင့်ရှေ့ခြေရင်းမှာ ကြွေမွသွားခဲ့ရပြီလား …။

တကယ်ပဲ ကြွေမွခဲ့ပြီလား …။

~ ⓪ ~



စိတ်တွေ မွန်းကျပ် ရှုပ်ထွေးပြီး ပင်ပန်းနွမ်းနယ်သလို ဖြစ်နေမိသော ယွန်းအုပ်က အိပ်ရာထဲ ခွေနေမိ၏။

အခန်းထဲက တီဗီမှာ ဝိုင်းစုခိုင်သိန်းသီချင်းကို ခပ်တိုးတိုး ဖွင့်ထားသည်။

ချစ်သူဘေးနားမှာ နေတဲ့ခဏ × × × ×
နူးညံ့နွေးထွေးသလို အကြည့်လေးများထဲ × × × ×
တင်းထားမယ်လို့ စိတ်ကူးတွေ × × × ×
အမိုးအငွေ့ ဖြစ်ကာရယ် × × × ×
နှလုံးသားဟာ -- ပန်းလိုကြွေကျတယ် × × × ×



www.burmeseclassic.com

www.burmeseclassic.com



အပြစ် မမြင်ပါဘူး × × × ×
ချစ်ချင်တာပဲ သိတဲ့နောက် × × × ×
ဖြစ်သမျှဟာ အကောင်းပဲပေါ့ × × × ×
မင်းရင်ခွင်နဲ့ ခွဲခွါနေဖို့ မရဲပါဘူး × × × ×
အနားနားမှာ အမြဲချစ်ပါရစေ × × × ×

ယွန်းအုပ်က သီချင်းထဲ ခံစားနစ်မျောငြိမ်သက်နေမိဆဲ ဖုန်းသံတိုးတိုးလေးက ဖြတ်ဝင်လာခဲ့သည်။

လက်ကိုင် ခေါက်ဖုန်းလေးကို ဖွင့်ကြည့်လိုက်တဲ့အခါ စခရင်ပေါ်မှာ ကိုရဲခ ဆိုတဲ့ စာလုံးလေးပေါ်နေလျှင် သူမ အလန့်တဖျပ် ငြိမ်သက်သွားမိသည်။

လောလောဆယ်အချိန်မှာ သူနှင့်စကားပြောဆိုနိုင်ဖို့ ယွန်းအုပ် မပြင်ဆင်ရသေးပါ။

ရင်ထဲမှာ တဒုတ်ဒုတ်နှင့် အခုန်မြန်နေသည်။

ရင်ဆိုင်ဖို့ အားမွေးရဦးမယ်ဆိုတာ သူမ သိသည်။ အခု တော့ဖြင့် နာလန်မထူနိုင်သေး ...။

ယွန်းအုပ်က ဖုန်းရဲ့ပါဝါကို ဖိချ၍ ပိတ်ပစ်လိုက်သည်။

ရဲခက လက်မလျှော့ ...။ အိမ်ဖုန်းကို ထပ်ခေါ်သည်။

"ယွန်းအုပ်ရေ ..."

အန်တီဇင် အသံပြုလျှင် ... သူမက စောင်ခြုံပြီး အိပ်ချင် ယောင် ဆောင်နေလိုက်သည်။



အန်တီဇင်က တစ်ချက်လာကြည့်ပြီး ပြန်ထွက်သွားသည်။

"မောင်ခရေ ... ယွန်းအုပ်က အိပ်နေပြီကွဲ့၊ နည်းနည်း နေကောင်းလို့ စောစောအိပ်ပျော်သွားတာ ဖြစ်မယ် ..."

" . . . . . . . . . . . "

"အိုကေ ... အန်တီမနှိုးတော့ဘူး၊ မနက်မှ ပြန်ဆက်ခိုင်း လိုက်မယ်နော် ..."

ယွန်းအုပ်က အသံတွေ နားစွင့်ရင်း ပြုံးချင်နေမိသည်။ သူ ယွန်းအုပ်ဆီကို ဘာကြောင့် ဖုန်းအသည်းအသန် ဆက်နေရပါလိမ့် ...။

သိလည်း သိချင်နေပြန်သည်။

မနက်ဖြန် တကယ်လို့သူရောက်လာခဲ့ရင် ... အကြောင်း ပြချက်မရှိဘဲ ရှောင်နေလို့လည်း ရမှာမဟုတ် ...။

သူ့မျက်နှာကို ယွန်းအုပ် ဘယ်လိုကြည့်ရပါ့မလဲ ...။

သူဟာ အတွေ့အကြုံရှိသော ယောကျ်ားတစ်ယောက်မို့ ယွန်းအုပ် သူ့အပေါ် စိတ်ယိုင်နေတာကို ရိပ်စားမိနေမလား။

ယွန်းအုပ်မျက်နှာတွေ ပူနွေးလာရသည်။

နေစမ်းပါဦး ... သူကရော ငါ့အပေါ် ရိုးပါတယ်လို့ ဝန်ခံ နိုင်လို့လား ...။

မိုးရေထဲမှာ သူဝတ်ထားတဲ့ဂျာကင်ကို ဖုတ်ခနဲ ချွတ်ပေး လိုက်တဲ့ အမူအရာကို မမေ့ ...။

www.burmeseclassic.com

www.burmeseclassic.com



သူမအတွက်ဆို ... ဘာမဆို ဖြည့်ဆည်းပေးဆပ်ချင်

ဟန်ပါ။ ဒါဟာ သူမအထင်သက်သက်တော့ မဖြစ်နိုင်။

ဖေးမတွဲကူတဲ့ လက်တွေမှာလည်း အကြင်နာအယုယ

မပါဝင်ပါဘူးလို့ သူပြောနိုင်လို့လား ...။

အဲဒီတုန်းက ... သူ ယွန်းအုပ်ကို ကြည့်လိုက်တဲ့ မျက်

တွေကရော ...။

ရှင်က ပါးနပ်လို့ လိမ်ညာဖုံးကွယ်နိုင်မယ် ထင်သလား

ဖွင့်မပြောဘဲ မျိုသိပ်ထိန်းချုပ်လို့သာ ရချင်ရမယ်။

ဒါပေမဲ့ ရှင့်ရင်ထဲက လှုပ်ရှားမှုကို ကျွန်မ မြင်ခဲ့ရ

ကိုရံခ ...၊ တိတ်တဆိတ်လေး နားလည်ခဲ့ရတယ်။

ရှင်ညာချင်လည်း ညာပါ ...။

ဒါပေမဲ့သိတာကတော့သိတာပဲ၊ မိန်းကလေးတစ်ယော

ရဲ့ ထိုခံစားသိဟာ ထူးခြားဆန်းကြယ် နက်ရှိုင်းပါတယ်။

မှားလည်း မမှားတတ်ပါဘူး ...။

လက်ဆုပ်လက်ကိုင် ပြစရာရယ်လို့ ... မရှိလည်း

သောတပန် သက်ဘဆုံး စွဲငြိကျန်တတ်ပါတယ်။

❦⓪❧



ကိုရံခသည် ယွန်းအုပ်ကို နူးညံ့ရွှန်းရီသောမျက်လုံးလေး

တွေနှင့် ရီဝေစွာ ငုံ့ကြည့်ရင်း တယုတယလေး နဖူးကို ဖွဖွစမ်း

သည်။

နေမကောင်းသော်လည်း ရင်ထဲမှာ ကြည်နူးလန်းဆန်း

သော ပီတိနွေးလေးတစ်ခု ဖြတ်ပြေးသွားရ၏။

"ယွန်း နေကောင်းပါတယ် ကိုရံခရယ် ..."

"ဒါလား နေကောင်းတာ ... မင်း ကိုယ်တွေပူနေတယ်ကွ"

"ရပါတယ် ... ရှင်သွားတော့လေ၊ စည်းဝေးပွဲတက်စရာ

ရှိတယ်ဆို ... အချိန်မမီဘဲ နေဦးမယ်"

"ယွန်းအနားမှာ ဘယ်သူမှ မရှိတာကွာ ... ကျွန်တော်

စောင့်ပေးရမှာပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"အို ... ဘယ်ဖြစ်မလဲ"

"ဖြစ်ပါတယ်"

ယွန်းအုပ်က ခေါင်းလေးယမ်းသည်။ သူ့ကို အနား မရှိစေချင်လို့ မဟုတ်ပါဘူး ...။

သူဟာ ယွန်းအုပ်သိပ်ချစ်ရတဲ့သူ ...၊ အားကိုးခင်ဗျ ရတဲ့သူ ...၊ ယွန်းအုပ်ဘဝရဲ့ အုရာရာမှာ သူမပါလို့မဖြစ်ဘူး ထင်မိတဲ့အထိ စွဲလမ်းရူးသွပ်ရသူပါ ...။

ယွန်းအုပ်က မျက်လွှာလေး ချလိုက်သည်။ ရံခုက ဆံနွယ်ခွေခွေလေးကို ပွတ်သပ်ချော့မြှူသလို ပြုမူရင်း ...

"အဲဒါဆို ဆေးနဲ့ အိုဗာတင်းနဲ့သောက်လိုက်နော် ... ကျွန်တော် ယူလာပေးမယ် ..."

ယွန်းအုပ်သည် တစ်ကိုယ်လုံး လေးလံကိုက်ခဲ နာကျင် သဖြင့် သူ့စကားကို မငြင်းဆန်နိုင်ဘဲ ခေါင်းလေး ဖြည်းဖြည်း ညိတ်မိသည်။

ညင်သာသော ခြေသံနှင့်ပင် ... ယွန်းရဲ့ခုတင်နားက ထွက်ခွာသွားသည်။

ယွန်းအုပ်က မျက်လုံးလေးတွေ မှိတ်ထားလိုက်သည်။

"ကျွီ ..."

ထိုအချိန်မှာပင် တံခါးတွန်းဖွင့်သံတစ်ခုနှင့်အတူ တ တစ်ယောက် သူမ့အခန်းထဲသို့ ဒေါကြီးမောကြီး ဝင်လာသည်



ခြေသံကပြင်းလွန်းသဖြင့် လန့်ဖျပ်စွာ ထထိုင်လိုက်မိသည်။

သူမ့ ကြည့်လိုက်တဲ့အခါမှာ မျက်လုံးလေး ပြူးကျယ်ဝိုင်းစက်သွားရ၏။

ကုတ်အင်္ကျီ အနက်ရောင်နှင့် ဆံပင်ရှည်ရှည်တွေကို ဖြန့်ချထားသော အမျိုးသမီးတစ်ယောက် ...။

သူကဘယ်သူလဲ ...။

ဘာလို့ ယွန်းအုပ့်အခန်းထဲ ပိုင်စိုးပိုင်နင်း ချဉ်းနင်း ဝင်လာရတာလဲ ...။

"ယွန်းအုပ်နီ ဆိုတာ မင်းလား"

"ရှင် ... ဟုတ်ပါတယ်"

"ငါ ဘယ်သူလဲ မင်း သိလား ..."

သူမက ခပ်မာမာမေးသည်၊ ယွန်းအုပ် ခေါင်းလေး ယမ်းမိလျှင် ...

"ငါ ရှင်မင်းထွေးပဲ"

ရန်လိုနေသော မျက်နှာထားနှင့် သူမက ခပ်မဲ့မဲ့မိတ်ဆက်သည်။

"ဒီထက်ရှင်းအောင်ပြောရရင် နေလှိုင်းရှိခရဲ့ တစ်ဦးတည်းသော မိန်းမပဲ"

ယွန်းအုပ်သည် တဖြည်းဖြည်းနှင့် အနားသို့ ချဉ်းကပ်လာသော ထိုအမျိုးသမီးအား ကြောင်ငေး စိုက်ကြည့်နေရင်းက

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ တဒုတ်ဒုတ်နှင့် အသံမြည်အောင် အခုန်ကြ

ခဲ့သည်။

"မင်း ... ငါ့ယောကျ်ားကို ဖြားယောင်းနေတာ ရပ်တ

ရပ်ဖို့ လာသတိပေးတာပဲ"

" ရှင် ..."

"ရှုံးသလို အ,သလို ဟန်ဆောင်မနေနဲ့ ... မင်းအော

နေတယ်ဆိုတာ မင်းကိုယ်မင်းသိမှာပဲ ... အခု ဘယ်မလဲ

ရုံခ မင်းဆီရောက်နေတယ်ဆို ..."

ထိုမိန်းမရဲ့စကားသံနှင့် အမူအရာကြောင့် ယွန်းအုပ်လ

ဒေါသဖြစ်သွားရသည်။

"ကိုရုံခနဲ့ ကျွန်မနဲ့ ဘာမှမဆိုင်ဘူး။ ရှင် မဟုတ်တာ မစွ

ပါနဲ့ ..."

"စွပ်စွဲတာမဟုတ်ဘူး ... သေချာလို့ကို ငါကိုယ်တို

လာရှင်းတာပဲ့ ... နားလည်လား"

"ရှင် အခု ကျွန်မအခန်းထဲက ထွက်သွားပါ"

"မင်းကပဲ မာရေကျောရေနဲ့ ... ဒီမှာ ယွန်းအုပ်နီ၊

ငါ့ယောကျ်ားနဲ့ လုံးဝမပတ်သက်နဲ့ ... ရှေ့ဆက်တိုးလာ

ငါ့အဆိုး မဆိုနဲ့နော် ..."

ကိုယ့်အခန်းထဲထိ ဝင်လာပြီး စော်ကားရိုင်းပျ ကြမ်းတ

နေတာ ဘယ်လိုမိန်းမလဲ ...



ငါဟာ ကိုရုံခ ဇနီးဟောင်းတဲ့လား ...

စူးရှပြီး ... မီးဝင်းဝင်းတောက်သလိုကြည့်တတ်ပုံက မနှစ်

မြို့စရာ ...။

"ကျွန်မ ရှင်ထင်သလို မဟုတ်ဘူး ဒေါ်ရှင်မင်းထွေး ...၊

ရှင်သာ အိမ်ထောင်ရေးဖောက်ပြန်ပြီး ကိုရုံခကိုပစ်သွားခဲ့တာ၊

ရှင်သာ အရှက်သိက္ခာမဲ့တဲ့ မိန်းမ ..."

ယွန်းအုပ်နီစကားကြောင့် ... ရှင်မင်းထွေးက ဆွေ့ဆွေ့ခုန်

သွားသည်။

"တောက် ... မင်း ဘာပြောတယ် ..."

အထိနာသွားပြီး အရှိက်ကို တန်းထိပုံဖြင့် ယွန်းအုပ်နားသို့

ဝုန်းခနဲ ရောက်လာသည်။

ပြီးတော့ ... ရှတ်တရက် အတင်းဝင်လုံးသည်။ မိန်းမ

နှစ်ယောက် လုံးထွေးသတ်ပုတ်နေရာသို့ ထစ်စုံတစ်ယောက်

ပြေးဝင်လာကာ ...

"ဟေ့ ... ဟေ့ ... မလုပ်နဲ့လေ ... ဟေ့ ... ရှင်မင်းထွေး၊

မင်းရိုင်းလှချည်လား ... ဖယ်စမ်း ... ယွန်းအုပ်နီကို လက်ဖျားနဲ့

တောင် ထိစရာမလိုဘူးလို့ ငါပြောထားတယ် မဟုတ်လား ..."

နှုတ်က အော်ဟစ်ဟန့်တားရင်း ရှင်မင်းထွေးကို ရုံခက

ဖယ်ခွါတွန်းထုတ်ပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ရှင်က ... ရှင့်ဟာမဘက်က ပါတယ်ပေါ့လေ ကဲ ... ပါဦး"

"ဖြန်း ..."

"အို ..."

ရှင်မင်းထွေးက ရံခပါးကို ဖြန်းခနဲ ရိုက်ချသည်။

ရံခက အံ့အားသင့်ပြီး ... ကြောင်ငေးကြည့်နေသည်။

ယွန်းအုပ်နီသည် သူ့နှုတ်ခမ်းလေးကို လက်နှင့်အုပ်ထားရင်း ရှင်ကို မယုံနိုင်စွာကြည့်ရင်းက သတိဝင်လာသလို ခုတင်ပေါ်ကနေ ဝုန်းခနဲ ခုန်ဆင်းလာခဲ့သည်။

"ကိုရံခ"

နှုတ်ကနေ အော်ရင်း ... ကိုရံခထံ ပြေးကပ်သွားမိသည်။

သူက ရှင်မင်းထွေးကို ဂရုမစိုက်ဘဲ ယွန်းအုပ်ကို ဆီးကြို ထွေးပွေ့ထားလိုက်၏။

သူ့အပြုအမူကြောင့် ယွန်းအုပ်မှာ အံ့ဩငြိမ်သက်သွားရသလို ဟိုမိန်းမရဲ့ ဒေါသခိုးမွှန်နေတဲ့ မျက်လုံးအစုံမှာလည်း ကြောက်စရာကောင်းလှ၏။

"ဒေါက် ... ဒေါက် ..."

"သမီး ... ယွန်းအုပ်ရေ ..."

တံခါးခေါက်သံနှင့်တူ အန်တီဇင့်ခေါ်သံပါ ကြားရတာမို့ သူမ အလန့်တကြား အိပ်မက်ကနေ လန့်နိုးသွားရသည်။





အို ... ငါ အိပ်ပျော်သွားတာပဲ။

လှဲအိပ်လျက်အနေအထားကနေ သူမ ထ,ထိုင်ဖို့ ကြိုးစားလိုက်သည်။

လူက ခေါင်းတွေ အုံခဲနေသည်။

ကယောင်ကတမ်းနှင့် အိပ်မက်တွေလည်း မက်နေသည်။

ခုထိ ရင်တုန်မပြယ်။

တံခါးခေါက်သံသာ ထွက်ပေါ်မလာခဲ့ရင် ထိုအိပ်မက်ထဲ ဘာတွေဆက်ဖြစ်မလဲ မတွေးရဲ။

ဘုရား ... ဘုရား။ အိပ်မက်မို့လို့ပဲ တော်ပါသေးရဲ့။

အပြင်မှာသာဆို မတွေးဝံ့စရာ။

"အိပ်ပျော်နေတာလား သမီး"

"ဟင့်အင်း ... မအိပ်ပါဘူး"

အန်တီဇင်က တံခါးကို တွန်းဟ၍ အတွင်းသို့ လှမ်းဝင်လာရင်း ...

"သမီး သက်သာရဲ့လား"

"အင်း ..."

"မောင်ခ ရောက်နေတယ်"

"ဟင် ... ဟုတ်လား"

ယွန်းအုပ် ဆတ်ခနဲ ရင်တုန်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီး၊ သူ့ကို စိတ်ဆိုးနေတယ် ... မုန်းဆက်ရင်လည်း မကိုင်ဘူး၊ ရှောင်နေတယ်တဲ့၊ ဟုတ်လား ..."

"ဟို ... အဲလိုမဟုတ်ပါဘူး"

"ညည်း သူ့ကို အာစိတ်ကောက်နေလဲ"

"မကောက်ပါဘူး ... တီဇင်ရဲ့"

"ငါလည်း ပြောပါတယ်။ ယွန်းအုပ် နေမကောင်းလို့ပါ ဆိုတာ ... သူက သိပ်မယုံတဲ့ပုံပဲ။ မယုံရင် မင်း သူ့အခန်းထဲ လာကြည့်လို့ခေါ်တော့ အားနာလို့ထင်ပါရဲ့၊ လှေကားရင်းမှာ တွန့်ဆုတ် ... တွန့်ဆုတ် ကျန်ခဲ့လေရဲ့"

အန်တီဇင်က ရယ်လျက် ဆိုသည်။

"ကဲ ... သမီး အောက်ဆင်းနိုင်တယ်ဆိုလည်း ဆင်းတွေ့လိုက်ပါဦး"

ယွန်းအုပ်က တစ်ချက်တွေသွားသည်။

ခုတလော သူ့ကို ယွန်းအုပ် ရင်မဆိုင်ချင်။

နက်နက်ရှိုင်းရှိုင်း ငြိတွယ်နစ်ဝင်နေတဲ့ ကိုယ့်စိတ်ကိုလည်း ကိုယ်ကြောက်မိတာ ပါပါသည်။

"ယွန်းအုပ်"

အန်တီဇင်က သူမပုံစံလေးကိုအကဲခတ်သလို စူးစူးစမ်းစမ်း ကြည့်နေသည်။

"ဆင်းလာမယ် ... သူ့ကို ခဏစောင့်ခိုင်းထားဦးပေါ့"





"အေး ... အေး၊ သမီး အဝတ်လဲချင် လဲဦးပေါ့"

"မလဲပါဘူး"

ဖြေလိုက်တဲ့ အသံလေးမှာ မလုံမလဲဟန်လေး တစ်မျိုး စွက်နေသည်ဟု ဒေါ်ဇင်မိုးနွယ် ထင်မိသည်။

ယွန်းအုပ်မျက်နှာလေးမှာ စိတ်တိုသလိုလို ရှက်ရွံ့သလိုလို ဘာမှန်းမသိသော အရိပ်အယောင်တစ်မျိုး ထင်ဟပ်နေသည်။ စိတ်ထဲ အံ့ဩထူးခြားမှု ခံစားရသည်။

သို့သော် ဒေါ်ဇင်မိုးနွယ်က ဘာမှကြာကြာမတွေးအားဘဲ ယွန်းအုပ်အခန်းထဲက ပြန်ထွက်သွားလေသည်။ ယွန်းအုပ်က ဘေစင်မှာမျက်နှာသစ်ပြီးနောက် မှန်တင်ခုံရှေ့ ခဏထိုင်ကာ ဆံပင်ကို ဖွဖွဖြီးသည်၊ မျက်နှာပေါ် ဘူးဒေးကိတ်လေး တစ်ဖတ် ဖတ် ရိုက်သည်၊ နှုတ်ခမ်းကို အသားရောင်စိုစို နှုတ်ခမ်းနီအရည် (Lip Gloss) လေး ပါးပါးတင်လိုက်သည်။

ဝတ်ထားတာက ဂါဝန်အပွကြီးပေါ်က ခေါင်းစွပ်ပါတဲ့ ဆွယ်တာလက်ရှည် မီးခိုးရောင်လေးပါ။

ဒါကိုတော့ လဲမနေတော့ပါဘူး။

လူက နှစ်ရက်လောက်ဖျားပြီး ... အဖျားတော့ နေကောင်း သွားပေမယ့် မအီမသာဖြစ်နေတာက ကျန်ခဲ့သည်။

စိတ်တွေလည်း မရွှင်လန်း ...။



www.burmeseclassic.com

www.burmeseclassic.com



ယွန်းအုပ်က ဝင့်သက်ငွေ့ငွေ့လေး ရှိက်ကာ မှန်တင်ခုံမှ ထ‌လိုက်သည်။

ပြီးလျှင် အောက်ထပ်ညှော်ခန်းသို့ ဆင်းလာခဲ့သည်။

ကိုရံခက သူမဆင်းလာတာကို နံရံမှာမှီလျက်လက်ပိုက်ရင်း ခပ်ငေးငေး လှမ်းကြည့်နေသည်။

သူမျက်ဝန်းတွေကို … ယွန်းအုပ် နားလည်သလိုလို ရှိသော်လည်း တိတိကျကျ အဓိပ္ပာယ်ဖော်နိုင်တာတော့ မဟုတ်ပါ။

သန့်ရှင်းစင်ကြယ်သော မေတ္တာတွေ၊ စောင့်စည်းထိန်းချုပ် ကြွန်ဆည်ထားသော သိက္ခာတွေလည်း ပျော်ဝင်နေသေးတာ အမှန်။

ယွန်းအုပ်သည်လည်း သူလိုပဲ ဟန်ဆောင်ဖုံးကွယ်ထားသော ကြွန်ပေါ်ကလေး လှမ်းခြုံလျက် … သူတို့နှစ်ဦးကြားမှာ ဘာမှမရှိလေဟန် မူမှန်သောအသံဖြင့် …

"ကိုရံခ၊ ဘယ်ကလှည့်ဝင်လာတာလဲ"

ကိုရံခကို တွေ့ရတာလည်း ဘယ်လိုမှမနေ၊ မတွေ့ရလည်း ဘာမှထူးထူးခြားခြားမဖြစ်ပါဘူးဆိုတဲ့ ပုံစံလေး ဖမ်းထားတာကိုပင် ရံခ မချင့်မရဲ ဖြစ်မိသည်။

နှစ်ယောက်သား မျိုသိပ်ဖုံးကွယ်ဟန်ဆောင်မှု မျက်လုံးများဖြင့် တစ်ဦးကို တစ်ဦး သာမန်ကာလေးကြည့်ဖို့ ကြိုးစားမိကြသည်။





"မရောက်တာကြာနေလို့ အန်တီက ခင်ဗျား နေမကောင်းဘူး ပြောလို့ လာကြည့်တာပါ"

"ထိုင်ဦးလေ …"

သူ့ကို ညှော်သည်တစ်ယောက်လို ခပ်စိမ်းစိမ်းဆက်ဆံတာလေးကို ရံခ အသည်းယားမိသည်။

ဖြစ်နိုင်ရင်တော့ … သူကလေးအနား တိုးကပ်သွားပြီး လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်ကာ မေးလိုက်ချင်သည်။

ကျွန်တော့်ကို မသိမသာ ရှောင်လိုက်တာ ဘာကြောင့်လဲ ယွန်းအုပ်ရယ် … လို့။

လူကတော့ ညှော်ခန်းကဆက်တီမှာ သွားထိုင်လိုက်မိသည်။ ယွန်းအုပ်က သူ့ရှေ့မှာ ကြွန်ရရ မျက်လွှာလေးချပြီး ထိုင်လိုက်သည်။

သူတို့နှစ်ဦးကြားက ပွင့်လင်းသော ဆက်ဆံရေးတစ်ခုဟာ ဘာလို့ပြောင်းလဲသွားရတာလဲ။

ရံခ ဒါကိုပင် မကျေနပ်။

"အခုရော ဘယ်လိုနေသေးလဲ"

"ဟင် …"

"နေကောင်းသွားပြီလားလို့ မေးတာပါ"

"အင်း … ကောင်းသွားပါပြီ"

"အားနာလို့ အန်တီဇင်ခေါ်လို့ ဆင်းလာတာလားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ ကိုရုံခက အားနာရမယ့်သူမှ မဟုတ်တာ"

ယွန်းအုပ်သည် သူနှင့်မျက်လုံးချင်းမဆုံအောင် ရှောင်လွှဲနေမိသည်။

နူးညံ့ပျော့ပျောင်းသော အကြင်နာတို့ ပျော်ဝင်နေသော ထိုမျက်လုံးလေးတွေကို ရင်ဆိုင်ဖို့ခွန်အား မရှိတော့လို့ပါ။ ခပ်ခွါခွါနေရမယ့်အတူတူ သံယောဇဉ်တွေ ထပ်မတိုးချင်တော့ဘူး ... ကိုရုံခရယ်။

အခုလို အခြေအနေမှာတောင် အရုပ်ကြိုးပြတ်သလို ခံစားလိုက်ရတဲ့ ဝေဒနာက တနင့်တပိုး မဟုတ်လား ...။

မျက်လုံးကို တမင်လွှဲထားသော်လည်း သူ ငေးစိုက်ကြည့်နေတာ ယွန်းအုပ် သိသည်။ အလိုက်မသိသော နှလုံးသားမှာ ရှိန်းမြမြ ပူနွေးလာသည်။

သူတို့နှစ်ဦးကြားမှာ စကားသံ တိတ်ဆိတ်နေသည်။

ခါတိုင်းလို ပြောစရာတွေပဲ မရှိတော့သလိုလိုဖြစ်နေသည်။

တိတ်ဆိတ်သော တစ်စုံတစ်ရာက ရုံခရင်ထဲကို လေးလံမွန်းကျပ်နေစေသည်။

"အပြင်သွားချင်လား ... စိမ်းလန်းစိုပြေသွားမလား"

"ဟင့်အင်း ... မသွားချင်ဘူး ကိုရုံခ၊ ယွန်းအုပ် အိမ်မှာပဲ နားနေချင်သေးတယ်"

ဉာဏ်ဝင်းစာပေ



သူမ ခေါင်းယမ်းလိုက်လျှင် ... ရုံခရင်ထဲက မဝ့ံမရဲ မျှော်လင့်ချက်တွေက ပြိုယိုင်ပျက်စီးသွားရသည်။ ပြောင်းလဲသွားသော အခြေအနေတစ်ခုကို သူ မခံစားနိုင်အောင် ကြေကွဲနေမိသည်။

ဒီရက်ထဲမှာ ယွန်းအုပ်နှင့် မတွေ့ရတာကြောင့် သူ အလူးအလိမ့် တမ်းတနေမိသည်။

သို့သော် သူ့ရင်ထဲက မေးခွန်းကိုလည်း သူ မဖြေရဲ။

ယွန်းအုပ်နားသို့ လာချင်သည်။ ပြင်းပြင်းပြပြ လွမ်းဆွတ်သည်။

သူမမျက်နှာလေးကို ထိုင်ကြည့်နေချင်သည်။ သူမရယ်သံလေးကို ကြားချင်သည်။ ပြောသမျှ စကားတို့ကို မငြီးမငွေ့ နားထောင်နေချင်သည်။

သူ့စိတ်တွေဟာ ဘယ်တုန်းကစပြီး ယွန်းအုပ်အပေါ် ဒီလို ဖွဲ့ဖွဲ့လမ်းလမ်း နစ်ဝင်ငြိတွယ်နေသလဲ သူ မတွေးတတ် ...။

နေလှိုင်းရုံခသည် ဆက်တီကျောမှီပေါ် မှီလှဲတ်သား ငြိမ်နေမိကာ ယွန်းအုပ်နီမျက်နှာလေးကိုသာ သတိလတ်လွတ် အကြာကြီး စိုက်ကြည့်နေမိလေသည်။

--- ⑩ ---

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

"ဟက်လို ..."

ခပ်တိုးတိုး ထူးသံလေးကိုကြားလျှင် ... ရုံခ ရှင်ခုန်သံတို့ မြန်လာရသည်။

"ဟက်လို ..."

သူမ ဆပ်တစ်ခွန်း အသံပြုမှ ...

"ယွန်းအုပ် ..."

"ဪ ... ကိုရုံခ၊ ပြောလေ ..."

"အခု ယွန်းအုပ် ဘာလုပ်နေလဲ"

"ဒီလိုပါပဲ၊ တီဗီကြည့်နေတာ"

"စကားပြောချင်ရဲ့လား"

"ဟင် ... ဘာလို့မေးတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ယွန်းအုပ်အသံက အေးတိအေးစက်နဲ့ ...၊ ကျွန်တော်နဲ့ စကားမပြောချင်တာလားလို့ပါ"

"မဟုတ်ပါဘူး"

တကယ်တော့ သူနဲ့ စကားပြောဆိုတဲ့အခါ ယွန်းအုပ်က သတိစွဲပြီး တထိတ်ထိတ်နဲ့ တွန့်ဆုတ်လေးကန် နေမိတာပါ။ စိတ်ထဲမှာ သူ့ကို ခဏခဏ သတိရနေသည်။

သူက ခုတလော ဘာရယ်မဟုတ်၊ ဖုန်းဆက်တတ်တော့ ဘယ်အချိန်များ ဖုန်းမြည်လာမလဲလို့ စောင့်လည်း စောင့်မျှော် သည်။ ဒီလိုစောင့်မျှော်တာကိုလည်း သူမသိစေချင်။ ယွန်း စိတ် တွေက ခုထိ ဆောက်တည်ရာမရ ရှုပ်ယှက်ခတ်နေဆဲပါပဲ။

"တော်သေးတာပေါ့ဗျာ ... ခင်ဗျားပုံလေးက အနေ မစိုက်တဲ့ ပုံလေး ဆိုတော့ ..."

ယွန်းအုပ်က တိတ်နေမိသည်။

ရုံခသည် သူမရဲ့စိမ်းကားအေးစက်မှုကို မခံနိုင်အောင်ဖြ နေမိသည်။ သူ နေမရထိုင်မရ ပြောင်းဆန်နေသည်။

သူတို့နှစ်ဦးကြားက ခင်မင်နွေးထွေးသော ဆက်ဆံရေ လေးကို သူ အရမ်းပြန်လည်တောင့်တသည်။

သူဟာ ကလေးအဖေ ဖြစ်နေတဲ့အတွက် ယွန်းအုပ်ဘက် က ဆင်ခြင်ထိန်းသိမ်းလိုက်တာလားဟုလည်း စိတ်မကောင်း ဖြစ်မိသည်။





စကားသံလေးဖြစ်ဖြစ် ကြားချင်တာပါ ယွန်းအုပ်ရယ် ... ကျွန်တော် အများကြီးလည်း မျှော်လင့်မထားပါဘူးဗျာ ... ကိုယ့်ဘာဝ ကိုယ်သိပါတယ်။

"ကိုရုံခ ဘာပြောမလို့လဲ"

"ထမင်းစားပြီးပြီလား"

သူ့ဆီကမေးခွန်းကြောင့် ပြုံးလိုက်မိရင်း ...

"အင်း ..."

"ဘာဟင်းနဲ့ စားတာလဲ"

ကြည့် ... စကားမရှိ စကားရှာမေးနေတယ်။

ယွန်းအုပ်က နှုတ်ခမ်းလေးတစ်ချက်စူမိတာ ...

"ဘာဟင်းနဲ့မှ မစားဘူး"

"ဟား ... ဟား ... ဟား"

"ရွဲ့ဖြေတာမဟုတ်ဘူး ... ရယ်မနေနဲ့ အိမ်မှာ ဘာဟင်း ချက်သလဲတောင် ယွန်းအုပ်မသိဘူး။ ငြိမ်းမွန်နဲ့အတူတူ ကြေးအိုး သွားသောက်ပြီး ခုနမှ ပြန်လာတာ"

"ကျွန်တော့်ကို ဘာလို့မခေါ်လဲ"

"ငြိမ်းမွန် အဖော်ပါတာပဲ"

"အဖော်ရှိရင် မခေါ်ဘူးပေါ့"

"အဲလိုပြောတာ မဟုတ်ဘူး"

ရုံခက တစ်ခဏ နှုတ်ဆိတ်နေသည်။ ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုလောက် မေးချင်တယ်၊ ရမလား ..."

"မေးပေါ့"

"ကျွန်တော့်ကို ယွန်းအုပ် ဘာလို့စိတ်ဆိုးနေတာလဲ"

သူ့မေးခွန်းကြောင့် ထိတ်ခနဲ လန့်သွားသည်။

"စိတ်မဆိုးပါဘူး ကိုရံခရဲ့ ... ဒီလိုပါပဲ၊ ကျောင်း ပင်ပန်းနေတာနဲ့ သိပ်ပြီးအပြင်မထွက်ဖြစ်တာပါ"

"ကျွန်တော် အိမ်ကိုလာရင်လည်း ပုန်းနေတယ်။ အခ အောင်းပြီး အိပ်ချင်ယောင် ဆောင်နေတယ်"

"မဟုတ်ပါဘူးနော်"

"ကျွန်တော် သိပါတယ် ... အန်တီဇင်တက်ခေါ်ပေး တောင် အပေါ်ကနေ လုံးဝဆင်းမလာဘူး ...၊ ယွန်းအုပ်တို့ စင်ပေါ်ကပဲ ...၊ ကျွန်တော့်လိုကောင်ကို ကိစ္စမရှိရင် ခေါ်ပြော စရာလည်း မရှိဘူးပေါ့ဗျာ၊ နားလည်ပါတယ် ..."

ရံခက မကျေမနပ်ဖြစ်နေတာတွေ ဖွင့်ပြောလိုက်မိပေ

"ကိုရံခ အထင်မှားနေတာပါနော်"

"ဒါဖြင့် အမှန်အတိုင်းပြောဗျာ ...၊ ဟိုနေ့က ခရွေး ကျောင်းမှာ ကျွန်တော့်ကားမြင်တာနဲ့ ချာခနဲလှည့်ဝင်သွားတာ မဟုတ်လား။ ရုံးခန်းထဲက လုံးဝပြန်ထွက်မလာတော့ဘူး။ ဒါ ခင်ဗျား ညာဦးမလား ... ပြော"

ယွန်းအုပ် နှုတ်ဆွံ့ကာ ... အံ့သြငြိမ်သက်သွားရသည်။





ဒါကို သူ သိသလား၊ ယွန်းအုပ် ရှောင်ဖယ်ချင်တာ မခင် တော့လို့ မဟုတ်ပါဘူး ...။

"ယွန်းအုပ် ... ဘာလို့တိတ်သွားတာလဲ"

"ကိုရံခပြောတာ ... ဘယ်နေ့ကများလဲလို့ ပြန်စဉ်းစား နေတာပါ"

"ကြာသပတေးနေ့ကလေ ... မှတ်မိပြီလား"

"သြော် ... အင်း ... အဲဒီနေ့ကရုံးခန်းမှာအစည်းအဝေး ရှိလို့ ပျာနေတာ။ ကိုရံခရဲ့ကားကို လုံးဝ မမြင်ဘူး"

မတတ်နိုင်။ ယွန်းအုပ် ပြောင်ပဲ ညာလိုက်ရ၏။

"ထားပါတော့ဗျာ ... ကျွန်တော်ထင်တာပဲ ဖြစ်မှာပါ။ ယွန်းအုပ်က မမြင်ယောင် ဆောင်စရာတော့ ဘာအကြောင်း ရှိမှာလဲ၊ မဟုတ်ဘူးလား ..."

"အင်းပေါ့"

"ဒါပေမဲ့ သမီးကလည်း ပြောတယ်။ တီချယ်နီနီက သူ့ကို သိပ်မချစ်တော့ဘူးတဲ့။ တွေ့ရင် မွှေးမွှေး မပေးတော့ဘူးတဲ့"

"အို...ယွန်းအုပ်က ကလေးတစ်ယောက်အပေါ် သဘော ထား ပြောင်းစရာလား၊ ခရွေးလေးကို အရမ်းချစ်တာ ..."

"ဒါဆို လူကြီးအပေါ်မှာတော့ သဘောထားပြောင်းလိုက် တယ်ပေါ့ ..."

www.burmeseclassic.com

www.burmeseclassic.com



"လူကြီးတွေက မရိုးသားဘူးလေ … ဖုံးကွယ်လိမ်ညာ လှည့်ဖြားတတ်တယ်"

"ကျွန်တော် ယွန်းအုပ်ကို ဘာတွေညာလဲ … ဘာ လှည့်စားလို့လဲ …"

သူက ပေါက်ကွဲသံနှင့် ပြန်မေးသည်။ ယွန်းအုပ်လည်း ပြောချင်တာတွေ အောင့်ထားရတာ ကြာပြီ။

"ရှင်နဲ့ ယွန်းအုပ် စကားတွေအများကြီးပြောဖြစ်ရဲ့သား မိန်းမရှိတာ၊ ကလေးရှိတာ တစ်ခါမှ မပြောပြဘူးလေ …"

"မိန်းမ မရှိပါဘူး။ ပြီးတော့ သူ့အကြောင်း ကျွန်တော် မပြောချင်ဘူး။ အရှုံးတွေကို ဘယ်သူက ကြေညာချင်မလဲ"

"ဒါဆိုလည်း သမီးလေးရှိတာတော့ အသိပေးသင့်တာ ပေါ့ …"

"ကျွန်တော့်ဘဝကို ယွန်းအုပ် စိတ်ဝင်စားလိမ့်မယ် မထင်လို့ပါ"

"ဟင့်အင်း … ရှင်မညာနဲ့၊ ရှင် ဒါကို တမင်လျှို့ဝှက်ထား တာပါ"

"ကျွန်တော် … ယွန်းအုပ်ကို တမင်ဖုံးကွယ်လျှို့ဝှက် ဘာအကြောင်းရှိမှာလဲဗျာ"

"ဘာအကြောင်းလဲ ဆိုတော့တော့ … ရှင်ကိုယ်တိုင်ပဲ သိ ပေါ့"



ယွန်းအုပ်အပြောကြောင့် ရဲခနှလုံးသားတွေ ကြမ်းတမ်းစွာ လှုပ်ရှားသွားရသည်။

"ယွန်းအုပ် …"

"တော်ပြီ … ကျွန်မ ဖုန်းချလိုက်တော့မယ်"

လွှတ်ခနဲ ပြောမိပြီးမှ ယွန်းအုပ်လည်း ပူထူရှက်ရွံ့သွားမိ သည်။

"ခဏနေပါဦး … ကျွန်တော် ဒီကိစ္စမပြောလည်း ယွန်းအုပ် ဘက်က သိနေနိုင်တာပဲ …။ ခင်ဗျားရော ဒီအကြောင်း ဘာလို့ တစ်ခွန်းမှ မမေးတာလဲ"

"ကျွန်မမှ မသိတာ …"

"အခုသိတော့ ခင်မင်ပတ်သက်မိတာကို နောင်တရတယ် လို့ ပြောတာလား၊ ဟုတ်လား … ယွန်းအုပ်"

"နောင်တရစရာ ဘာရှိလဲ၊ ရှင့်ဘက်က ကျွန်မအပေါ် ဖြူစင်ရိုးသားနေသားပဲ"

"ကျွန်တော့်ကို ဒီလိုမခနဲ့ပါနဲ့ ယွန်းအုပ်ရယ်၊ ကျွန်တော် မရိုးလို့ရော ရမလား"

သူ့ရဲ့ တုံ့ပြန်စကားကြောင့် ယွန်းအုပ်ရင်မှာ ခုန်ပေါက် လှုပ်ရှား သွားရသည်။

ဒါဆိုရင် အင်းလျားမှာတုန်းက ရှင်အကြာကြီး စိုက်ကြည့် နေခဲ့တာ တကယ်ပဲ ရိုးရိုးလေးကြည့်ခဲ့တာပေါ့နော် …။ ✦

www.burmeseclassic.com



ကျွန်မရင်ထဲ ထွင်းဖောက်မြင်ရမလောက် စူးစူးရှရှ နှစ်ထင်ေးမောနေခဲ့တာလေ …။

ထိုမေးခွန်းက ယွန်းအုပ်နှုတ်ဖျားမှ ထွက်မလာခဲ့ပါ။

"ခင်ဗျား … ကျွန်တော့်ကို ချောင်ပိတ်မေးချင်တာလား။ ကျွန်တော် ရင်ထဲရှိတဲ့အတိုင်း ဖြေခွင့်ရှိလို့လား။ ကျွန်တော့်ဘာသာ တစ်ဖက်သတ် ရင်နင့်အောင် ချစ်နေရင်ရော ဘာထူးမှာလဲ။ ခင်ဗျားက အိမ်ထောင်ပျက် ကလေးအဖေတစ်ယောက်ရဲ့မေတ္တာကို ထည့်တွက်မှာလား။ အသိအမှတ် ပြုမှာလား။ ခင်ဗျားနားမှာ ဝိုင်းနေတဲ့ အကောင်းစားတွေကိုတောင် ပြစ်ချက်မရှိဘဲ ခင်ဗျား ပယ်ချနေတာ။ ကျွန်တော် ရင်ကွဲမတတ် ချစ်နေလည်း ကြိတ်မှိတ်မျိုသိပ်ရမှာပဲ ယွန်းအုပ် …။ တကယ်လို့ ခင်ဗျားတို့ချစ်မိရင် အန်တီဇင်တို့ မင်းလတို့ရှေ့မှာ ကျွန်တော် ဘာကောင်ဖြစ်သွားမလဲ။ ယုံကြည်မှုကို အလွဲသုံးစားလုပ်ရာ၊ စော်ကားရာကျမှာပေါ့။ ကျွန်တော် လူဆိုးဖြစ်မှာပေါ့"

ယွန်းအုပ်သည် မချီတင်ကဲ သူ့စကားလုံးတွေကြောင့်တစ်ကိုယ်လုံး တုန်ယင်ကာ … ခြေဖျားလက်ဖျားလေးတွေပင်အေးလာခဲ့သည်။

ရင်ထဲက နှလုံးသားက ပေါက်ကွဲလွင့်စဉ်တော့မလို အခုန်ကြမ်းလာသည်။

ဘုရားရေ …





သူ ဘယ်လိုပြောလိုက်တယ် !

ရင်နင့်အောင် ချစ်နေတာယ်၊ ရင်ကွဲမတတ် ချစ်နေတယ်။

ဒီစကားကို နားထဲကြားလို့မဝ …။

ထပ်ပြောပါ ကိုရံခ … သေချာအောင် ပြောစမ်းပါ …။

ရှင် တကယ်ပဲ ကျွန်မကို ချစ်နေသလား။

ကျွန်မ ကြားချင်တာလည်း အဲဒါပဲ …။

ကျွန်တာ ဘာမှမလိုတော့ဘူး။

ရှင်က သူများတွေအမြင်မှာ လူဆိုးဖြစ်မှာ သိပ်ကြောက်နေသလား …။

တစ်ခါတရံလည်း လူဆိုးဖြစ်ကြည့်စမ်းပါဦး …။

"ကျွတ် … ကျွန်တော် အကုန်လျှောက်ပြောနေမိပြီ။ စကားတွေ ကျုံကုန်ပြီယွန်းအုပ်ရာ …"

"ဪ … ဒါဆိုရင် ရှင်က ဘွာခတ်ချင်သေးလို့လား"

"အချစ်ဆိုတာ ဘွာခတ်လို့ ရလို့လား"

"ဒါဖြင့်ရင်လည်း ရှင် သတ္တိရှိရမှာပေါ့ ကိုရံခရဲ့"

"ဗျာ …"

သူက အံ့သြမယုံနိုင်သလို ဖြစ်သွားပါသည်။

"ဒီမှာ ခကွေးလေးအဖေ၊ ရှင် အခုန ဘာပြောလိုက်တယ်ဆိုတာ သိရဲ့လား"

"ဘာပြောလိုက်မိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်နင်အောင် ချစ်နေတယ်ဆို ..."

"ဟာ ... ယွန်းအုပ်ရယ်၊ ကျွန်တော် ..."

"ရှင် တကယ် အဲလိုဖွင့်ပြောရဲတယ်ပေါ့လေ။ ကဲ ... ပြောရဲရင် အခုပဲလာပြောလိုက်။ ကျွန်မ ရှင့်မျက်နှာကိုကြည့်ပြီး ယုံ မယုံ ဆုံးဖြတ်လို့ရအောင် ..."

"ယွန်းအုပ် ..."

"ဘာဖြစ်ပြန်ပြီလဲ၊ ရှင် မလာရဲဘူးလား၊ ရှင် မလာရင် ယွန်းအုပ် လာခဲ့မယ်"

"ကျွန်တော်ပဲ လာခဲ့ပါ့မယ်ဗျာ"

သူ့ဆီက ချစ်စကား ကြားလိုက်ရတဲ့အခါ ယွန်းအုပ်ဆီမှာ မယုံနိုင်လောက်သော ခွန်အားတို့နှင့် ပြည့်လျှံသွားရသည်။

သတ္တိတွေလည်း ဘယ်ကရလာသလဲ မသိ။

အချစ်ကို ခံယူနိုင်တဲ့ စွမ်းအင်သည်လည်း အံ့မခန်း ဆန်းကြယ်နေတော့တာပါပဲ။

ယွန်းအုပ်က ဖုန်းပိတ်ချလိုက်ပြီးနောက် အပြင်ထွက်နေ ပြင်ဆင်လေသည်။

ဆွဲသားဂါဝန်ပုံကျကျလေးက သူမရဲ့ ဒူးဆစ်ဖုံးလောက် ရှည်တာမို့ အကျႌပင် ထပ်လဲမနေတော့။





အပေါ်ကနေ ကုတ်အကျႌလက်ရှည် နက်ပြာလေးကိုပဲ ထပ်ဝတ်လိုက်သည်။ အတွင်းက ဂါဝန်အကျႌက အပွင့်နုပ်နုပ် အပြာရောင် အဖျော့လေးမို့ မှန်ထဲမှာကြည့်တော့ အဆင်ပြေ သွားပါသည်။

စည်းနှောင်ထားတဲ့ ဆံပင် ခွေခွေလိပ်လိပ်လေးတွေကို ဖြန့်ချကာ သူမက ခေါင်းကို ဆတ်ခနဲပင့်ခါလိုက်တာ ပြုံးဖြိုး ရွှင်ရွှင်လေးနှင့် လှေကားမှ ပြေးဆင်းလာခဲ့သည်။

ညရှစ်နာရီကျော် ကိုးနာရီခန့် အချိန်ဟာ နောတတ်နေ သလား၊ ဘာလားဟုပင် သူမ မတွေးအားတော့ပါ။

အောက်ထပ်မှာ ဘောလုံးပွဲကြည့်နေတဲ့ မင်းလက ...

"ဘယ်ကိုလဲ မမယွန်း ..."

"ပျင်းလို့ ...၊ စာအုပ်ဆိုင်သွားမလို့ ...။ အန်တီဇင့်ကို ပြောလိုက်နော်"

မင်းလက သွက်လက်တက်ကြွနေတဲ့ မမယွန်းအုပ်ပုံစံကို သိပ်မသင်္ကာဘဲ မျက်မှောင်ကုပ်မိသည်။

စာအုပ်ဆိုင်တင်တော့ သိပ်မဖြစ်နိုင်။

ဘောလုံးပွဲကို ခဏထားကာ မမယွန်းအုပ် ထွက်သွားရာ ခြံပြင်ဆီလှမ်းကြည့်တော့ ရှေ့မီးဖွင့်ထားတဲ့ တော်ရိုလာကား တစ်စီးကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟောဗျာ ... ကိုရုံခကားပါလား ...။

သူ ဒီလိုညကြီးမင်းကြီး မမကို ပိုင်စိုးပိုင်နင်း လာခေါ်တာ ဘာကြောင့်လဲ ...။

မမယွန်းကရော ဘာလို့ညာပြောရတာလဲ ...။

"မာမီရေ ..."

မင်းလက မာမီ့ကို အကျိုးအကြောင်းပြောဖို့ ... နှုတ်က အော်ခေါ် လိုက်သော်လည်း မျက်လုံးက တီဗီရှေ့ ပြန်ရောက်သွားမိ၏။

"ဟာ ... ဂိုး ...၊ ဂိုးပြီကွာ ..."

မသွင်းတော့ဘူးထင်တဲ့ မန်ယူက ဖွေဆော်ဦးဂိုးကို ဖြုန်းဆို သွင်းလိုက်နိုင်တာကြောင့် မင်းလ ဝမ်းသာအားရ ခုန်ဆွခုန်ဆွ ဖြစ်သွားရပါသည်။

~⑩~



နေလှိုင်းရုံခသည် ခပ်တည်တည်နှင့် ယွန်းအုပ်တို့ချစ်ရေးကားရပ်စောင့်နေရသော်လည်း ရင်ထဲမှာတော့ ... တုန်လှုပ်နေပါသည်။

ဒီအချိန်ကြီး ယွန်းအုပ် အပြင်ထွက်တာကို အန်တီခွင့်ပြုပါ့မလား ...။

သူမကတော့ နိုင်ငံခြားမှာနေလာသူမို့ထင်သည်။ တစ်ချို့တစ်ချို့မှာ အတော်ပွင့်လင်းရဲတင်းသည်။

သူ့ကို ဖုန်းထဲမှာပြောပုံကို ကြည့်ဦးလေ ...။

ချစ်တယ်ဆိုရင် သတ္တိရှိရှိ မျက်နှာချင်းဆိုင် ပြန်ပြော တဲ့။

ရုံခ ပခုံးတွန့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူလေးရဲ့စိန်ခေါ်မှုက ... အတော်ရင်ဖိုစရာကောင်းသည်။

သူမကို ချစ်စနိုးလှမ်းမျှော်ကြည့်နေမိတဲ့ ရဲခပုံစံက အနည်းငယ် မနေတတ်သလို ရှိုးတို့ရှန်းတန့်လည်း ဖြစ်နေရသည်။

သူ့ရင်ထဲ ဝှက်သိမ်းထားတဲ့အရာကို သူမက အမှတ်မထင် လှစ်ဟကြည့်သွားခဲ့ပြီလေ ...။

စိတ်ထဲမှာ ကြိတ်ပြီး ချစ်မြတ်နိုးနေတာ သူမ သိသွားခဲ့ပြီ။

သူတို့နှစ်ဦးကြားက ဟန်ဆောင်မှု ကန့်လန့်ကာတစ်ချပ်ဟာ အလိုလိုကွာကျသွားခဲ့တာ သူလည်း ဘာမှမတတ်နိုင်။

တကယ်ဆိုရင် လေဆိပ်အဆောက်အအုံထဲမှာ သူမကို မြင်လိုက်ရခဲ့ (?) ဖြုန်းခနဲ ဝင်တိုက်မိချိန်ကစပြီး သူ့နှလုံးသား ခါတ်လိုက်ခဲ့ရတာ။

ဒါကို ရဲခ သတိမထားတာ ...။

သတိထားမိတဲ့အချိန်မှာလည်း ဖွင့်ဟဝန်ခံလို့ မဖြစ်တာနားလည်ခဲ့တော့ ... ဒီလိုပဲ ကြိတ်မှိတ် မျိုသိပ်ခဲ့ရသည်။

အခုတော့ သူ သိမ်းထားခဲ့တဲ့ အချစ်တွေ သူမရှေ့မှောက်မှာ ဖရိုဖရဲ ပွင့်အံထွက်ကျသွားခဲ့ပြီ မဟုတ်လား။

ရဲခက ကားနားရောက်လာတဲ့ ယွန်းအုပ်နီကို ကားတံခါးအသင့် ဖွင့်ပေးလိုက်သည်။

ယွန်းအုပ်က သူ့နံဘေးကူရှင်မှာ စွေ့ခနဲ ခပ်မြန်မြန်တက်ထိုင်လိုက်သည်။





"ကဲ ... မောင်းတော့"

"ကျွန်တော် ဘယ်ကိုမောင်းရမှာလဲ"

"မသိဘူး ... မောင်းချင်တဲ့နေရာသာ မောင်း ..."

ဟန်နှင့်ပန်နှင့် လာခေါ်လို့သာ ပြောလိုက်ရပေမယ့် ...

ကိုယ်တမ်း အိမ်ကထွက်လာတော့ တုန်တုန်လှုပ်လှုပ်နှင့် တော ရင်ခုန်ပြီး ထူပူရှက်ရွံ့နေမိသည်။

သူ့ဘက်လည်း မကြည့်ရဲ ...။

အချစ်ဆိုတာ အတော်ဆန်းကြယ်တဲ့အရာပါလား နော်။

အရင်ကတော့ ... တကယ်ပဲ အချစ်ဆိုတာ ဘာလဲဟု သိခဲ့တာအမှန်။

စိတ်လည်း မဝင်စားခဲ့ပါဘူး။

ရည်းစားထားဖို့ကိုပင် စိတ်မကူးခဲ့တာ ...။

အန်တီဇင် တဖွဖွတိုက်တွန်းတော့ ပိုပြီးတော့ပင် ဆန့်ကျင်ခဲ့မိသည်။ အန်တီဇင်က သဘောတူကြည်ဖြူလေ ... သူမက ခေါင်းခါငြင်းဆန်ချင်လေ ...။

ကဲ ... အခုတော့ ဝဋ်လည်ပြီဆိုရမလား။

သူမ ခေါင်းညိတ်ချင်တဲ့သူကို အန်တီဇင် လက်ခံကြည်ဖြူပါ့မလား။ ပူပန်စိုးထိတ်ရပြီ ...။

အခြေအနေက ပြောင်းပြန်ဖြစ်သွားပြီလေ ...။



www.burmeseclassic.com

www.burmeseclassic.com



လူပျိုလူလွတ်တွေကို တွင်တွင်ငြင်းပယ်ခဲ့မိသမျှ ကအေ
အဖေ အိမ်ထောင်ကွဲနှင့် လာတိုးမိပြီ။

ဟင့်အင်း ... ဒါ ကိုရံခပြစ်ချက် မဟုတ်ပါဘူး။

သမီးလေးတစ်ယောက်နဲ့ သူ့ဘဝ အထီးကျန်နေ
သနားစရာ ...။

သစ္စာမစောင့်စည်းတဲ့အချစ်နဲ့ တွေ့ဖူးခဲ့လို့ နာကျင်ခြေ
နေတဲ့ သူ့နှလုံးသားဒဏ်ရာကို ယွန်းအုပ် ကုပေးချင်ပါသည်

ဒီတစ်ခါ ချစ်မိသူဟာ ရှင့်အပေါ် တစ်သက်လုံး သစ္စ
သွားမယ့် မိန်းကလေးဆိုတာ ရှင် စိတ်ချထားလိုက်ပါ နော်

ယွန်းအုပ်လေ ... ရှင့်အနားက ဘယ်တော့မှ ခွဲ
သွားမှာ မဟုတ်ပါဘူး။

ရှင် မျှော်လင့်ထားတာထက် ပိုချစ်ပြမယ် ... သိလား

ယွန်းအုပ်ရင်ထဲက စေတနာမေတ္တာတွေမှာ အံ့ဩကုန်
ဖွယ်ပင် ရေတံခွန်လို တသွင်သွင် စီးကျနေသည်။

နွေးထွေးသော နားလည်မှုတွေဟာ သူမနှလုံးသား
နူးနူးညံ့ညံ့ စီးဖြာလှုပ်ရှားနေသည်။

သူက စိတ်လှုပ်ရှားနေပုံဖြင့် ကားကို ဖြည်းဖြည်းေ
မောင်းရင်း ငြိမ်သက်စဉ်းစားနေဟန်ရှိသည်။

သူ့မျက်နှာက ... တည်ကြည်လေးနက်သော အသွင်
ဆောင်နေသည်။





ကိုရံခ ဘာတွေတွေးနေသလဲ ...။

ကျွန်မတို့ လျှောက်လှမ်းရမယ့်ခရီးဟာ ပန်းခင်းလမ်းတော့
ဘုတ်ချင်မှဟုတ်လိမ့်မယ်နော် ... ။

ဒါကို ကျွန်မလည်း သိပါတယ် ...။

သူ့ဘက်သို့ ယွန်းအုပ် အသာကလေး ခိုးကြည့်မိသည်။

တိတ်ဆိတ်သော ညချမ်းလေးမှာ ... ကားပေါ်မှာ
နှစ်ယောက်တည်းမို့ ယွန်းအုပ်နှလုံးသားတွေက အလိုလို ပူနွေး
ခုန်လှုပ်နေရသည်။

ကိုရံခက လမ်းဘေးတစ်နေရာမှာ ကားကို တုံ့ရပ်လိုက်
တာမို့ သူမရင်မှာ ပို၍ဆူညံခုန်ပေါက်လာမိသည်။

"ယွန်းရယ် ... ကျွန်တော်ဘယ်လိုဖြစ်နေသလဲ ... ယွန်း
မသိဘူးဗျာ။ ကားတောင် ဖြောင့်ဖြောင့်မောင်းလို့ မရဘူး"

ဒီဘက်လှည့်ကာ စိတ်လှုပ်ရှားသံနှင့် ဝန်ခံလျှင် ယွန်းအုပ်
ရင်ထဲ ဘာဖြစ်သွားမှန်းမသိ ...။

သူသည် ဖြူနုံးဆို ယွန်းအုပ်ပခုံးလေးကို ဖွတ်ခနဲ ဆုပ်ကိုင်
လိုက်ပြီး ...

"ကျွန်တော် ယွန်းကိုချစ်တယ်၊ ကျွန်တော့်ကို မပြောရဲ
ဘူးလို့ ထင်နေလား၊ အရာရာကိုချင့်ချိန်ပြီး ပြောတွေ့ကြည့်တာပါ။
ယွန်းက ကျွန်တော်နဲ့ မထိုက်တန်ပါဘူးလေ ဆိုပြီး ရင်ထဲမှာပဲ

www.burmeseclassic.com

www.burmeseclassic.com



ကြိတ်ချစ်နေမိတာ။ ကဲ ... အခု ကျွန်တော် အရမ်းချစ်တာ သိပြီမဟုတ်လား ...”

ပြောမယ့်ပြောတော့လည်း ... ယွန်းအုပ် အသည်းတွေ ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားအောင် ရင်ခွင်ထဲ ဆွဲယူပြီးမှ ပြောသည်။

ချစ်တယ်ဆိုတဲ့ သူ့စကားမှာ ကြက်သီးနွေးပင် ဖြန်းခနဲ ထသွားရတဲ့အထိ ကြည်နူးနှစ်သိမ့်မိသည်။

တကယ်တော့ ဒီစကားကြားရဖို့ သူမ ဘယ်အချိန်ကများ တလိုက်တလဲ့ မျှော်လင့်တောင့်တနေခဲ့မိတာပါလိမ့် ...။

မီးကို ရေနှင့်ငြိမ်းသတ်လိုက်သလို ပူလောင်နေသမျှတို့ ရှဲခနဲ အေးမြသွားပုံက ဆန်းကြယ်သည်။

ဘာမဆို ရင်ဆိုင်ဝံ့သောသတ္တိတွေနှင့် ယွန်းအုပ် ငြိမ်သက်နေမိသည်။

“ကျွန်တော် ချစ်တာသိပြီလား ...”

သူက ယွန်းအုပ်နားနား တိုးကပ်၍ ထပ်ပြောသည်။ သူ့ထွက်သက်နွေးနွေးက ယွန်းအုပ်နားရွက်လေးမှာ ရိုက်ခတ်နေသည်။

“ဖြစ်ချင်ရာဖြစ်၊ ကျွန်တော်တော့ ရင်ဖွင့်လိုက်ပြီ”

ရှံခသည် အရဲစွန့်သတ္တိမွေးကာ သူမထံ ဖွင့်ဟဝန်ခံလိုက်ရတဲ့အတွက် ပြောပြလို့မရအောင် ကျေနပ်မိသည်။



ထိန်းချုပ်ခြင်းရဲ့ ပင်ပန်းဆင်းရဲမှုတွေမှ လွတ်မြောက်သွားခဲ့ရပြီ။

ကျွန်တော်တော့ သူမ ကြိုက်သလို ဆုံးဖြတ်ပါစေ ...။

သို့သော် ... တစ်ခုတော့ သူ ရိပ်မိလိုက်သည်။

သူ ချစ်ခွင့်ပန်လိုက်တာ လုံးဝမမှား ...။

ဘာကြောင့်လဲဆိုရင် ယွန်းအုပ်ရဲ့ ရွှန်းရီရီ တောက်ပနေတဲ့ မျက်ဝန်းလေးတွေမှာ ... ကျေနပ်ပျော်ရွှင်သွားသော အရိပ်အယောင်လေးကို သူ မြင်တွေ့လိုက်ရလို့ပါပဲ။

ထိုမျက်ဝန်းကလေးရဲ့ ချိုမြိန်သက်ဝင်မှုဟာ သူ့နှလုံးသားတွေ ယစ်မူးသွားအောင် ညှို့ယူနေသည်။

မချင့်မရဲနှင့် ရှံခစိတ်တွေ ထိန်းလို့မရတော့ ...

ယွန်းအုပ်နီရဲ့ကိုယ်လုံးလေးကို ရင်ခွင်ထဲ ဆွဲယူဖက်ထား လိုက်မိ၏။

သူ့ရင်ထဲ ဆူညံဝုန်းဒိုင်းကြနေသော ရင်ခုန်သံတို့တော့ ထိန်းချုပ်လို့ မရနိုင်။

မှားမှားမှန်မှန် သူမကို ချစ်ချင်တာပဲ သိသည်။

နဂိုကပင် ယိုင်နဲ့အရည်ပျော်ချင်သော ယွန်းအုပ်ရဲ့စိတ်တို့ဟာ သူ တယုတယ ရင်ခွင်ထဲ သိမ်းပိုက်ဖက်ထားလိုက်တဲ့အခါ ရုန်းကန်ဖို့ စွမ်းအားမရှိတော့ဘဲ အလိုက်သင့် မှေးစင်းလိုက်မိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဖျားက အဖြေပေးစရာပင် မလိုတော့ …။

ရုံခက သိသွားလေပြီ။

နွေးထွေးသော သူ့ရင်ခွင်မှာ အငိုက်မိငြိမ်သက်သွားတဲ့ ယွန်းအုပ်ကိုယ် ယွန်းအုပ်ပင် နားမလည်နိုင်။

မငြင်းဆန်နိုင်ပါ။ သူ့အကြင်နာတို့ကို နှစ်သက်လိုလားမက်မောလှတာ သူ သိချင်လည်း သိပါစေတော့ကွယ်။

ရင်နှင့်မဆံ့အောင် ချစ်နေမိတဲ့ ရုံခမှာ ဝမ်းသာအားရနှင့် သူမကို ပိုတိုး၍ ဖက်ထားလိုက်မိသည်။

မချင့်မရဲနှင့် ပါးချင်းလည်း ကပ်ထားသည်။

နဖူးကိုလည်း ငုံ့နမ်းသည်။ ဆံနွယ်လေးတွေကိုလည်း တိုးဝှေ့နမ်းရှိုက်သည်။

မြတ်မြတ်နိုးနိုး အနမ်းတို့အောက်မှာ ယွန်းအုပ် အသက်ရှူပင် မှားသွားရသည်။

“ယွန်း … ကျွန်တော့်ကို ချစ်လားဟင် … ချစ်တယ်လို့ တစ်ခွန်းလေးဖြစ်ဖြစ် ပြောပါဗျာ … နော်”

သူက တဖွဖွ တောင်းဆိုသည်။

ယွန်းအုပ်နှလုံးသားတွေ တသိမ့်သိမ့်လှုပ်ခါနေတာ သူ မသိဘူးလား …။

ပထမဦးဆုံးအတွေ့အကြုံမှာ ရင်ဖိုနွေးမြမြနှင့် သူ့မျက်လုံးထဲပင် မကြည့်ရဲ။





“ချစ်လား … ပြောကွာ …”

“အင်း …”

“မောင် ကြားအောင် သေချာပြော …”

“ချစ်တယ်”

“ဘယ်သူ့ကိုလဲ”

“ဟောဒီလူကြီးကို …”

“မောင့်ကိုပါ …”

“အဟင်း … ဟင်း … ဟင်း”

ကြည်ကြည်နူးနူးလေး ရယ်မိသည်။ သူမ ရယ်သံလေးကြောင့် ရုံခရင်မှာလည်း ထပ်တူကြည်မွေ့သွားရသည်။

“ဘာလို့ ရယ်နေတာလဲ”

သူက မေးလည်းမေး၊ ပူနွေးသော နှုတ်ခမ်းထူထူနှင့်လည်း ယွန်းအုပ်လည်တိုင်လေးကို ထိကပ်တိုးဝှေ့သည်။

“မောင်ရယ် …”

ယွန်းအုပ်က သူ့အချစ်တွေကို တုံ့ပြန်ကာ သူ့လည်ပင်းကို လက်ကလေးနှစ်ဖက်နှင့် သိုင်းယှက်ဖက်တွယ်ထားမိသည်။

သူတို့သည် မြန်မြန်ဆန်ဆန်ပင် တစ်ဦးပေါ်တစ်ဦး နားလည်စွာ ချစ်သူတွေ ဖြစ်သွားကြလေသည်။

မှောင်ရိပ်မှာ ရပ်ထားတဲ့ ကားကလေးပေါ်သို့ မိုးရေစွတ အမှတ်မထင် တဝုန်းဝုန်း ရွာချလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကားထဲက အသစ်စက်စက် ချစ်သူစုံတွဲလေးမှာ တစ်ဦး တစ်ဦး မလွှတ်တမ်းဖက်ကာ ငြိမ်သက်နစ်မျောနေကြသည်

မိုးသည်းထန်သော ညကလေးကပင် ... သူတို့အတွ ကဗျာဆန် လှပနေပါသည်။

သူတို့ခေါင်းထဲမှာ ဘာမှပြဿနာတွေမရှိ။ မတွေးလည်း မတွေး။

သူတို့သိတာ အချစ်အကြောင်းပဲ ဖြစ်သည်။

တစ်ဦးကိုတစ်ဦး မြတ်နိုးစုံမက်စွာ အနမ်းတွေ ခြွေလို့

နှစ်ဦးသား လောကကြီးကို တစ်ခဏမေ့နေမိကြလေသ

~@~

ကားကူရှင်ကို နောက်ဖက်လှန်ချပြီး နှစ်ဦးသား နီးတပ် နွေးထွေးစွာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မဝဘဲ ရှိနေစဉ်မှာ ပိတ်ထားဖို့မေ့သွားသော နေလှိုင်းရဲ့ လက်ကိုင်ဖုန်းမှ မြူးဇစ်သံလေးက ထွက်ပေါ်လာပါသည်။

ရံခရောယွန်းအုပ်ပါ အလန့်တကြား ခေါင်းထောင်ကြည့်မိကြ၏။

"မောင် ... အန်တီဇင်များလား ..."

ယွန်းအုပ် အခုမှ စိုးရိမ်သွားမိသည်။

ရံခက ဖုန်းကို လှမ်းယူပြီး ကြည့်သည်။

"ဟာ ..."

www.burmeseclassic.com

www.burmeseclassic.com



"အန်တီဇင်လား"

"ဟုတ်တယ် ... ယွန်း"

"ဘယ်လိုလုပ်မလဲ"

"ဖွင့်နားထောင်လိုက်မယ်"

"ဖြစ်ပါ့မလား မောင်ရယ် ..."

"ဘာပဲဖြစ်ဖြစ် ရင်ဆိုင်ရဲတယ်ဆို"

"မောင် ဘယ်လိုပြောမှာလဲ"

"ယွန်းကို ချစ်နေပြီလို့ ပြောလိုက်မယ်"

"အို ... အဲလိုဆိုရင် ထီဇင် ပေါက်ကွဲသွားမှာပေါ့"

"မတတ်နိုင်ဘူးလေ၊ အမှန်အတိုင်း ပြောရမှာပဲ"

သူ့ဖုန်းဖွင့်ကာ ဟက်လို ထူးလျှင် ယွန်းအုပ် အလန့်တကြား ရင်ခုန်မြန်နေရပါသည်။

"မောင်ခလားဟေ့ ..."

"ဟုတ်ပါတယ် အန်တီ ..."

ရဲခ အသံက အနည်းငယ် မဝံ့မရဲတော့ ဖြစ်နေပါသည်။

"မင်း ယွန်းအုပ်ကို ခေါ်သွားတယ်ဆို"

"ဟုတ်ကဲ့"

"အခု ဘယ်မှာလဲ"

"တားပေါ်မှာပါ ..."





"မိုးတွေ ဒီလောက် သည်းနေတာကွယ်၊ ညကြီးမင်းကြီး ဘယ်သွားကြတာလဲ"

အန်တီဇင်က အေးအေးဆေးဆေး မေးနေပေမယ့် ရဲခ မျက်နှာကြီးပျက်ကာ ချွေးပြန်ချင်မိသည်။

"ဟို ... ယွန်း ... ယွန်းအုပ်က ..."

"သူ မင်းကို ဘာတွေပူဆာလဲ ... ခေါ်မသွားနဲ့ အိမ်ကို ပြန်ပို့လိုက် ..."

ယွန်းအုပ်က သူ့လက်ဖျံကို လာဆိတ်နေသည်။

စကားများမှာ ကြောက်နေ၊ စိတ်လှုပ်ရှားနေတဲ့ပုံလေးနှင့် ပျာယာခတ်နေသည်။

"ဟုတ်ကဲ့၊ ပြန်ပို့မှာပါ"

"ဒါဖြင့် လာတော့လေ ... ကြာမနေနဲ့တော့ ..."

"ဟို ... အန်တီ၊ မိုးအရမ်းသည်းတော့ ..."

"ဘာလဲ ... မိုးသည်းလို့ ကားမောင်းမရဘူးလား။ လမ်းမှာ ရေလျှံနေပြီလား။ မောင်ခရယ် ... မင်းမလဲ ယွန်းအုပ်ကို သိပ်အလိုမလိုက်စမ်းပါနဲ့။ သူလာခေါ် ဆို မင်းက လာခေါ်ပေးတာပဲ၊ ခု ... ကြည့်၊ ညဉ့်နက်တဲ့အထိ အိမ်မပြန်နိုင်ဘူး"

အန်တီပြောမှ နာရီကိုကြည့်မိသည်။ ဆယ်နာရီပင် ထိုးစ ပြုနေပြီ။

www.burmeseclassic.com



"ကျွန်တော့်အပြစ်ပါ ... အန်တီဇင်"

မောင်ခဖြေရှင်းသံက ... တစ်မျိုး ဖြစ်နေတာကြောင့် ဒေါ်ဇင်မိုးနွယ် မျက်မှောင်ကုပ်လိုက်မိသည်။

မင်းလပြောသလိုများ ဖြစ်နေပြီလားဟု အလန့်တကြား တွေးမိသည်။

သူတို့သာ မတော်တဆငြိတွယ်မိကြရင် ကိုယ့်အပြစ်လည်း မကင်းဘူးလေ။

ဒေါ်ဇင်မိုးနွယ်ခေါင်းထဲ အခုမှပဲ ပူထူလာပါသည်။

"မောင်ခ"

"ဗျာ ..."

"မင်းတို့ အခုဘယ်မှာလဲ"

"ခင်ဗျာ ... ဒီ ... ဒီနားမှာပါပဲ"

"ဟုတ်ရဲ့လား ... တစ်နေရာများ ရောက်နေသလား။ အန်တီ့ကို မှန်မှန်ပြောနော်"

"မရောက်ပါဘူး"

"မင်းနဲ့ပြောရတာ လိုရင်း မရောက်လိုက်တာ။ ကဲ ... မိယွန်းအုပ်ကို ဖုန်းပေးစမ်း။ ငါ သူနဲ့ပြောမယ်"

ရဲခက ဖုန်းကို လက်ချောင်းနှင့် အသာပိတ်ပြီး ...

"ယွန်း ... အန်တီ မသက်ာဘူးထင်တယ်"

ဘဏ်ဝင်းစာပေ



"ဟင် ... ဘာပြောလို့လဲ"

"ယွန်းနဲ့ ပြောမယ်တဲ့"

"ဒါဆိုပေးလေ ... ယွန်း ပြောမယ်"

ယွန်းအုပ်က ရင်ထဲ ကတုန်ကယင်နှင့်ပင် ဖုန်းကို ဆွဲယူနားထောင်လိုက်သည်။

"တီဇင်လား"

"ဟုတ်ပါ့ ... ညည်း ဘယ်လိုလုပ်တာလဲ ယွန်းအုပ်ရယ်၊ ဒီအချိန်ကြီး သူစိမ်းယောက်ျားလေးနဲ့ အပြင်ထွက် လည်ပတ် စရာလား"

"ကိုရဲခက သူစိမ်းယောက်ျားမှ မဟုတ်တာ ..."

"ဟဲ့ ... သူစိမ်းမဟုတ်လို့ ဘာလဲ"

"ဟို ... ယွန်းအုပ်ရဲ့ချစ်သူ ..."

"ဘုရားရေ ... ညည်း ဘာပြောလိုက်တယ်။ မြန်မြန်ပြောစမ်း မိယွန်းအုပ်"

"တီဇင် စိတ်မဆိုးပါနဲ့၊ ကိုခနဲ့ ယွန်းအုပ်နဲ့ ချစ်သူတွေဖြစ်"

"ဘယ်လို ..."

အမှတ်မထင် ယွန်းအုပ်က ဖွင့်ပြောလိုက်တာကြောင့် ရဲခ ဘာလုပ်ရမှန်းမသိ ... ယွန်းအုပ်ရဲ့ အနီရောင်လေးတိုသာ ငေးကြည့်နေမိသည်။

ကိုယ့်ကို စွန့်စွန့်စားစားချစ်ခဲ့တဲ့ မိန်းကလေး ...။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လို ကလေးအဖေ အိမ်ထောင်ကွဲတစ်ယောက်ကို ချစ်မြတ်နိုးနေကြောင်း ရဲရဲဝံ့ဝံ့ ဖွင့်ဟအသိပေးရဲသူလေး ...။

ကြည်နူးပီတိနှင့် ရဲခ မယုံနိုင် ...။

သူမပင် ဒီလောက်သတ္တိရှိမှတော့ ကိုယ်လည်း သူမရှေ့က မားမားမတ်မတ် ရပ်တည်ရင်ဆိုင်သွားရမည်။

ဘယ်သူတွေ ဘာပဲပြောပြော၊ ဘယ်လိုပဲတားတား ရင်ဆိုင်ဖြတ်သန်းဖို့ အားမာန်ရှိရမည်။

"ယွန်းအုပ် ... သမီး၊ ထင်ရာမလုပ်နဲ့နော် ... အခု အိမ်ကို ပြန်လာခဲ့"

"တီဇင်က ကိုခနဲ့ သဘောတူပေးမှာလား"

"ခေါင်းအေးအေးနဲ့ စဉ်းစားစမ်းပါ ယွန်းအုပ်ရယ် ..."

"ယွန်းအုပ် တကယ်ခွင့်တောင်းနေတာပါ။ သူနဲ့မခွဲနိုင်ဘူး တီဇင်"

"ညည်းလုပ်လိုက်ရင် အလန့်တကြား ယွန်းအုပ်ရယ်။ ငါတောင် ရင်တွေတုန်တယ်။ မောင်ခကို ဖုန်းပေး ... သေချာအောင် ငါ မေးရမယ်"

"ဟင့်အင်း မပေးဘူး။ တီဇင် ကိုခကို ဆူမှာမဟုတ်လား။ ယွန်းအုပ်တို့ချစ်ခြင်းကို မခွဲပါနဲ့ တီဇင်ရယ်။ ယွန်းအုပ် ကိုခက လွဲရင် ဘယ်သူ့ကိုမှ မချစ်ဘူးနော်"



"ဟဲ့ ... သူက ကလေးအဖေ၊ တစ်မယားကွာလေ။ ညည်း ကြိုက်စရာ ဒီလောက်ရှားသလား"

"အို ... ကလေးအဖေဖြစ်ဖြစ် ... ဘာဖြစ်ဖြစ်၊ ယွန်းအုပ် သူ့ကိုပဲ သဘောကျတယ်"

"အို ... အေ ပြောရခက်လိုက်တာ။ တဲ ... ငါ မောင်ခ ကို မေးစမ်းပါရစေဦး ..."

မောင်က သူမ လက်ထဲမှ ဖုန်းကို တည်တည်ငြိမ်ငြိမ်ပဲ ဆွဲယူသွားခဲ့၏။

"အန်တီ ... ကျွန်တော်ပါ"

"မောင်ခ ... ယွန်းအုပ်ပြောနေတာတွေ မင်းကြားရဲ့လား။ သူ ပြောတာ အမှန်ပဲလား"

"ဟုတ်ပါတယ်"

မောင်ခရဲ့ ဝန်ခံသံသည် ... လေးနက် ခိုင်မာနေသည်။ ဒေါ်ဇင်မိုးနွယ် အံ့အားသင့် ငြိမ်တွေသွားရ၏။

ခေါင်းထဲမှာလည်း အတွေးမျိုးစုံ ပြေးလွှားနေသည်။

မောင်ခနှုတ်က ဒီလို ဖွင့်ပြောတာကို နားနှင့်ဆတ်ဆတ် ကြားရပြီဆိုတော့လည်း မယုံလို့မရတော့ပါ။

"ကျွန်တော် ယွန်းအုပ်နီကို လက်ထပ်ပါရစေ။ ဖြစ်နိုင်ရင် ခွင့်ပြုပေးပါ အန်တီဇင် ... ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"တီဇင်၊ တီဇင် ခွင့်မပြုဘူးဆိုရင် ယွန်းအုပ်တို့ ပြန်မလာတော့ဘူး။ တစ်နေရာထွက်သွားပြီး လက်ထပ်ကြမယ်"

"ယွန်းအုပ် ... ညည်း အသာနေစမ်း။ ဒါ ညည်းပြောရမယ့် စကားလား ..."

အချစ်နှင့် တွေ့မယ့်တွေ့တော့လည်း အဖြစ်သည်းလှတဲ့ ဖူမဖြစ်သူကို အန်တီဇင် ခပ်ကြိမ်းကြိမ်းဟန့်ရသည်။

"မသိဘူး၊ တီဇင် သဘောတူတယ်ဆိုမှ ပြန်လာမယ်၊ ဒါပဲ"

"ဩော် ဒီကောင်မလေးနှယ်။ ကဲ ... သဘောတူတယ်ပဲ ထားလိုက်၊ အခုချက်ချင်း အိမ်ပြန်လာနော်"

အန်တီဇင်က ချော့ချော့မော့မော့ ဖျောင်းဖျလျှင် ...

ယွန်းအုပ်မျက်နှာလေး ပြုံးမြမြ မချိုမချဉ်ဖြစ်သွားကာ ...

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ..." ဟု ခေါင်းညိတ်လိုက်သည်။

ရှံခက ယွန်းအုပ်ပခုံးလေးကို ဖက်ထားပြီး ... အတူတူ နားထောင်နေတာမို့ သူမ့ အမူအရာလေးကို ချစ်စနိုး ဖြစ်မိကာ ပခုံးနုနုလေးကို ဖိညှစ်ဆုပ်ကိုင်လို့ မျက်နှာချင်း ထိကပ်ထားမိလေသည်။

ရင်ထဲမှာတော့ ... ကိုယ်စီ စိတ်လှုပ်ရှား ရင်ခုန်မြန်နေကြရပါသည်။

**ဆုလေးနွယ်**

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com